# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက် ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၂၈၆)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့ကျင်းပ



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်အစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့ အစုအဖွဲ့အလိုက် အစည်းအဝေးများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

အစိုးရအစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် တတိယနေ့အစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

လွှတ်တော်အစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင် ဦးခွန်မောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

တပ်မတော်အစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဗိုလ်ချုပ်စိုးနိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတတိယနေ့တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစုအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး အတည်ပြုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ စာ » ၄

## ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့ကြသည့် လုပ်ကြံမှုကြီးအတွင်းရေးများနှင့် ဦးစော၏ ကြိုးစင်သို့အသွား ဝန်ခံစကားများ

*အာဇာနည်နေ့အကြိုဆောင်းပါး* စာ » ၆

## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပိတ်ပွဲ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MNTV၊ Skynet Up to Date၊ Skynet တိုင်းရင်းသား၊ Skynet လွှတ်တော်၊ မြဝတီ (MWD)၊ MWD Variety၊ မြန်မာ့အသံရေဒီယို အစီအစဉ်၊ MIR ရေဒီယိုနှင့် MOI Webportal Myanmar၊ MRTV၊ Myanmar Digital News၊ Myanmar President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook စာမျက်နှာများမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ကမ္ဘာကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000647 (Ext: 100-400)
Roche
ACCU-CHEK

# အမျိုးသားစီမံကိန်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု

အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး (၂/၂၀၁၈)ကို ဇူလိုင်လ ၁၃ ရက်နေ့က နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယခုအစည်းအဝေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့မတင်သွင်းမီ ချပြညှိနှိုင်း အတည်ပြုချက်ရယူရန် အစည်းအဝေးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲကျင့်သုံးမည်ဖြစ်ရာ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လတာကာလကို ဘဏ္ဍာရေးနှစ်ပြောင်းလဲရေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော် သမ္မတက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကို ခြုံငုံသုံးသပ်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်း၊ ငွေကြေးအရင်းအနှီး လိုအပ်သည့် စီးပွားရေးအခြေခံလုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်း၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အလားအလာများရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်းရှိ လမ်းကွန်ရက်များ တိုးတက်ကောင်းမွန်လာခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ ငွေကြေးဝန်ဆောင်မှု အမျိုးအစားသစ်များ ဖြစ်ထွန်းလာခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းတွင် နိုင်ငံ၏ GDP ကို ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်မှန်းထားသည်ကို တွေ့ရကြောင်း ထည့်သွင်းပြောကြားသွားပါသည်။

၂၀၁၈ ခုနှစ် ဧပြီလအတွင်းက ထုတ်ပြန်ခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ် **(ADB)** ၏ မြန်မာနိုင်ငံဆိုင်ရာသုံးသပ်ချက်တွင်လည်း ၂၀၁၇ ခုနှစ်အတွင်းက မြန်မာ့ **GDP** ဖွံ့ဖြိုးနှုန်းသည် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းခဲ့ကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဖော်ဆောင်နေသည့်အတွက် ဖွံ့ဖြိုးမှုသည် ၂၀၁၇ ခုနှစ်အတွင်း တည်ငြိမ်မှုရှိပြီး ၂၀၁၈ ခုနှစ်တွင်လည်း ဆက်လက်အရှိန်အဟုန်မြင့် တိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းခွင်အနေအထားများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရမည်ဖြစ်ပြီး ပေါ်လစီချမှတ်သူများအနေဖြင့် စာရင်းရှင်လိုငွေကို ဖြည့်စွက်ရန်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိကြောင်း ဖော်ပြထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်ကုန်က ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာရင်းဇယားများအရ ၂၀၁၇ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ခွင့်ပြုငွေဒေါ်လာသန်းပေါင်း ၄၉၆၀ ဒသမ ၃၃ အနက် အမှန်တကယ်ဝင်ရောက်မြှုပ်နှံမှုမှာ ဒေါ်လာသန်းပေါင်း ၃၅၀၀ ဒသမ ၀၀ ရှိခဲ့ရာ ခွင့်ပြုပမာဏ၏ ၇၃ ဒသမ ၁၆ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမှန်တကယ်ဝင်ရောက်ခဲ့သော ပမာဏများမှာ ၂၀၁၂-၂၀၁၃ခုနှစ်က ၄၉၆ ဒသမ ၉၀ သန်း၊ ၂၀၁၃-၂၀၁၄ခုနှစ်က ၅၈၄ ဒသမ ၃၀ သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်က ၂၅၇၆ ဒသမ ၂၅ သန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်က ၂၈၂၄ ဒသမ ၄၈ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်က ၂၉၈၉ ဒသမ ၄၉ သန်းသာရှိခဲ့ရာ ၂၀၁၇-၂၀၁၈ သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့သောနှစ်ဖြစ်သည်ကို တွေ့နိုင်ပါသည်။ ယခင်နှစ်များက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပမာဏများ ဖောင်းပွနေခဲ့သော်လည်း အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၇-၂၀၁၈ ကို မမီသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် **ADB** ၏ ခန့်မှန်းမှုများတွင် **GDP** ဖွံ့ဖြိုးမှုကို ၂၀၁၈ တွင် ၆ ဒသမ ၈ ခန့်မှန်းပြီး ၂၀၁၉ တွင် ၇ ဒသမ ၂ အထိ ခန့်မှန်းပါသည်။ ငွေဖောင်းပွနှုန်းတွင် ၂၀၁၈ တွင် ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၉ တွင် ၆ ရာခိုင်နှုန်း။ ဘတ်ဂျက်လိုငွေနှင့် **GDP** အချိုးကို ၂၀၁၈ တွင် -၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၁၉ တွင် -၅ ဒသမ ၅ ရာခိုင်နှုန်းသာ ခန့်မှန်းထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းတွင် နိုင်ငံ၏ **GDP** ကို ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းခြင်းသည် ဖြစ်နိုင်ခြေရှိသည်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတက စီမံကိန်းများ ရွေးချယ်ရာတွင် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးသည် အရေးကြီးသော်လည်း အမှန်တကယ် လုပ်သင့်လုပ်ထိုက်သည်ကိုရွေးရန်၊ မည်သည့်စီမံကိန်းများသည် နိုင်ငံအတွက် အများဆုံးအကျိုးဖြစ်စေမည်၊ ပြည်သူပြည်သားများ ဘဝမြှင့်တင်ရေးအတွက် အကျိုးဖြစ်စေမည် စသည်တို့ကိုကြည့်၍ ရွေးချယ်စေလိုကြောင်း ပြောကြားသွားရာ လာမည့်နှစ်သည် အမျိုးသားစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ရှေ့တစ်ဆင့် တိုးမြှင့်နိုင်မည့်နှစ်ဖြစ်ကြောင်း မျှော်လင့်ရပါသည်။ ။

# မြကန်သာပန်းခြံတွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု မြောင်းမြမြို့သို့ရောက်ရှိ

**မြောင်းမြ ဇူလိုင် ၁၄**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြကန်သာပန်းခြံ ဗိုလ်ချုပ်ရင်ပြင်တွင် ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို ဇူလိုင် ၁၃ ရက် ညနေပိုင်းက မြောင်းမြမြို့တစ်ဖက်ကမ်း ကွယ်လွယ်မှတစ်ဆင့် ဇက်ရေယာဉ်ဖြင့်ကူးပြီး မြောင်းမြမြို့သို့ ရောက်ရှိလာရာ မြို့ခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက မြို့တွင်းလမ်းတစ်လျှောက် ကြိုဆိုခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို မြောင်းမြမြို့ ဗိုလ်ချုပ်ရုပ်တုဖြစ်မြောက်ရေးအဖွဲ့က စေတနာရှင်ပြည်သူများ ထည့်ဝင်အလှူငွေများဖြင့် မန္တလေးမြို့ တမ္ပဝတီရပ်တွင် အပ်နှံကာ မြောင်းမြမြို့သို့ ဆောင်ယူခဲ့ခြင်းဖြစ်ပြီး (၇၁)နှစ်မြောက် အာဇာနည်နေ့အမီ ဗိုလ်ချုပ်ရင်ပြင်တွင် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဗိုလ်ချုပ်ရုပ်တုက ၁၂ ပေ အမြင့်ရှိပါတယ်။ အပ်နှံခဲ့တာ တစ်နှစ်ခန့်ရှိပါပြီ။ ငွေကျပ်သိန်း ၂၀၀ ကုန်ကျပါတယ်။ (၇၁)နှစ်မြောက် အာဇာနည်နေ့အမီ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့တာပါ"ဟု ဗိုလ်ချုပ်ရုပ်တု ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာ ဦးအေးသိန်းက ပြောသည်။

"ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုက မြောင်းမြမှာ မရှိခဲ့ဘူး။ အခု နိုင်ငံတော်ရဲ့ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရုပ်တုကို ကိုယ့်မြို့မှာ ရှိနေပြီဆိုတော့ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု မြို့ခံပြည်သူတစ်ဦးက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုကို မြောင်းမြမြို့သူ မြို့သားများက ဆိုင်ကယ်အဖွဲ့များ၊ The Oldest တီးဝိုင်းအဖွဲ့များက မြောင်းမြမြို့ ကမ်းနားလမ်းမှ မြို့တွင်း ဦးဘချိုလမ်းမကြီးအတိုင်း မြကန်သာပန်းခြံ ဗိုလ်ချုပ်ရင်ပြင်အထိ လှည့်လည်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မြောင်းမြ(ပြန်/ဆက်)**

# အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**ကျောက်တန်း ဇူလိုင် ၁၄**



(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုဗဟိုပြုခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ တံတားမြို့ ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးလွင်က အာဇာနည်နေ့နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားအထကမှ အထက်တန်းကျောင်းသား ကျောင်းသူ ၃၀ က အာဇာနည်နေ့နှင့်ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိကို ဖြေဆိုကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# ကျိုင်းတုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အာဇာနည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူ

**ကျိုင်းတုံ ဇူလိုင် ၁၄**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျိုင်းတုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ပြုလုပ်သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် ဆရာ၊ ဆရာမ ၁၆ ဦး၊ ဝန်ထမ်း ခုနစ်ဦးနှင့် ကျောင်းသူ၊ ကျောင်းသား ၂၉ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြပြီး ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**


## ကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင် ဝန်ကြီးများရုံး)သို့ လာရောက်သည့် အများပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ အနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်ခြင်းမပြုရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်-

- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ လက်ကိုင်အိတ်အမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- ❖ မီးခြစ်အမျိုးမျိုး



## သတိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေတိဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ် ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့တွင် တပ်မတော်အစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ ကဏ္ဍအလိုက်ရရှိခဲ့သည့် အခြေခံမူများကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အစည်းအဝေး တတိယနေ့တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ အစည်းအဝေး သဘောထားစုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစုအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး အတည်ပြုကြသည်။

နိုင်ငံရေးပါတီအစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းကျော်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။

**အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးတတိယနေ့တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ အစည်းအဝေး သဘောထား စုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစုအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး အတည်ပြုကြသည်။

နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့်စပ်လျဉ်း၍ ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုကဏ္ဍတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု၏ မည်သည့်နိုင်ငံသားကိုမျှ ကျား/မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှု ရှိစေရေးအတွက် မူဝါဒချမှတ်ရမည်ဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ကျား/မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှု ရှိစေရေးအတွက် မူဝါဒချမှတ်ရမည်ဟု တပ်မတော်အစုအဖွဲ့က အဆိုပြုထားကြောင်း။

**မူဝါဒများ ချမှတ်အကောင်အထည်ဖော်**

ထို့ပြင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတွင် ကျား/မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ကျား/မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဟု တပ်မတော်အစုအဖွဲ့က အဆိုပြုထားကြောင်း သိရသည်။

စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ်ဖော်ဆောင်ခွင့် ရှိရမည်။ ထိုသို့ရေးဆွဲရာတွင် ပြည်ထောင်စုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်းစဉ်းစားရန်ဟု သဘောတူထားကြောင်း သိရသည်။

**သဘောတူအဆိုပြုထား**

လူမှုရေးဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့်စပ်လျဉ်း၍ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် အမျိုးသမီးများ (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရန်၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး(Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်စွာ စီမံဆောင်ရွက်ရန်၊ ကလေးသူငယ်အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု ၆ ချက် (Six Grave Violations) ပပျောက်ရေးကိုဦးတည်၍ စီမံချက်ချမှတ်ဆောင်ရွက်ရန်ဟု သဘောတူအဆိုပြုထားကြောင်း သိရသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့်စပ်လျဉ်း၍ အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများကဏ္ဍတွင် နိုင်ငံတွင်းရှိ မြေယာများအား နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကိုနိုင်ငံတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရ ဟု အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များက သဘောတူအဆိုပြုထားကြောင်း။

မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည် ဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို မြေယာကို အသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်းနှင့်ဒေသခံပြည်သူလူထုနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည် ဟု အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် အစုအဖွဲ့တို့က သဘောတူအဆိုပြုထားကြောင်း သိရသည်။

ယနေ့ကျင်းပသည့် စတုတ္ထနေ့အစည်းအဝေးတွင် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အထက်ဖော်ပြပါအချက်များနှင့် သဘောထားကွဲလွဲမှုရှိသည့် အချက်များကို သက်ဆိုင်ရာအစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးအတည်ပြုကြကြောင်း သိရသည်။ ။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစ၍ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ရှမ်း၊ “ဝ”၊ ကချင်၊ကယား ဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက်မှစ၍ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ နံနက် ၁၀ နာရီအထိ ချင်း (ချိုး) ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိ “ဝ”ဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၈ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၁၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲနှင့် ပုံဆက်ပြိုင်ပွဲများကျင်းပ

**ဟုမ္မလင်း ဇူလိုင် ၁၄**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲနှင့် ပုံဆက်ပြိုင်ပွဲများကို ယမန်နေ့က ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပုံတူပန်းချီပြိုင်ပွဲ အလယ်တန်းအဆင့် ၄၈ ဦး၊ အထက်တန်းအဆင့် ၄၀ နှင့် မူလတန်းအထက်ဆင့် ပုံဆက်ပြိုင်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**မကွေး ဇူလိုင် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိုးစားပြီး စေတနာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ်များမှာ မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး လွှတ်တော်၊ မင်းဘူးမဲဆန္ဒနယ်အမှတ်(၂)အပါအဝင် စုစုပေါင်း ၁၃ နေရာဖြစ်ကြောင်း။

**ပွင့်လင်းမြင်သာစွာဆောင်ရွက်**

ယခုအခါ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအနေဖြင့် သက်ဆိုင်ရာ လစ်လပ်မဲဆန္ဒနယ်များအလိုက် အမည်စာရင်း တင်သွင်းကြပြီးဖြစ်၍ စိစစ်၊ အတည်ပြုခြင်း လုပ်ငန်းစဉ်ကို တာဝန်ယူဆောင်ရွက်ကြသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများအနေဖြင့် ဥပဒေ၊နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ထို့အတူ ကြိုတင်မဲပေးခြင်း၊ မဲရုံများ၌ မဲပေးခြင်းလုပ်ငန်းစဉ်များ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရလဒ်များရေတွက်ခြင်း၊ ကပ်ထားကြေညာခြင်း လုပ်ငန်းစဉ်များကိုလည်း ပွင့်လင်းမြင်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည့်အခါ အဆင့်ဆင့်ကိုယ်စီတာဝန်ယူမှု တာဝန်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် အောင်မြင်သည့်ရလဒ်ကို ရရှိမည်ဖြစ်ပါကြောင်း။ ရွေးကောက်ပွဲလုပ်ငန်းများကို ကော်မရှင်တစ်ခုတည်း ဆောင်ရွက်ရခြင်းမဟုတ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် မဲဆန္ဒရှင်ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။ အားလုံးတက်ညီလက်ညီနှင့် မှန်မှန်ကန်ကန် ပူးပေါင်းကူညီ ဆောင်ရွက်ကြမှသာလျှင် ပြည်သူများ လက်ခံယုံကြည်သော တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အဖွဲ့ဝင်အသစ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်စာအုပ်များကို ပိုမိုလေ့လာထားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများသည် ဒီမိုကရေစီနိုင်ငံများ၏ အခြေခံဖြစ်သလို နိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး၊ မဏ္ဍိုင်ကြီး (၃)ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ဖြစ်သည်နှင့်အညီ လုပ်ငန်းစဉ်များကိုလည်း တရားမျှတမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အများယုံကြည်လက်ခံရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများ အားလုံးအနေဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် အဓိကမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အတွင်းရေးမှူး ဦးစိုးထွဋ်ဦးက တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ရသေ့တောင်မဲဆန္ဒနယ်စစ်ဆေး



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးထွန်းခင်နှင့် တာဝန်ရှိသူများ ရသေ့တောင်မြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မြေတွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ ဇူလိုင် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးထွန်းခင်သည် ယနေ့နံနက်ပိုင်းက ပြည်နယ်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ရသေ့တောင်မြို့နယ်၌ လာမည့်နိုဝင်ဘာလတွင် ကြားဖြတ်ရွေးကောက်ပွဲ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးထွန်းခင်သည် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရသေ့တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရသေ့တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိတ်ဆက်စကားပြောကြားပြီး ရသေ့တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖြူထွန်းသာက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ရသေ့တောင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မြေရှိ မဲရုံများသို့ သွားရောက်ကာ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်မြေအမှတ် ၂ မှ လစ်လပ်သွားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် အဆိုပါရွေးကောက်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ၎င်းမဲဆန္ဒနယ်မြေအတွင်း မဲပေးနိုင်ခွင့်ရှိသူ စုစုပေါင်း ၅၁၄၆၉ ဦးရှိပြီး မဲရုံပေါင်း ၈၆ ခုတွင် ဆန္ဒမဲပေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# ရောဝတီတံတား(မကွေး) သံပေါင်တိုင်တစ်ခုလှုပ်ရှားမှု ဖြတ်သန်းသွားလာရေးအတွက် စိုးရိမ်ဖွယ်မရှိသေး

**မကွေး ဇူလိုင် ၁၄**

ဧရာဝတီမြစ် အရှေ့ခြမ်း၊ အနောက်ခြမ်း ဒေသများကို ဆက်သွယ်ပေးထားသော ဧရာဝတီတံတား(မကွေး)၏ တံတားတိုင် P-4 နှင့် P-5 အကြား ရေစွန်းဘက်အခြမ်း Vertical ခြောက်တိုင်မြောက် သံပေါင်တိုင် လှုပ်ခတ်နေသည့် ဗီဒီယိုဖိုင် လူမှုကွန်ရက်၌ ပျံ့နှံ့နေမှုအပေါ် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တံတားအထူးအဖွဲ့များက ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် စစ်ဆေးခဲ့ပြီး ဖြတ်သန်းသွားလာနေမှုများအတွက် စိုးရိမ်စရာမရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်ရောက်တဲ့ အချိန်မှာတော့ လှုပ်တာမတွေ့ရဘူး။ ဒါကိုစောင့်ကြည့်နေပါတယ်။ ရုံးချုပ်က တိုင်းတာရေးအဖွဲ့တွေ လာနေပြီ။ ဒီနေ့စစ်ဆေးမယ်။ ပုံမှန်အတိုင်း ကားအသွားအလာအရတံတားလှုပ်တာတော့ရှိတယ်။ ခုဟာက ဘာတီကယ်တစ်တိုင်တည်း ခါနေတာကို လူမှုကွန်ရက်မှာ တင်ထားတာတွေ့တဲ့အတွက် အဲဒါကိုစောင့်ကြည့်နေပါတယ်။ စစ်ဆေးရေးအဖွဲ့တွေနဲ့ တံတားတိုင်တွေရဲ့ Level တွေ ဖတ်ကြည့်မယ်။ သံပေါင်တွေရဲ့ Stress တွေကို တိုင်းမယ်။ လောလောဆယ် မျက်မြင်တွေ့ရတဲ့ ဘုတ်နပ်တွေ၊ တံတားပတ်ဝန်းကျင်က အခြေအနေတွေကို စစ်နေပါတယ်။ ဖြတ်သန်းသွားလာရေးအတွက် စိုးရိမ်စရာတော့ မရှိသေးပါဘူး"ဟု တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးမောင်မောင်ညွန့် က ပြောသည်။

ဧရာဝတီတံတား(မကွေး) အား ဆာဗေးလုပ်ဆောင်သွားရန်ရှိပြီး အရည်အသွေးစစ်ဆေးသည့် QC အဖွဲ့များနှင့် စစ်ဆေးလိုက်ပါက မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဆိုသည့် အဖြေပေါ်လာမည်ဖြစ်ပြီး ဖြစ်ပျက်ခဲ့သည့်အခြေအနေများအား တံတားဦးစီးဌာန MOC ဝက်ဘ်ဆိုက်မှ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာချုပ်ထံမှ သိရသည်။

"ညနေပိုင်းဆိုရင် တံတားပေါ်မှာ လမ်းလျှောက်နေကြပါ။ တိုင်လှုပ်တာတွေ့တာ တစ်ပတ်လောက်ရှိပါပြီ။ တစ်ခါတလေ အသွား၊ တစ်ခါတလေ အပြန်မှာ လှုပ်နေတာတွေ့တယ်။ ပြီးခဲ့တဲ့ သုံးရက်လောက်က တိုင်ကလှုပ်နေတာ ဘာမှန်းမသိဘူးဆိုပြီး တံတားရဲသွားခေါ်ပြီး ပြခဲ့ပါတယ်။ အမြဲတမ်းကြီး လှုပ်နေတာမျိုးတော့ မဟုတ်ဘူး။ ငြိမ်သွားလိုက် ပြန်လှုပ်လိုက်နဲ့။ ဗီဒီယိုရိုက်ဖြစ်တဲ့နေ့ကတော့ တော်တော်လေးကိုလှုပ်လို့ ရိုက်ထားမိတာပါ။ အသွားအလာရှင်းနေတုန်းမှာကို လှုပ်တာပါ။ ဘေးတိုင်တွေလည်း မလှုပ်ဘူး။ ဒီတစ်တိုင်တည်း လှုပ်နေတာပါ။ ပြင်စရာရှိရင်လည်း စောစောပြင်ပြီး အချိန်ကုန်ငွေကုန် သက်သာမယ်။ ရှောင်ရမယ်ဆိုရင်လည်း ရှောင်လို့ရအောင် ဗီဒီယိုဖိုင်တင်လိုက်တာပါ"ဟု လူမှုကွန်ရက်တွင် ဗီဒီယိုဖိုင်ဖြင့် တင်ပြအသိပေးခဲ့သူ မကွေးမြို့ ပွဲကြိုရပ်ကွက်နေ ကိုမိုးက ရှင်းပြသည်။

ဧရာဝတီတံတား(မကွေး)မှာ ပင်မတံတား ၆၉၆၉ ပေ ၊ ချဉ်းကပ်တံတား ပေ ၂၀၂၀ စုစုပေါင်းတံတားအရှည် ၈၉၈၉ ပေအရှည်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၃၆၀၊ အမြင့် ၅၇ ပေ ရှိကြောင်း ၊ တံတားအပေါ်ထည်၌ သံမဏိသံပေါင်၊ ကြိုးတင်အားဖြည့်ကွန်ကရစ်၊ သံကူကွန်ကရစ်၊ အောက်ထည်၌ သံကူကွန်ကရစ်တိုင်၊ ပင်မတံတားအုတ်မြစ်မှာ ၁ ဒသမ ၈ မီတာအချင်းရှိ သံကူကွန်ကရစ် လွန်တူးပိုင်၊ ချဉ်းကပ်တံတားအုတ်မြစ်မှာ ၁ ဒသမ ၅ မီတာ၊ ၁ ဒသမ ၆၇ မီတာ အချင်းရှိ သံကူကွန်ကရစ် လွန်တူးပိုင်တို့ဖြင့် တည်ဆောက်ဖွဲ့စည်းထားကြောင်း၊ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြင့် ဖြတ်သန်းခွင့်ပြုထားပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တည်ဆောက်ပြီးစီးကာ နိုဝင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**



# အစိုးရနှင့် မြန်မာပြည်မြောက်ပိုင်းခုနစ်ဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး ဖွင့်ပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့တို့သည် နိုင်ငံတော်အစိုးရနှင့် မကြာခင်ပြန်လည်တွေ့ဆုံမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီခွဲက Horizon Lake View ဟိုတယ်မှ နေပြည်တော်လေဆိပ်သို့ ပြန်လည်မထွက်ခွာမီ KIO (ကချင်လွတ်မြောက်ရေးအဖွဲ့) ဒုတိယဥက္ကဋ္ဌ အက်စ်ဂွမ်မော်က ပြောကြားသည်။

KIO ဒုတိယဥက္ကဋ္ဌ အက်စ်ဂွမ်မော် က "ကျွန်တော်တို့ ခုနစ်ဖွဲ့လုံး ပြန်ပါပြီ။ နောက်ပြန်လာနိုင်ဖို့ ကြိုးစားပါမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ဆက်ပြီးရှိမှာပါ။ ဒီဘက် (အစိုးရ၊ တပ်မတော်)ကနေ ပို့လိုက်တဲ့သတင်းတွေ ကျွန်တော်တို့ အကုန်လုံး ယူသွားပါပြီ။ သေချာဆွေးနွေးပါမယ်"ဟု ပြောကြားခဲ့သည်။

**တက်ရောက်ခဲ့**

မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှု၊ အစိုးရနှင့် တပ်မတော်တို့၏ဖိတ်ခေါ်မှုကြောင့် ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်က နေပြည်တော်သို့ ရောက်ရှိ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

UWSA ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ အန်းမေက "ငြိမ်းချမ်းရေး ကော်မရှင်က ကျွန်တော်တို့ အဖွဲ့အားလုံးကို တရားဝင်တွေ့ဆုံတယ်ဆိုတော့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး လမ်းစဉ် ပထမခြေလှမ်းကို ယူလိုက်တယ်လို့ မြင်ပါတယ်။ ပြန်လည်တွေ့ဆုံဖို့က နောက်မှ အချိတ်အဆက်လုပ်ပြီးတွေ့ပါမယ်"ဟု ပြောသည်။

**သီးခြားစီတွေ့ဆုံခဲ့**

နေပြည်တော်သို့ ရောက်ရှိလာသော မြန်မာနိုင်ငံမြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့အား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့ကလည်း တရားဝင်သွားရောက်တွေ့ဆုံခဲ့သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကလည်း မြောက်ပိုင်းခုနစ်ဖွဲ့အား ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တွင် သုံးဖွဲ့၊ လေးဖွဲ့စီခွဲ၍ သီးခြားစီတွေ့ဆုံခဲ့သည်။

AA၊ MNDAA နှင့် TNLA သုံးဖွဲ့ NCA သို့ ပါဝင်လာနိုင်ရေးအတွက် ညီလာခံ တတိယအစည်းအဝေးအပြီးတွင် ညှိနှိုင်းသွားမည်ဖြစ်သော်လည်း KIA၊ UWSA၊ NDAA ၊ SSPP တို့နှင့် တန်းတူဆွေးနွေးမည် မဟုတ်ဘဲ ပုံစံတစ်မျိုးဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားထားပြီး အစိုးရနှင့် မြန်မာပြည်မြောက်ပိုင်းခုနစ်ဖွဲ့တို့ တရားဝင်တွေ့ဆုံမှု၊ အလွတ်သဘော ဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**



မြောက်ပိုင်းခုနစ်ဖွဲ့မှ ကိုယ်စားလှယ်အချို့အား Horizon Lake View ဟိုတယ်တွင် တွေ့ရစဉ်။

# ငြိမ်းချမ်းရေးကို နှလုံးသားနဲ့ စကားပြောပေးကြပါ။

**မိကျိုကျဲညီ၊ မွန်အမျိုးသားပါတီ**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (တတိယအစည်းအဝေး) စတုတ္ထနေ့အစီအစဉ်များကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ တွင် ယနေ့ဆက်လက်ကျင်းပလျက်ရှိပြီး အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ ဆောင်ရွက်ကြသည်။**



နော်ခင်သန်းညွှန့်၊ ကရင်ပြည်သူ့ပါတီ
နိုင်ငံရေးပါတီအစုအဖွဲ့



မိကျိုကျဲညီ၊ မွန်အမျိုးသားပါတီ
နိုင်ငံရေးပါတီအစုအဖွဲ့



ဦးရာပွေး
တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့

ယနေ့တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ်များက မူဝါဒအဆိုပြုလွှာများအပေါ် ယမန်နေ့က သဘောတူညီမှုရရှိပြီးဖြစ်သော အချက်များအား အစုအဖွဲ့သဘောထားများ စုစည်းမှုပုံစံဖြင့် ပြန်လည်ဆွေးနွေးညှိနှိုင်းကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်အချို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**နော်ခင်သန်းညွှန့်၊ ကရင်ပြည်သူ့ပါတီ**
**နိုင်ငံရေးပါတီအစုအဖွဲ့**

ကျွန်မတို့က နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲမှာ ဆွေးနွေးတာပါ။ မနေ့ကစပြီးတော့ နိုင်ငံရေးကဏ္ဍမှာ အဖွဲ့လိုက်ဆွေးနွေးကြတယ်။ ဆွေးနွေးကြတဲ့အခါ ကိုယ့်ပါတီကလည်း ကိုယ်လိုချင်တာရှိတယ်။ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ခိုင်မာတဲ့ ဥပဒေတွေလိုချင်တယ်။ ချမှတ်ချင်တယ်။ နောက်ပြီး EAOs တွေကလည်း ကိုယ့်ဒေသတွေမှာရှိတဲ့ ခံစားနေရတဲ့ အခြေအနေတွေကို ထည့်ပြီးတော့ ဆွေးနွေးကြတယ်။ ဒါပေမယ့် နောက်ဆုံးအားလုံး ညှိနှိုင်းလိုက်တဲ့အခါမှာတော့ EAOs တွေ ပြောတဲ့အချက်တွေရော နိုင်ငံရေးပါတီအစုအဖွဲ့တွေရော ပထမအဆိုပြုထားတဲ့ အချက်တွေကိုပဲ အတည်ပြုလိုက်ကြပါတယ်။ အချက်လေးချက်မှာအားလုံးပဲ သဘောတူညီမှုရရှိပါတယ်။ ကျန်တဲ့တစ်ဖွဲ့နဲ့တော့ ဒီနေ့မှာ ဆက်ဆွေးနွေးနေကြပါတယ်။ အားလုံးကလည်းပဲ အဆိုပြုလွှာမှာပါတဲ့ အချက်တွေအားလုံးကို ထောက်ခံကြပါတယ်။ ဒီနေ့မှာတော့ အဆင်ပြေပြေ ချောချောမောမောပါပဲ။

NCA အပေါ် မျှော်လင့်တာကတော့ အများကြီးမျှော်လင့်ထားတယ်။ ဒါပေမယ့် အခက်အခဲတွေလည်း အများကြီးရှိနေပါသေးတယ်။ အတ္တအစွဲလေးတွေကို နည်းနိုင်သမျှ နည်းအောင်လုပ်ပြီး လိုချင်တဲ့ပန်းတိုင်ကတော့ ရောက်လာမှာပါ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းဖို့အတွက်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိဖို့၊ တစ်ယောက်နဲ့ တစ်ယောက်က နည်းနည်းပါးပါး လျှော့ရမှာပါ၊ ဟိုဘက်ကလည်း နည်းနည်းလျှော့၊ ဒီဘက်ကလည်း နည်းနည်းလျှော့ပြီးတော့ သူ့ဆီကို ကျူးကျော်တာလည်းမရှိနဲ့ ကိုယ့်သဘောတူညီချက်ကိုလည်း လက်ခံဆိုပြီး နေလိုက်မယ်ဆိုရင်တော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်နေမှာပါ။ သူများနိုင်ငံတွေ တိုးတက်တယ်ဆိုတာလည်း အားလုံးစည်းလုံးလို့ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံကိုလည်း စည်းလုံးစေချင်တယ်။ တိုင်းရင်းသားအားလုံး မစည်းလုံးသေးသရွေ့ တိုင်းပြည်ကြီး တိုးတက်ဖို့ မလွယ်ဘူး။ အခုအခက်အခဲတွေ ရှိတယ်ဆိုတာကလည်း နောက်ဆုတ်ဖို့ မဟုတ်ဘူး။ အဆင်အပြေဆုံး ညှိနှိုင်းအဖြေရှာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မိကျိုကျဲညီ၊ မွန်အမျိုးသားပါတီ**
**နိုင်ငံရေးပါတီအစုအဖွဲ့**

နိုင်ငံရေးပါတီအစုအဖွဲ့က ဆွေးနွေးနေတာ သုံးခုလောက်တော့ ပြီးပါပြီ။ နိုင်ငံရေးရယ်၊ စီးပွားရေးရယ်၊ လူမှုရေးရယ်။ မနေ့က အစုအဖွဲ့အလိုက် ဆွေးနွေးတဲ့အတိုင်းပါပဲ။ UPDJC က ချမှတ်ပေးတဲ့ အဆိုပြုလွှာအတိုင်း ရပ်တည်သွားမယ်ဆိုတာပဲ အားလုံးနီးပါးက တစ်သံတည်း အဆင်ပြေတဲ့ အနေအထားရှိပါတယ်။ ကျွန်မတို့ကတော့ အကောင်းဆုံးဖြစ်အောင် မျှော်လင့်ချင်တာပေါ့။ နည်းနည်းတစ်ဆို့နေတာတွေကို မဖြစ်စေချင်ဘူး။ အစုအဖွဲ့တိုင်းက သဘောတူညီချက်တွေလည်း လိုတယ်။ အစုအဖွဲ့တစ်ခုတည်းကနေ ဆုံးဖြတ်လို့မရတဲ့ အချက်တွေဖြစ်တဲ့အတွက်ကြောင့် ရှေ့ဆက်ဖို့ကတော့ အများကြီးရှိနေပါသေးတယ်။ ကျွန်မအမြင်ကတော့ အားလုံးပါဝင်လာဖို့အတွက်က အားလုံးပါဝင်ချင်တဲ့ ဆန္ဒရှိဖို့တော့လိုမယ်။ တစ်ဖက်ကပဲ တင်းခံနေတာမဟုတ်ဘဲနဲ့ အလျှော့အတင်းတွေလုပ်ဖို့တော့ လိုမယ်။ ကျွန်မတို့ မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးကိစ္စဆိုတော့ ငြိမ်းချမ်းရေးကို နှလုံးသားနဲ့ စကားပြောပေးကြပါ။ ကိုယ့်အုပ်စု ရပ်တည်ချက် တစ်ခုတည်းမဟုတ်ဘဲ အားလုံးအဆင်ပြေစေဖို့ နှလုံးသားနဲ့ ပြောကြပါလို့ ပြောချင်ပါတယ်။

**ဦးရာပွေး**
**တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့**

အခုဒီနေ့ အစုအဖွဲ့အလိုက်ဆွေးနွေးပွဲမှာတော့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေ ဆွေးနွေးကြတယ်။ ဒီနေ့ အဓိကဆွေးနွေးတာက ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံသော နိုင်ငံဆိုတဲ့နေရာမှာ မြန်မာဆိုတာကို မထည့်ချင်ကြဘူး၊ တိုင်းရင်းသားတွေက၊ ကျွန်တော့်အမြင်ကတော့ မြန်မာကထည့်ကို ထည့်ရမယ်။ တိုင်းရင်းသားတွေဘက်က လိုချင်တာပဲ ပြောကြတာပဲ။ တပ်မတော်ဘက်က လျှော့လို့မရမယ့်ဟာဆိုတာ မသိဘူး။ တိုင်းရင်းသားဘက်က အနည်းငယ်လျှော့ဖို့ လိုတယ်လို့ မြင်ပါတယ်။ အားလုံးပါဝင်လာဖို့အတွက်ဆိုရင်တော့ တပ်မတော်ဘက်က လက်မလွှတ်နိုင်တဲ့ ကိစ္စတွေကိုတော့ တိုင်းရင်းသားတွေဘက်က နားလည်ပေးဖို့လိုတယ်။ လက်မလွှတ်နိုင်တဲ့ ကိစ္စတွေကို အတင်းကြီးလိုချင်သပလို့ ပြောမယ်ဆိုရင်တော့ ခရီးလမ်းက ဖြောင့်တန်းနိုင်မှာ မဟုတ်ဘူး။

**တွေ့ဆုံမေးမြန်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# လွယ်ဂျယ်မြို့ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**လွယ်ဂျယ် ဇူလိုင် ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ယမန်နေ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရဲလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်၊ နယ်မြေရဲစခန်းမှူး ဒုရဲမှူး မြင့်ထွန်းဦးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြပြီး ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့ကြသည့် လုပ်ကြံမှုကြီးအတွင်းရေးများနှင့် ဦးစော၏ ကြိုးစင်သို့အသွား ဝန်ခံစကားများ

**ဟံသာဝတီ - ဦးအုန်းကြိုင်**

**မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် လွန်စွာအရေးပါလှသော ဖြစ်စဉ်ထုပ္ပတ်အကြောင်းရပ်တို့ကို ပြန်ပြောင်းပြောဆိုရန်မှာ ယခုကျရောက်သော (၇၁)နှစ်မြောက် အာဇာနည်နေ့ ပင်ဖြစ်သည်ဟု ဦးစွာပြောလိုပါသည်။ ကျွန်တော်တို့ကိုယ်တိုင် တွေ့မြင်သိရှိမှတ်သားမိခဲ့သမျှ အကြောင်းအရာတို့ကို အတတ်နိုင်ဆုံး ပြောဆိုတင်ပြရန် အကောင်းဆုံးသောအချိန်သို့ ရောက်သည်ဟုလည်း ယူဆမိပါသည်။ ယခုလိုအချိန်မျိုးမှာမှ မပြောဆိုမတင်ပြနိုင်ခဲ့ပါလျှင် နောင်တွင် ပြောဆိုတင်ပြနိုင်ရန်အတွက် ကျွန်တော့်အဖို့ရာ အချိန်ရှိနိုင်တော့မည်ဟု မထင်ပါ။ အနိစ္စ ဓမ္မ သဘောအရ ဆိုပါသော် နှစ် ၉၀ နီးပါးရှိပြီဖြစ်ပါသော ကျွန်တော်၏ နေဝင်ချိန်ဘဝအခြေအနေမှာ နေ့ညမဟူ တစ်မုဟုတ် တစ်စက္ကန့်တာအတွက် ချုပ်ဆုံးသွားရတော့မည့်အချိန်ပင် ဖြစ်ပါသည်။**

သို့ဖြစ်၍ ကျွန်တော်သိမီခဲ့သမျှ မြန်မာနိုင်ငံတော်၏ သမိုင်းထက်မှ အမည်းကွက် အဖြစ်ဆိုးကြီး၏ ဖြစ်စဉ် ထုပ္ပတ်အကြောင်းရပ်တို့ကို ရင်နာနာသတိရ မှတ်မိသမျှ ဖွင့်ဆိုထုတ်ဖော်ပြောဆိုတင်ပြလိုပါသည်။ ဤသို့ ထုတ်ဖော်ပြောဆိုတင်ပြရာတွင် မည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေလိုသည့်၊ ရှုတ်ချပြစ်တင်လိုသည့် စေတနာ ဆန္ဒဟူ၍ ကျွန်တော့်တွင် စိုးစဉ်းမျှ မပါရှိပါကြောင်း ရိုးသားစွာ ပြောပါရစေ။

**မြန်မာ့သမိုင်းကို မြန်မာတို့ မပြောသမျှ မသိနိုင်**

မြန်မာ့သမိုင်းကို ထိုခေတ်များတွင် ပါဝင်ခဲ့သော မြန်မာတို့ ကိုယ်တိုင်မရေးသေးသမျှ၊ မပြောသေးသမျှ သမိုင်းဆိုင်ရာ အမှန်တရားများသည် ပီပြင်စွာ ပေါ်ထွက်လာမည်မဟုတ်သလို တိကျသေချာသိရှိနားလည်နိုင်ကြမည်လည်း မဟုတ်ပေဟု ဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော် ရေးသားပြုစုသည့် "မြန်မာ့ပြည်တွင်းအောင်မြင်မှုကြီး" အမည်ရှိ စာအုပ်တွင် ဖော်ပြခဲ့ပါသည်။

**၁၉၄၇ ဇူလိုင် ၁၉ စနေနေ့**

ဗမာ့တပ်မတော်သေနာပတိဘဝမှ နုတ်ထွက်ပြီးခါစဖြစ်၍ အရပ်ဝတ်အရပ်စား ရွှေဖလားရောင် ဇန်ကောက်လုံချည်၊ အဝါနု ဖျော့ဖျော့ တိုက်ပုံအင်္ကျီ၊ ညှပ်ခါစခေါင်းတို့ဖြင့် သပ်ရပ်လှပနေသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန် ကန်တော်ကြီးစောင်းအနီးရှိ နေထိုင်ရာ စိမ်းလန်းစိုပြည်လှသည့် တာဝါလိန်းနေအိမ်မှ ကိုယ်ရေးအရာရှိ ဗိုလ်ထွန်းလှ မောင်းနှင်သော ကားဖြင့် လိုက်ပါလျက် ထွက်ခွာလာခဲ့သည်။ ဗိုလ်ချုပ်မှာ အသက် ၃၂ နှစ်အရွယ်သာရှိသေးသည်။ မြန်မာ့လွတ်လပ်ရေးဗိသုကာ မြန်မာ့အမျိုးသားရေးလှုပ်ရှားမှုကြီး၏ ခေါင်းဆောင်ကြီးနှင့် ဗြိတိသျှအစိုးရမြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီ ဒုတိယဥက္ကဋ္ဌ လွတ်လပ်ရေးအကြိုခေတ်အစိုးရအဖွဲ့၏ နန်းရင်းဝန် (ဝန်ကြီးချုပ်)တစ်ဦးဖြစ်ပါသည်။

**လွတ်လပ်ရေးအကြိုစည်းဝေးပွဲ**

ဗိုလ်ချုပ်နှင့် မရှေးမနှောင်းမှာပင် ကက်ဘိနက်အဖွဲ့ဝင် ဝန်ကြီးများလည်း ရောက်လာကြပါသည်။ မြန်မာနိုင်ငံအချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်သည့်အလျောက် ကိုလိုနီအုပ်ချုပ်ရေးစနစ်အောက်မှ အပြီးအပိုင် လွတ်မြောက်ရန်မှာ ခြောက်လမျှပင် မဝေးတော့သည့် အချိန်ဖြစ်ပါသည်။ ထိုနေ့က အစည်းအဝေးပွဲမှာ မကြာမီ လွတ်လပ်တော့မည့် လွတ်လပ်ရေးအကြိုပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်နိုင်ရန် စီမံကိန်းများပြင်ဆင်ရေးဆွဲကြသည့် အစည်းအဝေးတစ်ရပ်ဖြစ်ပါသည်။

**သေကံမရောက်သူ သခင်နု**

ထိုအချိန်တွင် လူသတ်သမားတစ်ယောက်(ဘညွန့်)သည် အတွင်းဝန်များရုံးအတွင်းရှိ တိုင်းပြုပြည်ပြုလွှတ်တော် (Constituent Assembly) ဥက္ကဋ္ဌဖြစ်သူ သခင်နု (နောင်ဝန်ကြီးချုပ်ဦးနု)အား သတ်ရန်တာဝန်ပေးခံထားရသူဖြစ်သည့်အလျောက် ဗဟိုအဆောက်အအုံကြီးအတွင်း အလယ်ခေါင်တွင်တည်ရှိသည့် မြင့်မားလှသောကုန်းသဏ္ဍာန် အမိုးများအောက်မှ ပေါင်းကူးလမ်းမ (High-arched through way)တစ်လျှောက် ဖြတ်လျှောက်လျက် သခင်နု၏ ပါလီမန်ဥက္ကဋ္ဌရုံးခန်းအနီး ကပ်လျက်ကြည့်ရာ သခင်နုကို မတွေ့၍ ပြန်လှည့်ထွက်သွားလေသည်။ (ထိုနေ့က သခင်နု နေမကောင်း၍ ရုံးမတက်နိုင်ပေ)။

**ပစ်ကြခတ်ကြလုပ်ကြံကြလေပြီ**

နံနက် ၁၀ နာရီခွဲတွင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် ဦးအုန်းမောင် ရောက်ရှိလာပြီး အစည်းအဝေးသို့ ဆောင်ရွက်ရန် ကိစ္စရပ်များကို အစီရင်ခံတင်ပြနေပါသည်။ ထိုအချိန်တွင် ရုံးလုလင်မောင်သောင်းစိန် စောင့်ကြပ်လျက် ယင်းတစ်ပေါက်တည်းသာ ဖွင့်ထားသော တံခါးပေါက်မှ ဗြိတိသျှအမှတ်(၁၂) တပ်မတံဆိပ် တပ်ဆင်ထားသော စစ်ယူနီဖောင်းဝတ်၊ လက်နက်ကိုင် လေးယောက်တို့ အပြေးဝင်ရောက်လာပြီး ဝန်ကြီးများအား သေနတ်များဖြင့် ချိန်ရွယ်ကာ "ဟေ့... မထနဲ့၊ မပြေးနဲ့... ငြိမ်ငြိမ်နေ" ဟု ရှေ့ဆုံးမှ လူသတ်သမားက ဟစ်အော်လိုက်စဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ရုတ်ခြည်း ထရပ်လိုက်ပြီး လက်တစ်ဖက်ကို မြှောက်၍ စကားပြောဆို တားမြစ်လိုက်သည်တွင် "ဟေ့ - ပစ် ပစ် ပစ်" ဟူသော အမိန့်ပေးသံနှင့်အတူ သေနတ်သံများ ဆူညံစွာထွက်ပေါ်သွားပြီးနောက် အစည်းအဝေး ခန်းမကြီးတစ်ခုလုံး မီးခိုးများ ဖုံးလွှမ်းသွားလေတော့သည်။

**မမြင်ရက် မရှုရက်စရာမြင်ကွင်း**

လုပ်ကြံခံလိုက်ရသောအချိန်မှာ နံနက် ၁၀ နာရီ ၃၇ မိနစ်ဖြစ်သည်။ နံစော်ညှီဟောင်လှသည့် သေနတ်ယမ်းခိုးယမ်းငွေ့ အခိုးအလျှံများသည် ခန်းမကြီးအပြည့်ဖြစ်နေသော်လည်း ယင်းအခိုးအလျှံတို့အကြားမှ လုပ်ကြံခံလိုက်ကြရရှာသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ မမြင်ရက် မရှုရက်စရာ ခန္ဓာကိုယ်များကို အထင်းသားမြင်တွေ့နေကြရပါသည်။

"စစ်ယူနီဖောင်းဝတ်၊ လက်နက်ကိုင် လေးယောက်တို့ အပြေးဝင်ရောက်လာပြီး ဝန်ကြီးများအား သေနတ်များဖြင့် ချိန်ရွယ်ကာ "ဟေ့... မထနဲ့၊ မပြေးနဲ့... ငြိမ်ငြိမ်နေ"ဟု ရှေ့ဆုံးမှ လူသတ်သမားက ဟစ်အော်လိုက်စဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ရုတ်ခြည်း ထရပ်လိုက်ပြီး လက်တစ်ဖက်ကို မြှောက်၍ စကားပြောဆို တားမြစ်လိုက်သည်တွင် "ဟေ့ - ပစ် ပစ် ပစ်" ဟူသော အမိန့်ပေးသံနှင့်အတူ သေနတ်သံများ ဆူညံစွာထွက်ပေါ်သွားပြီးနောက် အစည်းအဝေး ခန်းမကြီးတစ်ခုလုံး မီးခိုးများ ဖုံးလွှမ်းသွားလေတော့သည်"

ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးအရာရှိဖြစ်သူ ဗိုလ်ထွန်းလှသည် ယင်းအစည်းအဝေးခန်းမထဲသို့ ပထမဆုံးရောက်ရှိလာသူဖြစ်ပါသည်။ ခန်းမထဲတွင် အသက်မသေ မထိမခိုက်ကျန်နေရစ်သော ဝန်ကြီးဦးဇဂျမ်း၊ ဝန်ကြီးပျော်ဘွယ်ဦးမြ၊ အတွင်းဝန် ဦးရွှေဘော်တို့နှင့် ထိုအချိန်က ရဲချုပ်ဦးထွန်းလှအောင်တို့ ခန်းမထဲသို့ ရောက်ရှိလာကြသည်။

**ခေါင်းဆောင်ကြီးများ၏ မြင်ကွင်း**

အစည်းအဝေးခန်းမကြီးအတွင်းဝယ် စားပွဲ၊ ကုလားထိုင်များမှာ ဖောက်ထိုးမှောက်ခုံဖြစ်လျက် ပြန့်ကျဲနေပြီ။ အင်္ဂလိပ်စာလုံး "U " ပုံသဏ္ဍာန်စာလုံးပြောင်းပြန်ပုံ စားပွဲခုံရှည်ကြီး ဘေးပတ်လည်တစ်ဝန်း ကြမ်းပြင်ပေါ်တွင် သွေးများရွှဲရွှဲစိုကာ အိုင်ထွန်းနေသည်။ ဗမာ့လွတ်လပ်ရေးဖခင်ကြီး၊ မြန်မာတစ်မျိုးသားလုံး၏ ကျေးဇူးရှင်ခေါင်းဆောင်ကြီး ဖက်ဆစ်တော်လှန်ရေးသူရဲကောင်း မဟာသူရဲကောင်း ဗိုလ်ချုပ်ကြီး (Great Supremo) အောင်ဆန်းမှာ ဒဏ်ရာ ၁၃ ချက်ဖြင့် အသက်ဆုံးပါးလျက် ကြမ်းပြင်ပေါ်တွင် လဲလျောင်းလျက်ရှိနေပြီ။ ကျဆုံးချိန်တွင် အသက် ၃၂ နှစ်သာ ရှိချေသေးသည်။ ခေါင်းဆောင်ကြီးသခင်မြ ၄၉ နှစ်မှာ အဆုတ်ကို ကျည်ဆန်များ ဖောက်ထွင်းသွားသည့်ဒဏ်ကြောင့် စားပွဲခုံကြီးအောက် သွေးအိုင်ထဲတွင် လဲလျောင်းသေဆုံးနေလေသည်။ ဝန်ကြီးဦးရာဇတ် ၄၉ နှစ်မှာ သေနတ်ဒဏ်ရာ ခြောက်ချက်၊ ဗိုလ်ချုပ်အစ်ကို ဝန်ကြီး ဦးဘဝင်း ၄၆ နှစ် ဒဏ်ရာ ရှစ်ချက်၊ ဝန်ကြီးမန်းဘခိုင် ၄၃ နှစ် ဒဏ်ရာ ၁၅ ချက်။ ထိုခေါင်းဆောင်ကြီးသုံးဦးစလုံး ခန္ဓာကိုယ်ကြီးများ ထိုင်ခုံရှေ့သို့ ငိုက်စိုက်ကျလျက် ကျဆုံးနေကြပြီဖြစ်သည်။

**အဓိကပစ်မှတ်မှာ ဗိုလ်ချုပ်ဖြစ်နေခြင်း**

ထိုသို့ မသမာသူများက ပစ်ခတ်လုပ်ကြံကြရာတွင် အထူးသတိပြုစရာကောင်းသည်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် လူသတ်သမားတို့၏ အဓိကပစ်မှတ် ဖြစ်ခဲ့ရခြင်းဖြစ်သည်။ စကားပြောရန် ကြိုးပမ်းခိုက် ဗိုလ်ချုပ်အား မဲပြီး ဦးစွာ ပစ်ခတ်ကြသည်။ ပြီးသည့်အခါတွင်မှ ဗိုလ်ချုပ်၏ ညာဘက်ခြမ်းသို့ သေနတ်ပြောင်းဝများ ဝှေ့ယမ်းပြီး စိတ်ကြိုက်ပစ်ခတ်ကြသည်။ ထိုနောက်မှ ဘယ်ဘက်ခြမ်းသို့ ပစ်ခတ်ကြခြင်းဖြစ်သည်။ ညာဘက်ခြမ်း သေနတ်သမားတို့နှင့် အနီးကပ်ဆုံးအပစ်ခံရသူမှာ ဝန်ကြီးမန်းဘခိုင် ဖြစ်သည်။ သေနတ်အားလုံးစုပြုံထိမှန်သွား၍ ကျည်ဆန် ၁၅ ချက် ထိမှန်ရခြင်းဖြစ်သည်။ အလားတူ ဘယ်ဘက်ခြမ်းမှ သေနတ်သမားတို့နှင့် အနီးကပ်ဆုံး ပုဂ္ဂိုလ်ကြီးမှာ ဝန်ကြီးပင်လုံစော်ဘွားကြီး စဝ်စံထွန်းဖြစ်သည်။

**ကံကောင်းထောက်မသော ဝန်ကြီးများ**

တစ်ဖွဲ့တည်းအတူထိုင်နေကြသူများထဲမှ ဝန်ကြီးပျော်ဘွယ်ဦးမြနှင့် အတွင်းဝန်ဦးရွှေဘော်တို့မှာ ကံကောင်းထောက်မစွာဖြင့် သေနတ်မမှန်ဘဲ နံဘေးဘက်ရှိ တံခါးဝတစ်ခုမှ ကျော်ထွက်ပြေးနိုင်ခဲ့ကြ၍ အသက်ဘေးမှ ချမ်းသာရာရသွားကြသည်။

အလားတူ ဝန်ကြီးဦးဘဂျမ်းနှင့် ဝန်ကြီးဦးအောင်ဇံဝေတို့မှာ သေနတ်သမားများ စတင်ပစ်ခတ်လိုက်သည်နှင့် ကုလားထိုင်ပေါ်မှ ပက်လက်လန်ကျပြီး ကြမ်းပြင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေကြသဖြင့် အသက်ဘေးမှ သီသီလေး လွတ်မြောက်ခဲ့ကြရသည်။

ဝန်ကြီးဦးရာဇတ်သည် နောက်ဆုံးအသက်ရှူခြင်းအဖြစ် ငွေ့ငွေ့ကလေး ဖြည်းညင်းစွာ ရှူသွားသည်ဟု ပွေ့ယူသယ်ဆောင်ရာတွင် ကြီးကြပ်ခဲ့သော ဝန်ကြီးဦးဇဂျမ်းနှင့် ဗိုလ်ထွန်းလှတို့က ပြောပြကြသည်။ ဝန်ကြီးဆရာကြီးဒီးဒုတ်ဦးဘချို ၅၄ နှစ်မှာ သေနတ်ဒဏ်ရာ ငါးချက်ရရှိခဲ့ရာတွင် တစ်ချက်မှာ ဦးနှောက်တွင်းသို့ ဝင်ရောက်သွားခဲ့သော်လည်း ထိုနေ့က နေ့လယ်ပိုင်းအထိ ရန်ကုန်ဆေးရုံကြီးတွင် ကုသပြုစုမှု ခံယူသွားခဲ့သည်။

**နောက်နေ့မှ ကွယ်လွန်ရှာသော ဝန်ကြီး**

အလားတူ ဝန်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ၄၀ နှစ်မှာ ဦးခေါင်းတွင် ဒဏ်ရာ နှစ်ချက်ရရှိခဲ့သော်လည်း ပစ်ခတ်လုပ်ကြံရာတွင် မသေဆုံးဘဲ ရန်ကုန်ဆေးရုံကြီးသို့ အမြန်ဆုံးပို့၍ ကုသမှုခံယူခဲ့ရာမှ နောက်တစ်နေ့ ဇူလိုင် ၂၀ ရက်နေ့ မွန်းတည့်ချိန်တွင်မှ ကွယ်လွန်ရှာသည်။

**အတွင်းဝန် ဦးအုန်းမောင်နှင့် ကိုထွေး**

အတွင်းဝန်ဦးအုန်းမောင် (I.C.S) ၃၄ နှစ် မှာ ခန္ဓာကိုယ်တစ်ခုလုံး သေနတ်ဒဏ်ရာဗရပွဖြင့် နေရာတွင်ပင် ကွယ်လွန်ရှာသည်။ ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်ကိုထွေး ၁၈ နှစ် မှာ သေနတ်သံများကြားရသဖြင့် အနီးရှိ ရုံးခန်းအတွင်းမှ ပြေးထွက်လာစဉ် ရုံးကြီးအပေါ်ထပ် စင်္ကြံ (Corridor) တွင် လူသတ်သမားတို့ ပစ်ခတ်သတ်ဖြတ်သဖြင့် သေနတ်ဒဏ်ရာ လေးချက်ထိမှန်ပြီး နေရာတွင်ပင် ကျဆုံးရရှာသည်။

**အကြံပက်စက်လူရမ်းကားများ**

အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်သည့် လူသတ်သမားလူရမ်းကားတစ်စုတို့သည် ထရပ်ကားတစ်စီး၊ ဂျစ်ကားတစ်စီးစီဖြင့် အတွင်းဝန်များရုံးကြီးထဲမှ အရှိန်ပြင်းစွာဖြင့် "အောင်ပြီ... အောင်ပြီ" ဟု ဟစ်ကြွေးလျက် မောင်းနှင်ထွက်ခွာ သွားကြလေတော့သည်။ အချိန်မှာ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့် ရှိပြီဖြစ်သည်။

**တောက်ခေါက်သံ ဆူညံနေသောနေ့**

ထိုနေ့က တစ်နေ့လုံး၊ တစ်ညလုံး၊ ရန်ကုန်တစ်မြို့လုံး ဆူပွက်ငိုကြွေးနေကြလေသည်။ လူထုတစ်ရပ်လုံးက လူသတ်ကောင်တွေကို ရှာဖွေပြီး နုပ်နုပ်စဉ်းလက်စားချေပစ်ချင်နေကြသည်။ တောက်ခေါက်သံတို့ကား နေရာအနှံ့ ကြားနေကြရသည်။

**ထူးဆန်းသော အမိန့်**

ထိုနေ့ နေ့လယ် ၁၂ နာရီခန့်တွင် အင်းစိန်ခရိုင်ရဲဝန်ကြီး D.S.P စောစိန်မှုန်နှင့် အင်းစိန်ခရိုင်ရဲ မြို့မဝန်ထောက်ကြီး (Police Headquarters Assistant) မစ္စတာဘက်ခေါ် ဦးအုန်းသွင်တို့ထံသို့ ကမာရွတ်ကင်းဂိတ်ထိပ် ပြည်လမ်းဘက်မှ သွားရောက်စောင့်နေရန်နှင့် ရန်ကုန်ဘက်မှ ရဲအစောင့်အကြပ်ကားများလာလျှင် လိုက်ပါသွားရန် C.P = Commissioner of Police, Rangoon (ရန်ကုန်ရဲမင်းကြီး)ထံမှ တယ်လီဖုန်းအမိန့်ရောက်လာ၍ ၎င်းတို့နှစ်ဦး ကားတစ်စီးစီဖြင့် အဆိုပါနေရာမှ စောင့်နေကြသည်။

ထိုစဉ် ရန်ကုန်ဘက်မှ ဗိုလ်မှူးအေးငွေ (ရုပ်ရှင်မင်းသားအေးငွေကြီး) ဦးဆောင်သည့် လက်နက်ကိုင်သောင်းကျန်းမှုနှိမ်နင်းရေးတပ်သားများ ပါဝင်သော ထရပ်ကားနှစ်စီး၊ နောက်မှ ရန်ကုန်မြို့တော်ရဲတပ်ဖွဲ့မှ ရဲဝန်ထောက် (Police Superintendent Officer) S.D. Jupp အက်၊ ဒီ၊ ဂျပ်စီးနင်းလိုက်ပါလာသည့် ဂျစ်ကားတစ်စီးတို့ ရောက်လာ၍ ယင်းကားများနောက်မှ လိုက်ပါခဲ့ကြသည်။

**ထူးဆန်းသော အစီအစဉ်**

ထိုမှ အေဒီလမ်းသို့ ချိုးကွေ့သွားပြီး ဦးစော၏ နေအိမ်ရှေ့တွင် ကားများ ရပ်တန့်သွားကာ သောင်းကျန်းမှုနှိမ်နင်းရေးတပ်မှ လက်နက်ကိုင်ရဲဘော်များက အိမ်ဝတစ်လျှောက် နေရာယူလိုက်ကြပြီး မစ္စတာဂျပ်က ဦးစောအိမ်တွင်း ပေါ်တီကိုအောက်သို့ ဝင်သွားသည်။ D.S. P စောစိန်မှုန်တို့လည်း တစ်ပါတည်း လိုက်ပါသွားကြသည်။

ရန်ကုန်ရဲဝန်ထောက် မစ္စတာဂျပ်က ဦးစောအား "ရန်ကုန်မြို့ထဲတွင် အလွန်ဆူပူနေပြီဖြစ်၍ ခင်ဗျားအတွက် လုံခြုံစိတ်ချရမည့် အင်းစိန်ထောင်သို့ ခေတ္တခဏ ရှောင်တိမ်းနေရန် ဘုရင်ခံက ပြောတယ်။ အဲဒါ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ" ဟု ပြောသည်။

ဦးစောက ကောင်းပါပြီဟု ပြောကာ အိပ်ရာလိပ်၊ အဝတ်အစားသေတ္တာ၊ စားသောက်စရာပစ္စည်းအချို့အမြန်ပြင်ပြီး နှစ်လုံးပြူးသေနတ်တစ်လက်ကို ကျည်ဆန်များနှင့်အတူ ဆွဲလျက် အင်းစိန် D.S.P စောစိန်မှုန်၏ ဂျစ်ကားဖြင့် လိုက်ပါခဲ့လေသည်။ ခရိုင်ရဲဝန်ကြီးစောစိန်မှုန်တွင် မည်သည့် လက်နက်မျှ မပါရှိပေ။

**ထူးဆန်းသော အကူအညီတောင်းပုံ**

ထိုမှ အင်းစိန်ထောင်ကြီးသို့ ရောက်ကြသည်။ ထောင်ပိုင်ဝန် ဦးတင်မောင်(စာရေးသူ၏ အစ်ကိုတစ်ဝမ်းကွဲ)အား ဦးစောက " အိုင်ဆေး... ဦးတင်မောင်... ဘုရင်ခံက စိတ်မချလို့တဲ့ဗျာ၊ ခင်ဗျားထံမှာ ခေတ္တခဏ သွားရှောင်နေပါဆိုလို့ ကျွန်တော်လာခဲ့ပါတယ်၊ ကျွန်တော့်ကို ကူညီပါဗျာ"ဟု ပြောသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြင်သစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၁၄**

ပြင်သစ်နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ပြင်သစ်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Olivier RICHARD နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။ (ဓာတ်ပုံ)

ယင်းနောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ e-ID စနစ်လုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်



နေပြည်တော် ဇူလိုင် ၁၄

**e-ID စနစ်လုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ** (ယာပုံ) **အခမ်းအနားသို့ e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**Smart Card ဖြင့် ထုတ်ပေးနိုင်**

အစီအစဉ်အရ e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အစိုးရအနေဖြင့် e- Government ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများကို ဝန်ဆောင်မှုပေးနေရသည့် ဝန်ကြီးဌာနအနေဖြင့် Online စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဝန်ကြီးဌာနများအားလုံး အသုံးပြုနိုင်မည့် Single Platform တစ်ခု တည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွင် သက္ကရာဇ် ၂၀၃၀ တွင် လူတိုင်းမွေးစာရင်းအပါအဝင် မှတ်ပုံတင်တစ်ခုရရှိရေးလည်း ပါဝင်ပါကြောင်း၊ ဝန်ကြီးဌာနသည် လက်ရှိအစိုးရ စတင်တာဝန်ယူချိန်မှ စတင်၍ နိုင်ငံသားကတ်ပြားကို နိုင်ငံတကာအဆင့်မီ Smart Card ဖြင့် ပြောင်းလဲထုတ်ပေးနိုင်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြပါကြောင်း ကနဦး လေ့လာဆန်းစစ်ခြင်းကို ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်အပါအဝင် ကုမ္ပဏီ/ အဖွဲ့အစည်း ၅၀ ကျော်တို့၏ ရှင်းလင်းဆွေးနွေးလေ့လာသုံးသပ်ခြင်း၊ အခြားဝန်ကြီးဌာနများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လေ့လာချက်များအရ ကမ္ဘာ့နိုင်ငံများတွင် လူဦးရေမှတ်ပုံတင်ခြင်း (Population Registration)နှင့် နိုင်ငံသားမှတ်ပုံတင်ခြင်း (National Registration) ဟူ၍ အဓိကအားဖြင့် စနစ်နှစ်မျိုးရှိတာကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် အိမ်နီးချင်းနိုင်ငံများနှင့်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ဆောင်ရွက်နေသည့် စနစ်များကိုလည်း လေ့လာခဲ့ပါကြောင်း၊ Digital စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည့်အခက်အခဲများနှင့် ကြာမြင့်ချိန်တို့ကိုသိရှိနိုင်စေရေးအတွက် လုပ်ငန်းစမ်းသပ်ဆောင်ရွက်ခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ၊ မန္တလေး၊ ရန်ကုန်နှင့် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့ပါကြောင်း။

**Digital စနစ်ဆောင်ရွက်ပါက ခက်ခဲနိုင်**

ထို့အပြင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများ၊ ပြည်ပအလုပ်သမားလက်မှတ်ထုတ်ပေးရေးရုံး (ဒဂုံမြို့သစ်မြောက်ပိုင်း)၊ ထိုင်းနိုင်ငံသံရုံးနှင့် ထိုင်းနိုင်ငံရှိ CI စခန်း ၁၁ ခုတို့၌ လူဦးရေ (၁ ဒသမ ၇ သန်း) ခန့်ကို Biographic Data နှင့် Biometric Data များ ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ လေ့လာစမ်းသပ် ဆောင်ရွက်ပြီးနောက် မူလကရည်ရွယ်ထားသကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို နည်းပညာအသုံးပြုပြီး Digital စနစ်ဖြင့် ပြောင်းလဲထုတ်ပေးမည့်စနစ်ကိုသာဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွင်းနေထိုင်သူအားလုံး၏ အချက်အလက်များကိုရရှိရန် ခက်ခဲနိုင်ခြင်း၊ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကိုသာ ထိန်းသိမ်းနိုင်ပြီး လုံခြုံရေးအရ အခြားအစိုးရအဖွဲ့အစည်းများနှင့် မျှဝေသုံးစွဲမှုမပြုနိုင်ခြင်း၊ နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် e- Government စနစ်နှင့် Single Platform တစ်ခုတည်းအဖြစ် မဆောင်ရွက်နိုင်ခြင်းစသည့် အားနည်းချက်များကို တွေ့ရှိခဲ့ရပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသကဲ့သို့ နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် လက်ဗွေ၊ မျက်လုံးသူငယ်အိမ်၊ မျက်နှာဓာတ်ပုံ၊ (Biometric Data) များကို ရယူသိမ်းဆည်း၍ လူတစ်ဦးချင်းအတွက် Unique ID Number တစ်ခုစီပေး၍ Database တွင်မှတ်တမ်းတင် ထိန်းသိမ်းခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့် ဆောင်ရွက်ရန်နှင့် မှတ်တမ်းတင်ပြီးသူများကို နိုင်ငံသားစိစစ်ပြီး နိုင်ငံသားကတ်ကို Smart Card ဖြင့် ထုတ်ပေးခြင်းလုပ်ငန်းကို ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်သွားရန် လျာထားခဲ့ပါကြောင်း၊ ပထမအဆင့်အနေဖြင့် National Database တည်ဆောက်ရာတွင် နိုင်ငံတွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ Biographic Data နှင့် Biometric Data များကိုကောက်ယူ၍ Unique ID Number တစ်ခုချင်းစီ သတ်မှတ်ပေးပြီး မှတ်ပုံတင်ပေးခြင်း၊ ၎င်းနံပါတ်ကို အသုံးပြု၍ အခြားဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ e- ID စနစ်ကို မြန်မာတစ်နိုင်ငံလုံး ဒေသအနှံ့ဆောင်ရွက်မည်ဖြစ်၍ လုပ်ငန်းပမာဏကြီးမားသည့်အပြင် နည်းပညာပိုင်းနှင့် လုံခြုံရေးပိုင်းတို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ယင်းစနစ်ကိုနိုင်ငံအတွင်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရမည်ဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကြီးကြပ်မည့် အဖွဲ့များ၊ လုပ်ငန်းအကောင်အထည်ဖော်မည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**e- Government စနစ် အောင်မြင်ရေး**

ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ယခု e-ID စနစ်လုပ်ငန်းကော်မတီအစည်းအဝေးကို ပထမအကြိမ်ကျင်းပရခြင်းဖြစ်ပြီး ယခုအစည်းအဝေးတွင် အဓိကအားဖြင့် လုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပေးရန်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းမှုများနှင့် ပတ်သက်၍ လျာထားဆောင်ရွက်မှုများအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ e-ID စနစ်လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် မိမိတို့ဝန်ကြီးဌာနအား Focal အဖြစ် တာဝန်ပေးအပ်ထားသော်လည်း ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ပြည်သူများကို Online စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်မှာ နိုင်ငံအတွင်းနေထိုင်သူများ၏ အချက်အလက်များ တစ်စုတစ်စည်းတည်း ရှိရန်နှင့် Unique ID တစ်ခုစီသတ်မှတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ အစိုးရ၊ အဖွဲ့အစည်းများ အားလုံးမျှဝေသုံးစွဲနိုင်မယ့် Single Platform တစ်ခုကို ထူထောင်နိုင်မည် ဖြစ်သည့်အပြင် e- Government စနစ် အောင်မြင်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ယခုဆောင်ရွက်မည့် e-ID မှတ်ပုံတင်ခြင်းစနစ်သည် ပြည်သူများ၏ လူမှုစီးပွားဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာ၌ ပိုမိုလွယ်ကူ လျင်မြန်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်နှင့် ဤစနစ်သည် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်းကို အသိပညာပေးရန် လိုအပ်မှာဖြစ်ပါကြောင်း။

ထို့ပြင် ဤစနစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိမည့်အကျိုးကျေးဇူးများအား ပြည်သူအားလုံးသိရှိနားလည်ပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် မီဒီယာများ၊ စာပေ၊ ဂီတ၊ ရုပ်သံလိုင်းများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့် e-ID စနစ်လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို အကြံပြုသုံးသပ်ဆွေးနွေးကြရေး တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

**အထောက်အကူပြုလုပ်ငန်းစဉ်**

ထို့နောက် e- ID စနစ်လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက e-ID စနစ်လုပ်ငန်း၏ အရေးပါမှုနှင့် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်မှု၊ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှုရှိစေရေးနှင့် e- Government စနစ်အတွက် အထောက်အကူပြုမည့် လုပ်ငန်းစဉ်ဖြစ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ e- ID စနစ်လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က e- ID စနစ်လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာဖွဲ့စည်းမှုနှင့် လျာထားလုပ်ငန်းများ အခြေအနေ၊ အကြံပြုဆွေးနွေးပေးရန် လိုအပ်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းလိုအပ်ချက်များ၊ ဖြည့်စွက်ဆောင်ရွက်ရမည့်လုပ်ငန်း အခြေအနေများ၊ ရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ပတ်သက်၍ အသီးသီးအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗိုလ်တထောင်လူကူးခုံးကျော်တံတား ၈၀ ရာခိုင်နှုန်းပြီးစီး မကြာမီဖြတ်သန်းသွားလာနိုင်တော့မည်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်းသစ်နှင့် ကမ်းနားလမ်းဟောင်းတို့ ဆုံရာ ဗိုလ်တထောင်ဘုရားမုခ်ဦးအနီးတွင် မတ် ၁ ရက်မှစ၍ အများပြည်သူနှင့်ဘုရားဖူးပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီး၏ အစီအမံဖြင့် လူကူးခုံးကျော်တံတားကြီးကိုတည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဗိုလ်တထောင် လူကူးခုံးကျော်တံတားကို ဇူလိုင် ၅ ရက်က စတင်တည်ဆောက်ခဲ့တာပါ။ စက်လှေကားဆင်ပြီးပါပြီ။ ခုံးကျော်တံတား သံပေါင်ရက်မဖြစ်တဲ့ဂါဒါကိုလည်းဇူလိုင် ၈ ရက်က ဆင်ပြီးပါပြီ။ လူသွားလမ်းကြွေပြားခင်းမယ်။ တံတားလက်ရန်း၊ အမိုးနဲ့ အကာ ဆက်လက်တပ်ဆင်သွားမှာပါ။ ၈၀ ရာခိုင်နှုန်းပြီးစီးပါပြီ။ ခရီးသွားပြည်သူတွေက ကားလမ်းနှစ်ထပ်ကို ဖြတ်ကူးနေရတော့ ဒီတံတားကြီးပြီးသွားရင် ဘုရားဖူးခရီးသွားတွေလည်း အဆင်ပြေသွားပါပြီ" ဟု ဗိုလ်တထောင် လူကူးခုံးကျော်တံတား ဆောက်လုပ်ရေး တာဝန်ခံ ဦးရဲမျိုးအောင်က ပြောသည်။

ဗိုလ်တထောင် လူကူးခုံးကျော်တံတားအရှည်မှာ ၁၇၄ ပေရှိပြီး လူသွားလမ်းအကျယ်မှာ ၁၀ ပေဖြစ်၍ တံတားအမိုးအမြင့်မှာ ၁၃ ပေရှိကာ ကမ်းနားလမ်းဟောင်းနှင့် ကမ်းနားလမ်းသစ်ဖြစ်သော ယှဉ်တွဲထားသည့် ကားလမ်းနှစ်လမ်းပေါ်မှ လူကူးခုံးကျော်တံတားကို တည်ဆောက်ထားခြင်းဖြစ်ပြီး ကားလမ်းနှစ်လမ်းနှင့် ဘုရားရှေ့ရှိ မီးပွိုင့်မှ ဖြတ်သန်းသွားလာကြသည့်ပြည်သူတို့ အခက်အခဲကို အဆိုပါလူကူးခုံးကျော်တံတားကြီး တည်ဆောက်ခြင်းဖြင့် ဗိုလ်တထောင်ကမ်းနားနှင့် ဘုရားသို့ လာရောက်သောပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်မည်ဖြစ်ကာ ဩဂုတ်လကုန်ပိုင်းတွင် ဗိုလ်တထောင် လူကူးခုံးကျော်တံတားကြီးတည်ဆောက်မှုပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ -သန်းစိုး**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း AFoCO အဆောက်အအုံဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြော

**ရန်ကုန် ဇူလိုင် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အာဆီယံ- ကိုရီးယားသစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဒေသအဆင့်လေ့ကျင့် ပညာပေးရေး (AFoCO RETC) သင်တန်းကျောင်း အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**





ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသစ်တောဦးစီးဌာနနှင့် AFoCO အတွင်းရေးမှူးရုံးတို့အား သင်တန်းကျောင်း တည်ဆောက်ရာတွင် အထောက်အပံ့များစွာပေးသည့်အပြင် AFoCO အဖွဲ့ဝင် နိုင်ငံများအကြားသစ်တော ပညာသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် သုတေသန လုပ်ငန်းများမြှင့်တင်ရေးတွင်လည်း အထောက်အပံ့များစွာပေးသည့်အတွက် အလွန်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် တက်ရောက် ချီးမြှင့်ပေးသည့်အတွက် မိမိတို့ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအထူးသဖြင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် သင်တန်းများ အဆင့်မြှင့်တင်ရေးများနှင့် ပတ်သက်၍ စိတ်အားထက်သန်မှုဖြစ်ပေါ်စေပါကြောင်း၊ ကိုရီးယား-မြန်မာသစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၉၉ ခုနှစ် ကိုရီးယား-မြန်မာ နှစ်နိုင်ငံ သစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ စတင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၉ နှစ်ရှိပြီ ဖြစ်ပါကြောင်း။

ယနေ့အချိန်ထိ သစ်တောလုပ်ငန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ သိသာထင်ရှားသော အောင်မြင်မှုများလည်း ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အာဆီယံ-ကိုရီးယား သစ်တောလုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်သကဲ့သို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း အာရှသစ်တောလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

အသိသာဆုံးသော အောင်မြင်မှုမှာ AFoCO RETC သင်တန်းကျောင်း တည်ဆောက်ပြီးစီးမှုပင် ဖြစ်ပါကြောင်း၊ ဤအောင်မြင်မှုသည် အာရှသစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း၏ မှတ်တိုင်တစ်ခုဖြစ်ပြီး AFoCO အဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံအကြား အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက်လည်း အထောက်အပံ့ဖြစ်ပေါ်စေပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကိုရီးယား သစ်တောဦးစီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကိုရီးယားသစ်တောဦးစီးဌာနမှ ဒုတိယဝန်ကြီး Mr. Ryu Kwang Su ၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံနှင့် AFoCO အဖွဲ့ဝင် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာများ၊ AFoCO အတွင်းရေးမှူးရုံးမှ အမှုဆောင်အရာရှိ Dr. Park EunSik ၊ AFoCO အတွင်းရေးမှူးရုံး၏ လက်ထောက်ညွှန်ကြားရေးမှူး Mr. Pham Quang Minh ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ASOF Leader များ၊သစ်တောဦးစီးဌာနမှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် မြန်မာကုမ္ပဏီများ မှတ်ပုံတင်နိုင်



**နေပြည်တော် ဇူလိုင် ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများအား မှတ်ပုံတင်နိုင်ရန် အသိပေးကြေညာထားကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကိုထုတ်လုပ်မှု အပေါ် ခွဲဝေခံစားရေးစာချုပ်ဖြင့် လည်းကောင်း၊ ရေနံတိုးတက်ထုတ်ယူရရှိရေး စာချုပ်ဖြင့်လည်းကောင်း နိုင်ငံခြားရေနံ ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း နည်းပညာရပ်များကို လည်းကောင်း၊ နိုင်ငံတကာရေနံလုပ်ငန်း အတွေ့အကြုံများကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ရရှိစေရေးကို လည်းကောင်း ရည်ရွယ်၍ မြန်မာနိုင်ငံသား ကုမ္ပဏီများကို မှတ်ပုံတင်နိုင်ရန် အသိပေး ကြေညာခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်အေးကပြောသည်။

"၂၀၁၁ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တို့မှာ တင်ဒါခေါ်တုန်းက ကုန်းပိုင်းလုပ်ကွက်ကို နိုင်ငံခြားကုမ္ပဏီတစ်ခုဟာ အနည်းဆုံး မြန်မာကုမ္ပဏီတစ်ခုနဲ့ မဖြစ်မနေပူးပေါင်းပြီး ဆောင်ရွက်ဖို့ သတ်မှတ်ခဲ့တယ်။ အဲဒီလို သတ်မှတ်ခဲ့တဲ့အတွက်ကြောင့် ပထမအကြိမ် တင်ဒါခေါ်တော့လည်း မြန်မာနိုင်ငံသားတွေလည်းပါတယ်။ ဒုတိယအကြိမ် ခေါ်တော့လည်း မြန်မာကုမ္ပဏီတွေ ပါပါတယ်။ လက်ရှိမှာတော့ နိုင်ငံခြားကုမ္ပဏီ ၃၆ ခုလောက်က ကုန်းပိုင်းရော ကမ်းလွန်မှာရော လုပ်ဆောင်နေပါတယ်။ တချို့ကတော့ အော်ပရေတာအနေနဲ့ လုပ်တယ်၊ တချို့ကတော့ ရှယ်ယာဝင်တဲ့ အနေနဲ့လုပ်တာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံခြားရေနံကုမ္ပဏီများနှင့်အတူ အစုရှယ်ယာထည့်ဝင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများ အနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရှိရန် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.moee.gov.mm တွင် လျှောက်လွှာများကို ဒေါင်းလော့လုပ်၍ ရက်အကန့်အသတ်မရှိ ညွှန်ကြားရေးမှူးချုပ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနသို့ လိပ်မူကာ စာရင်းပေးသွင်း မှတ်ပုံတင်ထားရှိနိုင်ကြောင်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ရန်ကုန်မြစ် ထူးကဲဒီရေတက်မှုကြောင့် ဒလမြို့နယ် ရပ်ကွက်များ ရေဝင်ရောက်မှုဖြစ်

**ဒလ ဇူလိုင် ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးသည်းထန်စွာ စတင်ရွာသွန်းလာပြီး ညနေ ၆ နာရီခန့်က ရန်ကုန်မြစ် ထူးကဲ ဒီရေတက်မှုကြောင့် မြစ်ကမ်းစပ်ချောင်း အနီးရှိ ရပ်ကွက်၊ ကျေးရွာတို့တွင် လမ်းရေကျော်ကာ နေအိမ်ခြံဝင်းအတွင်း ရေဝင်မှုဖြစ်ပွားသည်။

မြို့မ (၂)ရပ်ကွက် ဈေးလမ်း မြို့နယ် စည်ပင်ဈေးဟောင်းကြီး တစ်ခုဖြစ်သော ဒလဈေးအနီးရှိ အများပြည်သူသုံး ဈေးရေကန်ထဲသို့ လမ်းပေါ်ရေကျော်ကာ ရေဝင်မှု ဖြစ်ပွားသဖြင့် ရေကန်ထဲ ရေပြည့်ရေလျှံဖြစ်ခဲ့ရသည်။

မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးက "အဲဒီဈေးရေကန်က ဒီလို မြစ်ရေကြီးလာရင် နှစ်စဉ် ရေဝင်ခဲ့တယ်။ ဒီနှစ်ကတော့ ပထမဆုံးအကြိမ်ပါ။ ကန်ထဲမှာ ရေအမြင့် သုံးပေခန့်သာ ရှိသေးတယ်။ အခု ရေပြည့်လျှံသွားပြီ။ ဒီရေကန်က ရေကိုတော့ သုံးရေအတွက်သာ အသုံးပြုကြပြီး သောက်ရေအဖြစ်မသုံးကြပါဘူး။ အခုလို ရေဝင်သွားတော့ ရေကန်သန့်ရှင်းရေး အတွက်ကို ကျွန်တော်တို့ ရပ်ကွက်သားတွေ စုပေါင်းပြီး ဆက်လက်ဆောင်ရွက်ရမှာပါ" ဟု ပြောသည်။



**ရန်ကုန်မြစ် ထူးကဲဒီရေတက်မှုကြောင့် ဒလမြို့နယ် မြစ်ကမ်းဘေးရှိ ရပ်ကွက်များအတွင်း ရေဝင်ရောက်နေစဉ်။**

ဓာတ်ပုံ-ချြူးသီရိ

အဆိုပါ ဈေးရေကန်မှာ အလျား ပေ ၂၉၀ ၊ အနံ ၁၈၅ ပေနှင့် အမြင့် ၁၂ ပေရှိပြီး မြို့မ(၂)နှင့် မြို့မ(၁)ရပ်ကွက်တို့က အိမ်ခြေ ၃၀၀ နီးပါးမှ မိသားစုများသုံးရေအဖြစ် အားကိုးနေရသော ရေကန် တစ်ကန်ဖြစ်၍ သက်ဆိုင်ရာက ထိုရေကန်ကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးသင့်ကြောင်း သိရသည်။

ရန်ကုန်မြစ်ရေကြီးမှုကြောင့် ရန်ကုန်မြစ်ကမ်းဘေးရပ်ကွက်များ ဖြစ်သော သမတကမ်းခြေအုံကြီးအရှေ့ မြို့မ(၂)၊ မြို့မ(၄)၊ အောင်မင်္ဂလာ၊ ဗိုလ်ရန်မြေ၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မော်စက်ရပ်ကွက်များနှင့် စံပြကျေးရွာတို့ တွင် လည်းကောင်း၊ ကမာအောင်ချောင်း ဘေးနေရာများဖြစ်သော မြို့မ(၁)၊ အုံကြီး အနောက်၊ ညောင်ကုန်း၊(၁၁/၁၄)၊(၆) ရပ်ကွက်တို့နှင့် သပြေကုန်းကျေးရွာတို့ တွင် လည်းကောင်း၊ တွံတေးတူးမြောင်း ဘေး နေရာများဖြစ်သော ဆာဖာချောင်၊ ကျောင်းစုနှင့် တာကြီးရပ်ကွက်တို့တွင် လည်းကောင်း လမ်းရေကျော်သဖြင့် ခရီးသွားပြည်သူများ ခက်ခဲမှုရှိသလို နေအိမ်ခြံဝင်းအတွင်း ရေပြည့်လျှံမှု ဖြစ်ခြင်းတို့ကြောင့် နေထိုင်ရေး အခက်အခဲများဖြစ်ခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**



# ပင်လယ်ဒီရေလှိုင်းမြင့်တက်တိုက်စားမှုကြောင့် ဖျာပုံမြို့နယ်၌ နေအိမ် ၁၁ လုံး ပြိုကျပျက်စီး

**ဖျာပုံ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်က ပင်လယ်ဒီရေလှိုင်းမြင့်တက် တိုက်စားမှုကြောင့် လူနေအိမ် ၁၁ လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပင်လယ်ဒီရေလှိုင်း မြင့်တက်တိုက်စားမှုကြောင့် ဒေါ်ညိမ်းကျေးရွာအုပ်စုအတွင်းရှိ ဘုရားလေးစုကျေးရွာတွင် နေအိမ် နှစ်လုံး၊ အောင်လှိုင်ကျေးရွာတွင် နေအိမ်ခြောက်လုံး၊ သရက်ပင်ဆိပ်ကျေးရွာတွင် နှစ်လုံး၊ ခါးပြတ်ကျေးရွာတွင် တစ်လုံး စုစုပေါင်း နေအိမ် ၁၁ လုံး ပြိုကျပျက်စီးခဲ့ပြီး လူဦးရေ ၅၀ ခန့်မှာ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး လူနှင့် တိရစ္ဆာန် ဆုံးရှုံးမှုမရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဘုရားလေးစုကျေးရွာ တာဝန်ခံ ဦးမင်းမင်းထွန်းထံမှ ကနဦးသတင်းအရ သိရသည်။

**ကျော်စိုးမိုး**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘောဂဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။**

**ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**နမူနာမေးခွန်းပုံစံ**
**၂၀၁၉ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါဖော်ပြချက်များကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုပါ။ **(၅ မှတ်)**

၁။ အင်အားစုရှားပါးခြင်းကြောင့် လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံအကျဆုံး စီးပွားရေးပြဿနာ ပေါ်ပေါက်လာရသည်။
၂။ ယူနစ်အလျော့အတင်းရှိသော မျဉ်းဖြောင့် ရောင်းလိုအားမျဉ်းများသည် မူရင်းအမှတ်ကို ဖြတ်သွားကြသည်။
၃။ ဈေးဆန္ဒနှုန်းကိန်းကျဆင်းပါက အထွေထွေဈေးနှုန်းအဆင့်ကျဆင်းပြီး ငွေကြေး တန်ဖိုးတက်မည် ဖြစ်သည်။
၄။ ပိုငွေပြ ရသုံးမှန်းခြေ ငွေစာရင်းရှိခဲ့လျှင် စီးပွားရေးအဆောက်အအုံတွင် ထုတ်လုပ်မှုနှင့် ရောင်းလိုအားပြန့်လာပြီး ဈေးနှုန်းများလည်းတက်လာမည်။
၅။ ကိုတာသတ်မှတ်ခြင်းသည် အစိုးရအတွက်ရငွေကို တိုးတက်စေသည်။

(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က) (ခ) (ဂ) များမှ အဖြေမှန်ကို အဖြေ စာအုပ်တွင်ရေးပါ။ **(၅ မှတ်)**

၁။ ကုန်စည်တစ်ခု၏ဈေးနှုန်းသည် အားမျှဈေးနှုန်း၏အထက်တွင် ဖြစ်ပေါ်ပါက (က) ပိုလျှံရောင်းလိုအား (ခ) ပိုလျှံဝယ်လိုအား (ဂ) အားမျှခြေကို ဖြစ်ပေါ်စေသည်။
၂။ စုစုပေါင်းပြည်တွင်းထုတ်ကုန်မှ ပြုန်းတီးမှုတန်ဖိုးနုတ်ပြီးသော ရလဒ်မှာ (က) အသားတင်ဝင်ငွေ (ခ) အသားတင်ပြည်တွင်းထုတ်ကုန် (ဂ) အသားတင် တိုင်းပြည်ထုတ်ကုန် ဖြစ်သည်။
၃။ မျက်မှောက်ခေတ်နိုင်ငံများတွင် အသုံးများလာသည့်လက်ပြောင်းခွန် တစ်မျိုးမှာ (က) ရောင်းခွန် (ခ) ထပ်ဆင့်တိုးတန်ဖိုးခွန် (ဂ) အကောက်ခွန် ဖြစ်သည်။
၄။ ဘဏ်များအနည်းဆုံး လိုအပ်သော သီးသန့်ငွေသားကို ထိုဘဏ်၏ (က) အပ်ငွေများ (ခ) ချေးငွေများ (ဂ) စုစုပေါင်းရပိုင်ခွင့်များဖြင့် သတ်မှတ်သည်။
၅။ ပို့ကုန်အတွက်ရငွေနှင့် သွင်းကုန်အတွက်ပေးငွေ ခြားနားချက်ကို (က) ကုန်သွယ်မှု လက်ကျန် (ခ) သာမန်စာရင်းလက်ကျန် (ဂ) ပြည်ပငွေပေး ငွေယူရှင်းတမ်း လက်ကျန်ဟု ခေါ်သည်။

(ဂ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင် ရေးပါ။ **(၁၀ မှတ်)**

၁။ ဈေးကွက်စီးပွားရေးစနစ်တွင် စွမ်းဆောင်ရည်ပြည့်ဝသော -------- ကို ရရှိစေသည်။
၂။ ---------- များမှာ ယေဘုယျအားဖြင့် တစ်နှစ်ထက်ကျော်လွန်ပြီး ငါးနှစ်အောက် ချေးငွေများ ဖြစ်သည်။
၃။ ---------- နှင့် အပေးအယူပြုလုပ်သောလွှဲပြောင်းပေးငွေများကို တိုင်းပြည်ဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်သည်။
၄။ အစားထိုးကုန်စည်များအတွက် အပြန်အလှန်ဝယ်လိုအား အလျော့အတင်းမှာ ------------ လက္ခဏာဆောင်သည်။
၅။ ထုတ်ကုန်တန်ဖိုးမှာ ---------- ပေါ်တွင် ထပ်ဆင့်တိုးလာသည့် ထုတ်လုပ်မှု တန်ဖိုး ဖြစ်သည်။
၆။ ငွေကြေး၏တန်ဖိုးသည် ---------- နှင့် ပြောင်းပြန်ဆက်စပ်သည်။
၇။ နိုင်ငံအတွင်း ချက်လက်မှတ်များ၊ ချေးငွေကတ်ပြားများ တွင်ကျယ်စွာ အသုံးပြုလာကြခြင်းမှာ ငွေကြေး၏ ---------- အရည်အချင်းကြောင့် ဖြစ်သည်။
၈။ အစိုးရ၏သာမန်အသုံးစရိတ်သည် ----------- အသွင်ကိုဆောင်သည်။
၉။ ဝယ်လိုအားနှင့် ရောင်းလိုအားအခြေအနေ ပြောင်းလဲခြင်းနှင့်အညီ ပြောင်းလဲရန် ခွင့်ပြုထားသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများအား ------- ဟုခေါ်သည်။
၁၀။ ကုန်စည်တစ်ခု၏ --------- သည်အင်အားစုများ၏စရိတ်၊ ထုတ်လုပ်မှုနည်းပညာနှင့် ထုတ်လုပ်မှုအခြေအနေတို့ပေါ်တွင် မူတည်သည်။

၂။ အောက်ပါတို့အနက်မှ **(၁၀)** ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ **(၂၀ မှတ်)**

| | |
|---|---|
| ၁။ ထုတ်လုပ်မှုအင်အားစုများ | ၇။ ငွေဖောင်းပွခြင်း |
| ၂။ ဗဟိုစီမံကိန်းချစီးပွားရေးစနစ် | ၈။ ဗဟိုဘဏ်၏အာဏာများ |
| ၃။ အစားထိုးကုန်စည်များ | ၉။ ပြည်သူပိုင်ကဏ္ဍ |
| ၄။ ရောင်းလိုအား အလျော့အတင်းများခြင်း | ၁၀။ ရောင်းခွန် |
| | ၁၁။ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်လစီ |
| ၅။ ဈေးကွက်ပေါက်ဈေး | ၁၂။ မြင်နိုင်သောကုန်သွယ်မှု |
| ၆။ အသားတင်ဝင်ငွေ | |

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။ **(၂၀ မှတ်)**

၁။ သာမန်ရငွေရရှိရာအဓိကဇာစ်မြစ်များ
၂။ ရောင်းလိုအားပြန့်ခြင်းနှင့်ကျုံ့ခြင်း
၃။ အသုံးစရိတ်နည်း
၄။ ကူးသန်းရောင်းဝယ်ရေးဘဏ်၏လုပ်ဆောင်ချက်များ

၄။ ဈေးကွက်အမျိုးအစားများကို ပြည့်စုံစွာ ဖော်ပြရှင်းလင်းဖြေဆိုပါ။ **(၂၀မှတ်)**

**(သို့မဟုတ်)**

တိုင်းပြည်တစ်ပြည်သည် ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ပိုငွေ သို့မဟုတ် လိုငွေ ဆက်တိုက်ဖြစ်ပေါ်နေလျှင် ယင်းအခြေအနေကိုပြုပြင်ရန် အသုံးပြုနိုင်သည့် နည်းလမ်းများကို ရှင်းပြပါ။

၅။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂)ခုကို ဖြေဆိုပါ။ **(၁၀×၂)မှတ်**

(က) နိုင်ငံတစ်နိုင်ငံ၏ နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| **အကြောင်းအရာ** | **ကျပ်သန်းပေါင်း** |
|---|---|
| ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (ထုတ်လုပ်သူများ၏ ဈေးနှုန်းဖြင့်တွက်သည်) | ၉၈၆၅၀ |
| လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး | ၁၃၇၀၀ |
| အခွန်အကောက် | ၄၂၅၀ |
| ထောက်ပံ့ကြေး | ၁၅၈၀ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | ၂၇၀၀ |
| ပြုန်းတီးမှုတန်ဖိုး | ၃၂၀ |

၁။ အဆိုပါနိုင်ငံ၏ GDP, GNP နှင့် NNP တို့ကိုရှာပါ။
၂။ အကယ်၍နိုင်ငံ၏ လူဦးရေသည် (၂၄ သန်း) ဖြစ်လျှင် တစ်ဦးကျဝင်ငွေကိုရှာပါ။

(ခ) ဦးအောင်အောင်၏ဝင်ငွေသည် လစဉ် (၁၅၀၀၀၀) ကျပ်မှ (၂၀၀၀၀၀) ကျပ်သို့ တိုးသွားသောအခါ ကုန်စည်တစ်ခုအတွက် ဝယ်ယူသည့် အရေအတွက်သည် (၈၀) ယူနစ်မှ (၆၀) ယူနစ်သို့ လျော့နည်းလာလျှင် ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းကိုတွက်ချက်၍ မည်သည့်ကုန်စည် အမျိုးအစားဖြစ်သည်ကို သုံးသပ်ပြပါ။

(ဂ) အောက်ပါဇယားတွင် ကုန်စည်(၃)မျိုးတို့၏ ဈေးနှုန်းများနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။ (၂၀၁၂ ခုနှစ်သည် အခြေခံနှစ် ဖြစ်သည်။)

| ကုန်စည် | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | ဈေးနှုန်း(ကျပ်) ၂၀၁၂ ခုနှစ် | ဈေးနှုန်း(ကျပ်) ၂၀၁၃ ခုနှစ် |
|---|---|---|---|
| A | ၅ | ၁၂၀ | ၉၀ |
| B | ၄ | ၁၀၀ | ၁၅၀ |
| C | ၁၀ | ၅၀ | ၈၀ |

၁။ သက်ဆိုင်ရာနှစ်များ၏ စားသုံးသူဈေးဆန္ဒနှုန်းကိန်းများကို တွက်ချက်ပါ။
၂။ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်းကို တွက်ချက်သုံးသပ်ပြပါ။

---

# အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

## ပုသိမ်

လူငယ်များ၏ အနာဂတ်နှင့် နိုင်ငံတော်၏ အနာဂတ်ကဏ္ဍကို ပုံဖော်နိုင်ရန်အတွက် မျိုးဆက်သစ်တို့ အတွေးအခေါ်ကောင်းများ၊ စိတ်ဓာတ်ကောင်းများရရှိစေရန် ရည်ရွယ်ကျင်းပသည့် လူငယ်နှင့်အနာဂတ် ပြည်သူ့စကားဝိုင်းကို ပုသိမ်မြို့တွင် ဇူလိုင် ၁၃ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း၊ ရန်ကင်း ပညာရေးကောလိပ် ကျောင်းအုပ်ကြီး (ငြိမ်း) ဦးအောင်ဘဟိန်း၊ ဒေါက်တာ မျိုးကျော်ထွန်း၊ ဦးသန်းဝင်းနှင့် ဦးစန်းငွေတို့က ကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝေါလေမြိုင်

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ လော့ခေါ်ကျေးရွာအုပ်စု လော့ခေါ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၁၃ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရာ ကျေးရွာအုပ်စု၏ စိုက်ပျိုးရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာမီးလင်းရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဆွေးနွေးခဲ့ကြပြီး ကျေးရွာနေပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မင်္ဂလာဒုံ

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စွယ်စုံကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ ယနေ့လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးကို အသေးစိတ် သိရှိနားလည်စေရန်၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၃ ရက်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပစံပြရပ်ကွက် ဩဘာလမ်းရှိ စွယ်စုံကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ **(အပေါ်ပုံ)** အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဦးဆောင်၍ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး စွယ်စုံကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူ ငါးဦး၊ ကျောင်းသား လေးဦးတို့က ဆွေးနွေးခဲ့ကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဂန့်ဂေါ

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင်လပထမပတ်က ဂန့်ဂေါမြို့နယ် ရှုံးရှီရွာ အလင်းရောင်စာကြည့်တိုက်၌ ပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်နှင့် ကျေးရွာနေပြည်သူ ရှစ်ဦးတို့က ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာလုံခြုံရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ၊ သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ လယ်ယာမြေများကိစ္စတို့ကို တင်ပြဆွေးနွေးကြရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည် ဖြေကြားဆွေးနွေးကြသည်။ **ခရိုင်(ပြန်/ဆက်)**

## လှိုင်သာယာ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် Bio မျိုးဆန်း ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၃ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးမှူး ဒေါက်တာ ခင်ရူပါစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါ စကားဝိုင်းကို ကျောင်းသားလူငယ်ထုများ အကြား မူးယစ်ဆေးဝါး၏ အန္တရာယ်ကို ပိုမိုသိရှိလာစေရန်၊ မူးယစ်ဆေးဝါးကို မိမိတို့ပတ်ဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ပြီး ကာကွယ်တတ်စေရန်၊ မူးယစ်၏ ဆိုးကျိုးအပြစ်များ သိရှိကာ ရှောင်ရှားလာစေရန်၊ လူငယ်များ မေးမြန်းဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ထွန်းကားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ အဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ မန္တလေးဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၄

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေးဗဟို အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တစ်ဦးချင်းတင်ပြလိုသူများအား သီးခြားတွေ့ဆုံခဲ့ကြောင်း အဆိုပါကော်မရှင် ထံမှ သိရသည်။**



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့သည် ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေးဗဟိုအကျဉ်းထောင်တွင် အသက်မွေးဝမ်းကျောင်း ပညာများသင်ကြားပေးနေမှု **(ယာပုံ)**၊ အကျဉ်းသား၊ အချုပ်သားများကို လူ့အခွင့်အရေးချိုးဖောက်မှု ရှိ၊ မရှိ၊ စားဝတ်နေရေးအခြေအနေများ၊ အကျဉ်းထောင်အတွင်း အခြေခံပညာနှင့် တက္ကသိုလ်ဝင်တန်းသင်ကြားနေမှု၊ အကျဉ်းသား၊ အကျဉ်းသူများ၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တစ်ဦးချင်းတင်ပြလိုသူ ၁၈၄ ဦးအား သီးခြားတွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန ဘဲလင်း (၁) နှင့် (၂)ကုန်ထုတ်စခန်းရှိ အကျဉ်းသား၊ အကျဉ်းသူများအား အိပ်ဆောင်များတွင် အုပ်စုသုံးစုခွဲပြီး တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ၊ မရှိတို့ကို စစ်ဆေးမေးမြန်းသည်။

ထို့အပြင် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ စားဖိုဆောင်၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံ တင်ပြလိုသူအကျဉ်းသား ၂၈ ဦးတို့ကို တစ်ဦးချင်းတွေ့ဆုံပြီး အခက်အခဲများ မေးမြန်းခဲ့သည်။

ယင်းနောက် ကျောက်ဆည်မြို့နှင့်စဉ့်ကိုင်မြို့များရှိ ရဲစခန်း၊ တရားရုံးအချုပ်များကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ အခက်အခဲများမေးမြန်းခြင်း၊ ပြည်သူလူထုအပေါ်တွင် လူ့အခွင့်အရေးအရ ချိုးဖောက်မှုမရှိစေရေးတို့ကို ဆောင်ရွက်ရန် မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၄**




မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦး တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရရှိခဲ့သော ကျောင်းသူနှစ်ဦးတို့ကို ဂုဏ်ပြုဆုများနှင့် ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး **(ဝဲပုံ)** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းသား၊ သမီးများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၄၀၁၄ ဦးအနက် အောင်မြင်သူ ၁၄၉၀ ဖြစ်၍ ၃၇ ဒသမ ၁၂ ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီး ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာ ကိုးဦး၊ ငါးဘာသာ ၂၅ ဦး၊ လေးဘာသာ ၃၇ ဦး၊ သုံးဘာသာ ၆၃ ဦး၊ နှစ်ဘာသာ ၁၀၀ ဦး၊ တစ်ဘာသာ ၂၅၇ ဦး စုစုပေါင်း ၄၉၁ ဦး ရရှိခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ချင်းတွင်းမြစ်ကြောင်းအတွင်း ပြေးဆွဲလျက်ရှိသော စည်းကမ်းပျက်ရေယာဉ်များကို အရေးယူလျက်ရှိ

**မုံရွာ ဇူလိုင် ၁၄**

ချင်းတွင်းမြစ်ကြောင်းအတွင်း သွားလာလျက်ရှိသော ရေယာဉ်များ မတော်တဆမှုများမဖြစ်စေရေးအတွက် စစ်ဆေးကြပ်မတ်မှုများ ပြုလုပ်သကဲ့သို့ စည်းကမ်းပျက်ရေယာဉ်များကိုလည်း အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"လူစီးအမြန်ရေယာဉ်တွေကတော့ နေ့စဉ်စစ်ဆေးနေတယ်။ လမ်းကြောင်းတစ်လျှောက်က မြို့နယ်တွေမှာလည်း စစ်ဆေးကြပ်မတ်လို့ မတော်တဆမှုတွေ အဖြစ်နည်းသွားတယ်။ ကုန်တင်ရေယာဉ်တွေမှာလည်း အခုနောက်ပိုင်းမှာ ကြပ်မတ်စစ်ဆေးမှုတွေ လုပ်ဆောင်ပေးတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် မတော်တဆဖြစ်ပွားမှုနှုန်းတွေလည်း ကျဆင်းလာတယ်။ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောပွဲတွေ လုပ်ဆောင်ပေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ပေးပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ကြပ်မတ်မှုနဲ့ရေယာဉ်ပိုင်ရှင်တွေရဲ့ ပူးပေါင်းပါဝင်ပြီး စည်းကမ်းလိုက်နာမှုတွေကြောင့် လျော့ကျလာတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

ရေယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ဟုမ္မလင်းမြို့နယ်တွင် မြင်းကောင်ရေ ၂၀ အောက် လူစီးရေယာဉ်တစ်စင်းနစ်မြုပ်မှု တစ်ကြိမ်သာ ဖြစ်ပွားခဲ့ကြောင်းနှင့် ၎င်းနှင့်ကာလတူ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ကုန်တင်ရေယာဉ်အချင်းချင်း တိုက်မှုဖြစ်ပွားခြင်း နှစ်ကြိမ်၊ ကုန်တင်ရေယာဉ်နှင့် လူစီးရေယာဉ်တိုက်မှုတစ်ကြိမ်၊ ရေယာဉ်မီးလောင်မှုနှစ်ကြိမ်နှင့် ကုန်တင်ရေယာဉ် နစ်မြုပ်မှုတစ်ကြိမ် စုစုပေါင်းခြောက်ကြိမ် ဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# မြစ်ကြီးနားမှ ထွက်ခွာလာသည့် အမှတ်(၅၆)အစုန် အထူးအမြန်ရထား လမ်းချော်ရာမှ ပြန်လည်ပြုပြင်၍ ပုံမှန်သွားလာနိုင်

**မော်လူး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့၌ မြစ်ကြီးနားမှ ထွက်ခွာလာသော အမှတ် (၅၆)အစုန် အထူးအမြန်ရထားသည် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်က လမ်းချော်ခဲ့ရာမှ ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က လမ်းပေါက်သဖြင့် ရထားများ ပုံမှန်ခရီးစဉ်အတိုင်း ဆက်လက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရထားတွဲချော်ရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရထားများ အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါ အမှတ်(၅၆)အစုန်အထူးအမြန်ရထားမှ ခရီးသည်များ ခရီးသွားလာမှု အဆင်ပြေစေနိုင်ရန်အတွက် နန့်စီးအောင်ဘူတာသို့ ဖြတ်သန်းရောက်ရှိလာသည့် အမှတ် (၃၈) အစုန်မြစ်ဆုံရထားသို့ ပြောင်းလဲပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကျွမ်းကျင်စွာ အသုံးပြုနည်း(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဆင်းပွဲကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အဆင့်မြင့် မွမ်းမံလေ့ကျင့်ရေး သင်တန်းကျောင်း (သန်လျင်)၌ ကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး(ကိုယ်စား) ရဲမှူးကြီး မြင့်ထွေး သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။

ကိုကြီးတင်



# JICA SME Two-Step Loan စီမံချက်အရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကဏ္ဍအလိုက် ချေးငွေထုတ်ချေးထားမှု အခြေအနေ ၂၀၁၅-၂၀၁၆မှ ၂၀၁၇-၂၀၁၈ (ဇွန်လအထိ)




ဇာစ်မြစ် ။ မြန်မာ့စီးပွားရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# JICA SME Two-Step Loan စီမံချက်အရ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ချေးငွေထုတ်ချေးထားမှု အခြေအနေ ၂၀၁၅-၂၀၁၆မှ ၂၀၁၇-၂၀၁၈ (ဇွန်လအထိ)




ဇာစ်မြစ် ။ မြန်မာ့စီးပွားရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၁၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ **မိုး/ဇလ**

# Hospital Diary ရုပ်သံဇာတ်လမ်းတွဲ နေပြည်တော်၌ လာရောက်ရိုက်ကူး

နေပြည်တော် ဇူလိုင် ၁၄

**ဇာတ်ညွှန်း ထက်မြက်နိုင်ဇင် ပုံဖော်ရေးသားထားပြီး ဒါရိုက်တာ မင်းခိုက်စိုးစန် ရိုက်ကူးသည့် Hospital Diary အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Mount Pleasant Hotel ၌ ရိုက်ကူးခဲ့သည်။**

**အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မြင့်မြတ်၊ စွမ်းထက်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ဂုဏ်ရည်အေးကျော်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားပြီး အခြားသရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကာ Aung Pyi Entertainment ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သွားမည်ဖြစ်သည်။**



ဒါရိုက်တာ မင်းခိုက်စိုးစန်




သရုပ်ဆောင် မြတ်သူအောင်



သရုပ်ဆောင် အောင်မြင့်မြတ်



သရုပ်ဆောင် ဂုဏ်ရည်အေးကျော်

ဒါရိုက်တာ မင်းခိုက်စိုးစန်က ဇာတ်လမ်းတွဲ ရိုက်ကူးရခြင်း၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်း ဇာတ်ကွက်သဘောတရားများကို ရှင်းပြရာတွင် "အခု ကျွန်တော်ရိုက်နေတဲ့ ဇာတ်လမ်းတွဲနာမည်က လောလောဆယ်တော့ Hospital Diary လို့ ပေးထားပါတယ်။ ဇာတ်လမ်းတွဲအနေနဲ့ အပိုင်း ၄၀ လောက် ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ ဇာတ်အိမ်ကို အဓိက ဖွဲ့စည်းထားတာကတော့ ဆရာဝန်ဇာတ်ကောင် ငါးဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဇာတ်လမ်းအကျဉ်းအနေနဲ့ လူတစ်ယောက်ချင်းစီမှာ မတူညီတဲ့ စိတ်ခံစားချက်တွေ၊ မတူညီတဲ့ ဘဝနောက်ခံကားချပ်တွေရှိပါတယ်။ ဒါပေမယ့် သူတို့အားလုံးတူညီတဲ့ ရည်မှန်းချက်ကတော့ ဝေဒနာခံစားပြီး ရောက်လာတဲ့ လူနာတစ်ယောက် ခံစားနေရတဲ့ ရောဂါဇာစ်မြစ်ကို ရှာဖွေတဲ့နေရာမှာ အလွန်အားထုတ်ကြတဲ့ လူငယ်ဆရာဝန်တွေ ဖြစ်ကြပြီး ဆရာဝန်နဲ့ လူနာကြားမှာ အပြန်အလှန်ဖြစ်ပေါ်တတ်တဲ့ နားလည်မှု လွဲမှားတာတွေ၊ ပဋိပက္ခတွေကို ဘယ်လိုပြေလည်အောင် ဖြေရှင်းသွားမလဲဆိုတာတွေဟာ ဇာတ်လမ်းရဲ့ အဓိက သွေးကြောတွေပါ။ ဒီဇာတ်ကားကို ရိုက်ဖြစ်တာက ကျွန်တော် ဆရာဝန်အလုပ်ကို စွန့်လွှတ်လိုက်ပေမယ့် ဒီလောကအပေါ်ကို သံယောဇဉ်ကြီးနေတုန်းပါပဲ။ ဆေးလောကနဲ့ပတ်သက်လို့ အထင်အမြင်လွဲမှားမှုတွေ၊ ဝေဖန်မှုတွေ များပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြစ်တင်တာထက် နားလည်မှုကို တည်ဆောက်တာက အဖြေကို ရှာဖွေရေးနည်းလမ်းအမှန်ပါ။ အပြစ်မတင်ကြဘဲ နားလည်မှုတည်ဆောက်နိုင်တဲ့ လောကဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။

"နေပြည်တော်နဲ့ ရန်ကုန်ကွာဟချက်လေးတွေ ပြောရရင်တော့ ရန်ကုန်မှာက နေရာရှုခင်းတွေ ထပ်နေပါပြီ။ နေပြည်တော်က သဘာဝပတ်ဝန်းကျင်အသစ်ကို ဘယ်သူကမှ ဖော်ထုတ်ထားခြင်းမရှိသေးပါဘူး။ ပရိသတ်တွေအတွက် ဆန်းသစ်တဲ့ မြင်ကွင်းတွေ ရှာမယ်ဆိုရင် ရှာနိုင်သလောက် သဘာဝဆန်တဲ့ နေရာတွေ နေပြည်တော်မှာ အများကြီးရှိပါသေးတယ်။ ကျွန်တော် ဇာတ်လမ်းမှာ အဓိက ပါဝင်ရမှာက ဆေးရုံကြီးတစ်ရုံပါ။ ဆေးရုံရဲ့အနေအထားကလည်း ရန်ကုန်မှာဆိုရင် အခက်အခဲ အများကြီးရှိပါတယ်။ နေပြည်တော်မှာက အဆင်ပြေတယ်။ လွယ်ကူပါတယ်။ အဲဒါကြောင့် ဇာတ်လမ်းအတွဲ ၄၀ လုံးကို နေပြည်တော်မှာ ရိုက်ဖို့ စီစဉ်ထားပါတယ်။ အနီးအနားတစ်ဝိုက်မှာရှိတဲ့ အနုပညာဝါသနာပါတဲ့သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း နေပြည်တော်မှာ အနုပညာလုပ်ငန်းတွေ၊ ရိုက်ကူးရေးလုပ်ငန်းတွေ ဖြစ်စေချင်တယ်လို့ ပြောလို့ ကျွန်တော်တို့ လာရောက်တဲ့ ရည်ရွယ်ချက်နဲ့ အတော်လေးကို ကိုက်ညီနေပါတယ်။

"နေပြည်တော်မှာ ရုပ်ရှင်စတူဒီယိုဆောက်ရင် မြန်မာအနေအထားနဲ့ ကိုက်ညီတဲ့ ပုံသဏ္ဌာန်တစ်ခု ဆွဲထားပါတယ်။ အဓိကအဆောင်အကြီးက A,B စတူဒီယို အဆောင်အရှည်ကြီး နှစ်ဆောင်ပါပါတယ်။ ရုံးခန်း၊ စားသောက်ဆိုင်၊ ဆေးရုံ၊ ရဲစခန်း၊ တရားရုံး၊ စာသင်ကျောင်း၊ ဟိုတယ်စတဲ့ အဆောက်အအုံပုံစံတွေကို တည်ဆောက်မှာပါ။ ရုပ်ရှင်လောကသားတွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေရော အခြေခံအလွှာတွေပါ ဈေးသက်သက်သာသာနဲ့ တည်းခိုနိုင်မယ့် အဆောင်ကြီးတွေလည်း လိုအပ်မှာပါ" ဟု ပြောသည်။

သရုပ်ဆောင် မြတ်သူအောင်က "အခု ရိုက်နေတဲ့ Hospital Diary ဇာတ်လမ်းတွဲမှာ ကျွန်တော်က ဒေါက်တာကျော်သူ နေရာကနေ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ဒေါက်တာကျော်သူရဲ့ဇာတ်ကောင်စရိုက်က သူက အေးအေးဆေးဆေးသမားပါ။ တခြားဒေါက်တာတွေက စေတနာတွေပိုတယ်။ သူတို့က ဆရာဝန်ဘောင်အပြင်ကို လှေ့လာကြတယ်။ ပိုပြီးတော့ ကူညီချင်ကြတယ်။ လူနာတွေရဲ့ နောက်ကြောင်းကအစ ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲ ဆိုပြီး လေ့လာကြတယ်။ ဒေါက်တာကျော်သူက အဲဒီလိုမဟုတ်ပါဘူး၊ လူနာတစ်ယောက်ကို မှာစရာရှိတာမှာမယ်။ လက်ခံတာ၊ မခံတာ၊ လိုက်နာတာ မလိုက်နာတာ သူတို့ကိစ္စဆိုပြီး ထားတယ်။ ခေါင်းထဲသိပ်မထည့်တဲ့ ဆရာဝန်ဇာတ်ကောင်စရိုက်ပါ။ ထူးခြားတာက ဒေါက်တာကျော်သူက သူ့ရဲ့ပုဂ္ဂိုလ်ရေးမှာက ပြိုကွဲနေတဲ့ မိသားစုကနေလာတာပါ။ သူ့အမေက သူ့အဖေကို ထားသွားပြီးတော့ ဆေးကုမ္ပဏီတစ်ခုရဲ့ ပိုင်ရှင်နဲ့ ဘဝသစ်ထူထောင်သွားလို့ သားအဖနှစ်ယောက်ကျန်ခဲ့တယ်။ အဲဒီအချိန်မှာ ဆေးကုမ္ပဏီက အောင်မြင်သွားပြီး သူ့အမေက အင်တာဗျူးတစ်ခုမှာ သူ့နာမည် ထည့်ပြောလို့ သူက မကြိုက်ဘူး၊ လက်မခံဘူး။ အမေနဲ့သားနဲ့ဇာတ်ပါ။ ကျွန်တော် နေပြည်တော်မှာ ရိုက်ရတာပျော်တယ်။ ရန်ကုန်လို ကားတွေ မကျပ်တော့ ရိုက်ကွင်း စောစောစလို့ရတယ်။ ရှုတင်ဆိုရင်လည်း အချိန်ကိုက်စလို့ရတယ်။ အလုပ်လည်း တွင်ကျယ်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် အောင်မြင့်မြတ်က "ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ ဒေါက်တာနောင်ရိုး နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ကျွန်တော့်ဇာတ်ကောင်စရိုက်က လူနာတွေကို ဂရုစိုက်တတ်တဲ့ ဆရာဝန်စရိုက်ပါ။ လူနာကပြောတဲ့ စကားကို လူနာကိုပြန်ပြီး ဂရုတစိုက် ပြန်မပြောပေမယ့် ခေါင်းထဲမှာတော့ လူနာအတွက် အကြောင်းအရာတွေကို စဉ်းစားနေတတ်တဲ့ ဆရာဝန်ပုံစံမျိုးပါ။ နေပြည်တော်မှာ လာရိုက်တာက ကျွန်တော်တို့တင်မဟုတ်ပါဘူး၊ ဦးစတီးလ်တို့လည်း လာရိုက်နေကြတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့လည်း ရုပ်ရှင်တွေရိုက်ဖို့ ပြောနေကြပါတယ်။ ကျွန်တော့်အထင်ကတော့ နောက်ပိုင်းကျရင် ရန်ကုန်ထက် နေပြည်တော်မှာ ပိုပြီးတော့ အခြေတည်ရမယ်လို့ ထင်ပါတယ်။ ဒီမှာက သွားရေးလာရေးလည်း အဆင်ပြေပါတယ်။ ရှုခင်းတွေ၊ နေရာတွေကလည်း အသစ်တွေဆိုတော့ အမြင်ဆန်းတာပါတယ်။ ရန်ကုန်နဲ့ မတူတာတွေလည်း ရှိပါတယ်။ ဒီမှာ အခြေတည်လာရင်တော့ နောက်ပိုင်းမှာ အားလုံးအဆင်ပြေလာမယ်လို့ ထင်ပါတယ်။ နေပြည်တော်မှာ စတူဒီယိုဆောက်မယ်ဆိုတော့ ပိုပြီးတော့ အဆင်ပြေလာတော့မှာပါ။ ကိုနေတိုးလည်း ရန်ကုန်မှာ ဆောက်ထားပါတယ်။ ရန်ကုန်မှာက အမြင်တွေ၊ နေရာတွေလည်း ထပ်နေကြပြီ။ ဒီဇာတ်လမ်းလေးကို လက်ခံဖြစ်တာက ဆရာ မင်းခိုက်စိုးစန်နဲ့ ရှေ့မှာ ပန်းနှစ်ပွင့်စီးချင်းဇာတ်ကားမှာလည်း အလုပ်လုပ်ဖူးပါတယ်။ ဆရာနဲ့က အမြဲလို တွေ့ဖြစ်တော့ ဇာတ်လမ်းအကျဉ်းလေး ပြောဖြစ်တယ်။ အခုက ဆရာဝန်ဇာတ်ကောင်စရိုက်လေးပါ။ ရှေ့ကားမှာက ရှေ့နေပုံစံပါ။ ဆရာကိုယ်တိုင်ကလည်း ဆရာဝန်ဖြစ်တာရယ်၊ အပြင်လောကမှာ ဆရာဝန်တွေနဲ့ လူနာတွေနဲ့ လွဲမှားနေကြတာကို ဘာကြောင့်ဆိုတဲ့ အချက်လေးတွေ ပါတယ်ဆိုတော့ စိတ်ဝင်စားတာရယ်၊ ဆရာနဲ့လည်း အလုပ်လုပ်ချင်တာရယ်ကြောင့် လက်ခံဖြစ်သွားတာပါ" ဟု ပြောသည်။

သရုပ်ဆောင် ဂုဏ်ရည်အေးကျော်က "ဒီဇာတ်လမ်းတွဲမှာ ဒေါက်တာဧကရီ အနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီရိုက်ကွင်းမှာတော့ ဒေါသထွက်နေတဲ့ ဇာတ်ကောင်အနေနဲ့ သရုပ်ဆောင်တာပါ။ အစ်မက ကိုယ်ဝန်ဖျက်ချရင်းနဲ့ လက်သည်ကြောင့် အသက်ဆုံးရှုံးသွားလို့ ဒေါသထွက်နေတဲ့ သရုပ်ပါ။ ပုံမှန်အားဖြင့်တော့ ဇာတ်လမ်းတွဲ တစ်ခုလုံးမှာ ဖော်ဖော်ရွေရွေ ဖျောင်းဖျောင်းဖျဖျနဲ့ လူနာနဲ့ ဆရာဝန်တွေ ပြဿနာတက်ပြီဆို ဖျောင်းဖျပေးတဲ့၊ စိတ်ရှည်ပေးတဲ့ နှလုံးလှဆရာဝန်မလေးပုံစံ သရုပ်ဆောင်ထားပါတယ်" ဟု ပြောသည်။

**အမေးအရေး-အေးအေးသန့်**




**Hospital Diary** အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ ဇာတ်ဝင်ခန်းတချို့ နေပြည်တော်၌ ရိုက်ကူးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နှင်းစက်

# ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းရေးဆွဲရေးအထောက်အကူပြု အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၄**

ဒုတိယအကြိမ်မြောက် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းရေးဆွဲရေး အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ် အင်းလျားလမ်း သတ္တဗေဒဌာန ရေနေသက်ရှိသုတေသနဌာနဝင်းအတွင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ MYSAP စီမံကိန်းမှ Mr.Peter Buri ၊ နယူးဇီလန်နိုင်ငံ Otago တက္ကသိုလ်မှ ဒုတိယပါမောက္ခ Dr. Peter Mark ၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါက်တာအေးမိစံတို့က အမှာစကားပြောကြားကြသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်မည့် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်ပို့ချရန် ငါးလုပ်ငန်းပညာဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိထားသူများနှင့် ငါးလုပ်ငန်းပညာဘာသာရပ်ကို သုတေသနပြုလုပ်နေသူများထဲမှ သင်တန်းသား ၂၅ ဦး ရွေးချယ်ကာ အရည်အချင်းမြှင့်တင်နေခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(MYSAP) အား ဥရောပသမဂ္ဂနှင့် ဂျာမနီ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျာမနီ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းသည် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတကာမှ ကျွမ်းကျင်သူများ၊ ပါမောက္ခများဖိတ်ခေါ်၍ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန၌ ဆောင်ရွက်နေသော ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ အထောက်အကူပြုအလုပ်ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည့်အပြင် သင်တန်းများအတွက် အသုံးပြုမည့် ဓာတ်ခွဲခန်းများ၊ စာသင်ခန်းများကို ပြုပြင်မွမ်းမံခြင်းနှင့် ဘွဲ့လွန်ကျောင်းသားများထဲမှ သင့်တော်သူများကို ဒေသတွင်းနိုင်ငံများရှိ တက္ကသိုလ်များသို့ ပညာတော်သင်စေလွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန၌ စတင်ဖွင့်လှစ်သင်ကြားမည့် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဆိုင်ရာ သိပ္ပံဘွဲ့သင်တန်းတွင် ကျောင်းသား ၅၀ ကို လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ရေသတ္တဝါမွေးမြူရေးကဏ္ဍသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ပြည်သူများ အာဟာရပြည့်ဝရေး၊ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေသော နိုင်ငံခြားငွေရှာဖွေပေးသည့် ကဏ္ဍကြီးတစ်ခုဖြစ်ပြီး ၂၀၁၇-၂၀၁၈ခုနှစ်တွင် နိုင်ငံခြားသို့ အမေရိကန်ဒေါ်လာသန်းပေါင်း ၇၁၁ သန်းတန်ဖိုးရှိ ငါး၊ ပုစွန်တန်ချိန်ပေါင်း ၅၆၀၀၀၀ တင်ပို့နိုင်ခဲ့ကာ နှစ်ပေါင်း ၂၀ အတွင်း ပို့ကုန်စံချိန်တင်ခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကွင်းလယ်ချင်းအားပြိုင်မယ့် ပြင်သစ်နဲ့ ခရိုအေးရှား

**ဝင်းမြတ်**

**၁၅ ဇူလိုင်လ ၂၀၁၈ ည ၉း၃၀ (Luzhniki Stadium)**

လာမယ့် ဇူလိုင် ၁၅ ရက်မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးရဲ့ဗိုလ်လုပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ချန်ပီယံဟောင်းပြင်သစ်နဲ့ ချန်ပီယံမဖြစ်ဖူးသေးတဲ့ ခရိုအေးရှားတို့ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေတယ်။

### ပြင်သစ်ရဲ့အခြေအနေ

ပြင်သစ်ဟာ ဒီပြိုင်ပွဲအတွင်း ခြေစွမ်းကောင်းတွေကို ပြသထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ အထူးသဖြင့် အုပ်စုပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအား နည်းခဲ့ပေမယ့်လည်း ရှုံးထွက်အဆင့် ပွဲစဉ်တွေမှာတော့ ဂျီရုဒ်ကို ပွဲထွက်အသုံးပြုခဲ့ပြီး အမ်ဘတ်ပေ၊ ဂရစ်ဇ်မန်းတို့နဲ့ တွဲဖက်ပေးခဲ့ရာမှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအား သိသိသာသာတိုးတက်လာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကန်တီ၊ ပေါ့ဂ်ဘာတို့ရဲ့ ကွင်းလယ်ပိုင်းကလည်း ဖန်တီးမှုအားကောင်းသလို တိုက်စစ်ကိုရော ခံစစ်ကိုပါ ကူနိုင်တာကြောင့် ပြင်သစ်ခြေက အကောင်းဆုံးဖြစ်နေတယ်။ ဒါ့အပြင် ဘယ်လ်ဂျီယံကို အနိုင်ရရှိခဲ့တဲ့ ဆီမီးဖိုင်နယ်အဆင့်မှာဆိုရင်လည်း ပြင်သစ်ရဲ့ ခံစစ်ကစားပုံက ကောင်းမွန်မှုရှိခဲ့တာကို တွေ့ရပါတယ်။ ပြိုင်ပွဲတစ်ခုလုံးမှာ ပြင်သစ်အနေနဲ့ အာဂျင်တီးနား၊ ဩစတြေးလျတို့နဲ့ ပွဲတွေမှာသာ ဂိုးတွေပေးခဲ့ရပြီး ကျန်ပွဲတွေမှာတော့ ပေးဂိုးမရှိ ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

### ခရိုအေးရှားရဲ့အခြေအနေ

ခရိုအေးရှားအနေနဲ့ ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး အထူးသဖြင့် ကွင်းလယ်ပိုင်းက အကောင်းဆုံးပုံစံကို ရရှိခဲ့တာတွေ့ရပါတယ်။ မိုဒရစ်၊ ရာကီတစ်၊ ကိုဗာဆစ်၊ ဘရိုဇိုဗစ်တို့ပါဝင်နေတဲ့ ခရိုအေးရှားကွင်းလယ်က ကမ္ဘာ့အဆင့် ကွင်းလယ်မျိုးဖြစ်ပြီး ဘယ်ပြိုင်ဘက်ကိုမဆို ကွင်းလယ်ပိုင်းယှဉ်ကစားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် အဓိက တိုက်စစ်မှူး မန်ဇူကစ်အနေနဲ့ ဒီပြိုင်ပွဲမှာ ဂိုးသွင်းခြေပုံမှန်မရှိခြင်းက ခရိုအေးရှား တိုက်စစ်ကိုအားလျော့စေတာ သတိပြုရမှာဖြစ်ပါတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး ဗိုလ်လုပွဲဖြစ်တာနဲ့ အညီ တိုက်စစ်ဖွင့်ကစားဖို့ထက် ဂိုးမပေးရအောင် အားစိုက်ကစားပြီးမှ အမှားစောင့်ကာ အခွင့်အရေးရဖို့ကြိုးစားလာနိုင်ပါတယ်။ ဒါ့အပြင် ဒီနှစ်သင်းစလုံးအနေနဲ့ ကွင်းလယ်ပိုင်းကစားပုံကောင်းမွန်ကြတာကြောင့် ဒီပွဲက ကွင်းလယ်ပိုင်း အားပြိုင်မယ့်ပွဲလည်းဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းကစားပုံမှာတော့ ပြင်သစ်က ပိုမိုအားကောင်းနေလို့ ပြင်သစ်ပဲ ချန်ပီယံဖြစ်မယ်လို့ ထင်ပါတယ်။



ပြင်သစ်အသင်း၏ အားထားရသည့် ကစားသမား ဂရစ်ဇ်မန်း



ခရိုအေးရှားအသင်း၏ အားထားရသည့် ကစားသမား မိုဒရစ်

| ပြင်သစ် | Vs | ခရိုအေးရှား |
| --- | --- | --- |
| **နောက်ဆုံးဆုံတွေ့မှု (၂၉-၃-၁၁)** | | |
| ပြင်သစ် | ၀-၀ | ခရိုအေးရှား |
| **ပြင်သစ်၏ ကမ္ဘာ့ဖလားခြေစွမ်း** | | |
| ပြင်သစ် | ၁-၀ | ဘယ်လ်ဂျီယံ |
| ဥရုဂွေး | ၀-၂ | ပြင်သစ် |
| ပြင်သစ် | ၄-၃ | အာဂျင်တီးနား |
| ဒိန်းမတ် | ၀-၀ | ပြင်သစ် |
| ပြင်သစ် | ၁-၀ | ပီရူး |
| ပြင်သစ် | ၂-၁ | ဩစတြေးလျ |
| **ခရိုအေးရှား၏ ကမ္ဘာ့ဖလားခြေစွမ်း** | | |
| ခရိုအေးရှား | ၂-၁ | အင်္ဂလန် |
| ရုရှား | ၂-၂ | ခရိုအေးရှား |
| ခရိုအေးရှား | ၁-၁ | ဒိန်းမတ် |
| အိုက်စလန် | ၁-၂ | ခရိုအေးရှား |
| အာဂျင်တီးနား | ၀-၃ | ခရိုအေးရှား |
| ခရိုအေးရှား | ၂-၀ | နိုင်ဂျီးရီးယား |

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၈ ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ကျင်းပလျက်ရှိပြီး**(ယနေ့)** နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အုပ်စု(က)မှ ကာကွယ်ရေးဝန်ကြီးဌာနက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ၁၀ ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(ခ)မှ ပညာရေးဝန်ကြီးဌာနက နယ်စပ်ရေးရာဝန်ကြီးဌာနကို သုံးဂိုး- တစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အုပ်စု(ဂ)မှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(ဃ)မှ ပြည်ထဲရေးဝန်ကြီးဌာနက နေပြည်တော်စည်ပင်ကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့သည် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်တို့သည် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သည် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံး

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် အကြိမ်(၂၀) မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီမှစ၍ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

အုပ်စုနောက်ဆုံးနေ့တွင် ထိုင်းအသင်းက မြန်မာ(က) အသင်းကို သုံးပွဲပြတ်၊ မလေးရှားအသင်းက မြန်မာ(ခ) အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းများသည် ပြိုင်ပွဲနောက်ဆုံးနေ့တွင် ရှုံးပွဲကြုံတွေ့ခဲ့ပြီး မြန်မာ (က) အသင်းသည် ထိုင်းအသင်းကို ၂၅-၂၀ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် သုံးပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာ (ခ) နှင့် မလေးရှားအသင်းပွဲတွင်လည်း အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး မလေးရှားအသင်းက ၁၃-၂၅ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၂-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၁၅-၁၁ မှတ်ဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက သုံးပွဲနိုင်ဖြင့် အုပ်စုပထမ၊ မြန်မာ (က) အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုတတိယ၊ မြန်မာ (ခ) အသင်းက သုံးပွဲစလုံးရှုံးကာ အုပ်စု စတုတ္ထနေရာ ရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၅ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် ထိုင်းအသင်းနှင့် မြန်မာ (ခ) အသင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာ (က) အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**




မြန်မာ (က) နှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယနေရာ ဘယ်လ်ဂျီယံတို့ ရရှိ

ရုရှားနိုင်ငံတွင် ကျင်းပသည့် ၂၀၁၈ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး၏ တတိယနေရာလုပွဲအဖြစ် ဇူလိုင် ၁၄ ရက် ညပိုင်းတွင် ဘယ်လ်ဂျီယံနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲကို စိန့်ပီတာစဘက်မြို့ ခရက်စ်တော့ဗ်စကီးကွင်း၌ ယှဉ်ပြိုင်ခဲ့ပြီး ကွင်းလယ်ဒိုင်အဖြစ် အီရန်နိုင်ငံသား အလီရက်ဇာဖက်ဟာနီက တာဝန်ယူကိုင်တွယ်ခဲ့ကာ ပရိသတ်ပေါင်း ၆၄၀၀၀ ကျော် လာရောက်အားပေးခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ၃-၄-၂-၁ ကစားကွက်ဖြင့် လည်းကောင်း၊ အင်္ဂလန်အသင်းသည် ၃-၅-၂ ပုံစံဖြင့် လည်းကောင်း ပွဲထွက်လာခဲ့ကြသည်။ ပွဲစပြီး လေးမိနစ်တွင် ချာဒလီ ဖန်တီးမှုကို ကွင်းလယ်ကစားသမား သောမက်စ်မူနီယာ က အနီးကပ်ပိတ်သွင်းယူခဲ့၍ ဘယ်လ်ဂျီယံတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၈၂ မိနစ်တွင် အသင်းခေါင်းဆောင်ဟာဇက်က တစ်ကိုယ်တော်စွမ်းရည်ဖြင့် ဘယ်လ်ဂျီယံအသင်းအတွက် ဒုတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် အင်္ဂလန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်အနက် ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ဂိုးကန်သွင်းခွင့် ကိုးကြိမ်အနက် လေးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။

ဘယ်လ်ဂျီယံအသင်းသည် အကြိုဗိုလ်လုပွဲသို့ ဒုတိယအကြိမ်မြောက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်ကြိမ်စလုံး အကြိုဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့၍ တတိယနေရာလုခဲ့ရာ ပထမအကြိမ် ၁၉၈၆ ခုနှစ် ပြင်သစ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး အချိန်ပိုထိယှဉ်ပြိုင်ခဲ့ရာ လေးဂိုး-နှစ်ဂိုး ဖြင့်ရှုံးနိမ့်ခဲ့၍ စတုတ္ထနေရာနှင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားသမိုင်းတွင် အမြင့်ဆုံး တတိယနေရာထိ ရရှိခဲ့ဖူးပြီ ဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားသမိုင်းတွင် ၁၉၆၆ ခုနှစ်က ချန်ပီယံဖြစ်ခဲ့ပြီး နောက်ပိုင်း ဒုတိယအကြိမ်မြောက် စတုတ္ထနေရာ ရခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ် တတိယနေရာလုပွဲကို ၁၉၉၀ ပြည့်နှစ်တွင် အီတလီအသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ အင်္ဂလန်အသင်းသည် ယနေ့ပွဲတွင်လည်း ဒုတိယမြောက် ထပ်မံရှုံးနိမ့်ခဲ့ရပြီး စတုတ္ထနေရာ၌သာ ကျေနပ်ခဲ့ရသည်။

၂၀၁၈ ကမ္ဘာ့ဖလားဗိုလ်လုပွဲကြီးကို ပြင်သစ်အသင်းနှင့် ခရိုအေးရှားအသင်းတို့သည် ဇူလိုင် ၁၅ရက် ည ၉နာရီခွဲတွင် မော်စကိုမြို့၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး ကွင်းလယ်ဒိုင်အဖြစ် အာဂျင်တီးနားနိုင်ငံသား နက်စ်တာပီတားနား က တာဝန်ယူမည် ဖြစ်သည်။ **သီဟ**

**❍ ကျောဖုံးမှ**

ဂျိုးဇက်နေရာတွင် အထောင်တိုက်စစ်မှူးအဖြစ် ကစားသည့် မတ်ခ်သည် ၁၁ မိနစ်နှင့် ၁၆ မိနစ်တွင် ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း ပထမအကြိမ်မှာ ဂိုးထဲဝင်ခါနီးမှ ရှမ်းနောက်ခံလူ ဖျက်ထုတ်နိုင်ခဲ့သလို ဒုတိယအကြိမ်မှာလည်း တိုင်ထိထွက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ၂၇ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးရခဲ့ပြီး ဒေးဗစ်ဒန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံငြိမ်လာပြီး ၃၉ မိနစ်တွင် ခရစ္စတိုဖာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၅၉ မိနစ်တွင် မတ်ခ်က ချေပဂိုးပြန်သွင်းခဲ့သည်။ ဟံသာဝတီအသင်းသည် လက်ကျန်မိနစ်များတွင် ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားသွားခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မကွေးနှင့် Southern အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ Southern အသင်းသည် ၇၈ မိနစ်တွင် အောင်မိုး သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း မကွေးအသင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် အောင်မြင့်ထွန်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၂၀) တတိယနေ့ကို ဇူလိုင် ၁၅ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

**❑ ကျောဖုံးမှ**

ကနူးကယက်လှေကစားသမားတွေကို ပြန်စုစည်းပြီးလက်ရွေးစင်နဲ့ မျိုးဆက်သစ်ကစားသမားတွေကို စခန်းသွင်းလေ့ကျင့်တယ်။ ဒီအာရှပြိုင်ပွဲမှာ ကယက်မီတာ ၅၀၀ ပြိုင်ပွဲကို အမျိုးသားခြောက်ဦးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကနူးကယက်လှေကို ၁၉၉၇ အင်ဒိုနီးရှားဆီးဂိမ်းကစပြီး ဝင်ရောက်ခဲ့တာ ငွေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ အခုအာရှအဆင့်မှာလည်း ဆုတံဆိပ်မျှော်မှန်းထားပါတယ်"ဟု ပြောသည်။ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး၊ ဆုတံဆိပ်များ နိုင်ငံ့ဂုဏ်ဆောင် ဆွတ်ခူးပေးနိုင်သော လှေလှော်အသင်းဖြစ်ပြီး ယခုအာရှပြိုင်ပွဲတွင်လည်း ဆုတံဆိပ်များ မျှော်မှန်းထားကြောင်း သိရသည်။

**အေးကေလင်း**

**❖ ကျောဖုံးမှ**

ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်တို့ဖြင့် လူစုံခဲ့ပြီး ထိုင်းအသင်းကို အနိုင်ရသည့် ပွဲထွက်လူစာရင်းမှ တစ်ဦးသာ အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ ပွဲအစတွင် မြန်မာအသင်း ကစားကွက်တည်မရ ဖြစ်နေသည်ကို မလေးရှားအသင်း အခွင့်ကောင်းယူနိုင်ခဲ့ပြီး သုံးမိနစ်တွင် မိုဟာမက်မာဝမ်၊ ၁၈ မိနစ်တွင် ဆာရာဟီရန်တို့ ဦးဆောင်ဂိုးများ သွင်းယူခဲ့သည်။ မထင်မှတ်ဘဲ နှစ်ဂိုး ဆက်ပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ဂိုးပြန်ရရန်ကြိုးစားလာပြီး ၂၄ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၂၆ မိနစ်တွင် မြတ်ကောင်းခန့်တို့က ချေပဂိုးများ ပြန်သွင်းယူခဲ့သည်။ ချေပဂိုးများပြန်ရသွား၍ မြန်မာအသင်း စိတ်ဓာတ်အမြင့်ဆုံးရောက်သွားပြီး ၃၁ မိနစ်တွင် မြတ်ကောင်းခန့် ထောင့်ကန်ဘောမှ တိုက်ရိုက်ကန်သွင်းကာ တတိယဂိုးရယူခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပိုင်းတွင်လည်း ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး မလေးရှားအသင်း ချေပဂိုးရရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ၇၆ မိနစ် တွင် မြန်မာအသင်း ကာကွယ်နေသည့်ကြားမှ မလေးရှား ချေပဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ရှီဗန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် သရေကျပြီးနောက်ပိုင်းတွင် မလေးရှားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရကာ ၉၀+ ၃ မိနစ်တွင် ဂိုးထပ်ပေးလိုက်ရသည်။ မလေးရှားအတွက် အနိုင်ဂိုးကို ဆာရာဟီရန်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်း ဖြစ်သည်။ မလေးရှားအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့ပြီး ငါးကြိမ်ဆက်ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ရမှုကို အဆုံးသတ်နိုင်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် တတိယအကြိမ်ဗိုလ်စွဲရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ **ရဲရင့်ရှိန်း**

## မြန်မာ့ရုပ်မြင်သံကြား

၁၅ -၇-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် (မြတ်ဗုဒ္ဓရုပ်ပွား ရေဆန်ကျွန်းဘုရား)

၈း၃၅ - **ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး (စတုတ္ထနေ့)စကားသံများ**

၉း၀၀ - **အာဇာနည်နေ့ ဘယ်ခါမမေ့ နိုင်သည့် ပြည်သူတို့ရဲ့ စကားသံ**(စည်သူ ဗိုလ်ကလေးတင့်အောင် နှင့်အဖွဲ့

၉း၃၅ - MRTV Travelogue

၁၀း၀၀ - Sunday Talk

၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ

၁၁း၀၀ - လှပစုံလင် အာဆီယံတစ်ခွင်

၁၁း၀၅ - ကဗျာရိပ်မြုံ **စကားထာ**

၁၁း၂၅ - ကျန်းမာရေးမဂ္ဂဇင်း **အသည်းခြောက်ရောဂါ အကြောင်းသိကောင်းစရာ** (အပိုင်း-၂)

၁၁း၃၀ - **အာဇာနေယျ အာဇာနည်** (ဦးသန်းလွင်နှင့်ကလေးများ)

၁၂း၄၅ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် **စက္ကောမ** (ခင်မောင်ဇင်၊ ကြည်ကြည်ဌေး)(ဒါရိုက်တာ အောင်မင်းမောင်ချစ်)

၁၅း၀၀ - Sunday Talk

**ညပိုင်း**

၁၅း၄၅ - **Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်** (Myawady FC Vs Zwekapin United FC)

၁၈း၂၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် **လွတ်လပ်ရေး သင်္ကေတရှိရာ အပန်းဖြေ လည်ပတ်စရာ နေရာဆီ**

၁၈း၃၅ - **မြန်မာနိုင်ငံရှိ လူကုန်ကူးခံရ သူများအတွက် အခွင့်အရေး နှင့် ပြစ်မှုတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ**

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးမပြေ** (အပိုင်း -၆)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

- **၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနား တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်**

- **၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ပြင်သစ် အသင်းနှင့် ခရိုအေးရှား အသင်း)**

# ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး လုပ်ပိုင်ခွင့်ကို အသုံးပြု၍ အဂတိလိုက်စားသူနှင့် ပူးပေါင်းကြံစည်သူတို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်စီ ပြစ်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၁၄

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် အုပ်ချုပ်ရေးမှူးဟောင်း ဦးမြင့်လွင်တို့အပေါ် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီ ချမှတ်လိုက်ကြောင်း သိရသည်။**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာ သောင်နုမြေအား ခြံကွက်ရိုက် ရောင်းချခြင်းကိစ္စနှင့် စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ် အရေးယူပေးရန် မွန်ပြည်နယ် လွှတ်တော်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်တင်သည် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း သောင်နုမြေများကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်မရှိဘဲ ခြံမြေအကွက်ရိုက်၍ ရောင်းစားခြင်း၊ ရရှိသောငွေများနှင့် စပ်လျဉ်း၍ စာရင်းရှင်းတမ်းများ တင်ပြရာတွင် အမှန်တကယ် ဆောင်ရွက်ခဲ့ခြင်းမရှိသည့် လုပ်ငန်းများကို ပြေစာအတုများဖြင့် တင်ပြခဲ့ခြင်းတို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ အဂတိလိုက်စားမှု ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးသက်တင်အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ ကော့ထင်း စံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း ဦးမြင့်လွင်သည် လုပ်ပိုင်ခွင့်အာဏာ မရှိသော်လည်း ဦးသက်တင်၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုပြီး အဂတိလိုက်စားမှု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်သူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးမြင့်လွင်အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် မွန်ပြည်နယ် တရားလွှတ်တော်၌ တရားစွဲတင်ပို့ခဲ့ပြီး ရာဇဝတ်ကြီးမှုအမှတ် ၂/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

မွန်ပြည်နယ် တရားလွှတ်တော်မှ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဦးသက်တင်အား အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်၊ ဦးမြင့်လွင်အား အလုပ်နှင့် ထောင်ဒဏ် သုံးနှစ် အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျမှုကြောင့် တစ်ဖက်မျက်နှာချင်းဆိုင်ကမ်းပါးယံတွင် ရေမဆေးကျောက်ရှာဖွေသူများအား ရေလှိုင်းရိုက်မိ၍ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ပွား

**ဖားကန့် ဇူလိုင် ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမကုမ္ပဏီ လုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်က အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျမှုကြောင့် တစ်ဖက်မျက်နှာချင်းဆိုင် ကမ်းပါးယံတွင် ရေမဆေးကျောက် ရှာဖွေသူများအား ရေလှိုင်းရိုက်မိ၍ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၄၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ ပြုတ်ကျပျောက်ဆုံးသူများအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြင့်မြတ်သူလူမှုကူညီရေးနှင့် သင်္ဂဟလူမှုကူညီရေးအသင်းအဖွဲ့များက ဝိုင်းဝန်းရှာဖွေခဲ့ရာ သေဆုံးသူအလောင်း ၁၄ လောင်း၊ ဒဏ်ရာရရှိသူ ၄၆ ဦးအား ရှာဖွေတွေ့ရှိခဲ့ပြီး လုံးခင်းဆေးရုံသို့ ပို့ဆောင်ကာ ဒဏ်ရာရရှိသူများအား လိုအပ်သည့်ကုသမှုများ ဆောင်ရွက်နေစဉ်အတွင်း ဒဏ်ရာရရှိသူများထဲမှ တစ်ဦး သေဆုံးသွားခဲ့ကာ သေဆုံးသူ စုစုပေါင်း ၁၅ ဦးထိရှိနေပြီဖြစ်ကြောင်း သိရပြီး ဒဏ်ရာရရှိသူများ၏ စိုးရိမ်ရမှု၊ မစိုးရိမ်ရမှု အခြေအနေများအား လုံးခင်းဆရာဝန်ကြီးက ဦးဆောင်စစ်ဆေးနေဆဲဖြစ်ကြောင်း ကနဦးသိရသည်။



အခင်းဖြစ်နေရာတွင် အန္တရာယ်ဆက်လက်ဖြစ်ပွားနိုင်သည့် အခြေအနေများကြောင့် ရှာဖွေမှုကို ညနေ ၅ နာရီခွဲတွင် ရပ်ဆိုင်းခဲ့ရပြီး ဇူလိုင် ၁၅ ရက်တွင် မိုးရွာသည့် အခြေအနေနှင့် အန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေအနေများအား စောင့်ကြည့်ကာ ပျောက်ဆုံးသူများ ကျန်ရှိ၊ မရှိကို ဆက်လက် ရှာဖွေသွားမည်ဖြစ်ပြီး ကျေးရွာများမှ ရေမဆေးကျောက် ကျေးရွာအတွင်းနှင့် ပတ်ဝန်းကျင် ရှာဖွေသူများ ပျောက်ဆုံးမှုအခြေအနေကိုလည်း စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မင်္ဂလာဒုံ ဝါယာလက်ဈေးအနီး ပြည်လမ်းမကြီးပေါ်၌ အငှားယာဉ်လုယက်မောင်းနှင်ထွက်ပြေးသူ လူငယ်သုံးဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အဝေးပြေးလမ်းမကြီးပေါ် ဝါယာလက်ဈေးအနီး၌ ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီကျော်ခန့်က အငှားယာဉ်မောင်းကို လူငယ်သုံးဦးက ထိုးကြိတ်ရိုက်နှက်၍ ယာဉ်ကို မောင်းနှင်ထွက်ပြေးခဲ့ရာ ၎င်းတို့အားနာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။

အငှားယာဉ်မောင်း အောင်မြင့်မြတ်(ခ) မောင်မောင်ဦး (၂၂နှစ်)သည် ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီခန့်က ပရိဘောက်စ် ယာဉ်အမှတ် 5H/----- အငှားယာဉ်ကို အောက်မင်္ဂလာဒုံလမ်းအတိုင်းမောင်းနှင်ခဲ့စဉ် တညင်းကုန်းလမ်းဆုံမရောက်မီ စိန်မင်္ဂလာခန်းမရှေ့အရောက် လူငယ်တစ်ယောက်က ထောက်ကြန့်လမ်းဆုံဈေးအနီး စကိတ်ကွင်းသွားမည်ဟုပြောပြီး ငှားရမ်းခဲ့ကြောင်း၊ ငှားရမ်းသူက ရှေ့ခန်းက စီးကာ နောက်ခန်း၌ နှစ်ယောက်စီးခဲ့ကြောင်း၊ မင်္ဂလာဒုံ ဝါယာလက်ဈေး အလွန် ပြည်လမ်းမဘေးတပ်ဝင်ပေါက် တံခါးအနီးအရောက် ရှေ့မှထိုင်နေသူက တစ်ယောက်ဆင်းမည် ပြောသောကြောင့် ရပ်ပေးလိုက်စဉ် နောက်ခန်းရှိ လူတစ်ဦးက ယာဉ်မောင်း၏ ကုပ်ပိုးကို ကျဉ်စက်ဖြင့် သုံးလေးချက် ထိလိုက်ခြင်းကြောင့် ယာဉ်မောင်းသူက နာကျင်ကြောက်လန့်ပြီး ကားတံခါးဖွင့် ဆင်းပြေးရာ ၎င်းနောက်သို့ လူငယ်သုံးဦးက လိုက်၍ ထိုးကြိတ်သဖြင့် ပြည်လမ်းမပေါ် မှောက်လျက်လဲသည်ကို ထိုသူသုံးဦးက သိုင်းချုပ် ဆွဲခေါ်လာစဉ် 'ကားလုနေတယ်၊ ကူညီကြပါ' ဟု အော်ဟစ်သော်လည်း ကူညီသူများ မရှိခဲ့ကြောင်း၊ မိမိ အငှားယာဉ်အနီး အရောက်၌ ရုန်းကန်ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်းနှင့် ထိုသူသုံးဦးမှာ ထောက်ကြန့်ဘက်သို့ ပြည်လမ်းမကြီးအတိုင်း မောင်းနှင်ထွက်ပြေးသွားကြောင်း မင်္ဂလာဒုံမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်အောင်သန်းဦးက အမှုစစ်အဖြစ်စစ်ဆေး ဆောင်ရွက်ပြီး မြောက်ပိုင်းခရိုင်အတွင်းရှိ ဝင်ပေါက်ထွက်ပေါက်များ၊ မီးပွိုင့်များ၌ ပိတ်ဆို့ရှာဖွေ ဖမ်းဆီးခဲ့ရာ ယင်းနေ့ ည ၉ နာရီ မိနစ် ၂၀ တွင် အငှားယာဉ်နှင့်အတူ လုယက်သူ သုံးဦးကို မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းဆုံ မီးပွိုင့်၌တွေ့ရှိ၍ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်မိုးကျော်သူနှင့်အဖွဲ့၊ မင်္ဂလာဒုံမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပူးပေါင်းဖမ်းဆီးခဲ့ရာ ခုခံမှုပြုဟန်ရှိသဖြင့် လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့ရကြောင်း၊ ပြစ်မှုကျူးလွန်သူ ဘတိုး(ခ)မိုးဟိန်း (၁၆နှစ်)၊ စိုင်းကို (၂၀နှစ်) လှိုင်သာယာမြို့နယ်နေသူများနှင့် ပိုင်ဟိန်း(၂၀နှစ်) မြောက်ဥက္ကလာမြို့နယ်နေသူတို့ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်ခွဲသားနှင့် ကျောက်စိမ်းတုံးများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၇၅ စီး၊ သွင်းကုန် ၉၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၈ စီး၊ သွင်းကုန် အစီး ၂၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၄၈၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၀၇၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၅၅၇ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် To-yota Hicace ယာဉ်တစ်စီး၊ Crown Majesta ယာဉ်တစ်စီးနှင့် Toyota Mark -II Grand ယာဉ်တစ်စီး၊ Toyota Hiace Grand Cabin-G ယာဉ်တစ်စီးနှင့် Nissan Win Rood ယာဉ်တစ်စီးပေါ်တွင် ပိတောက်ခွဲသားရှေ ၅ ဒသမ ၈၂၉ တန်၊ ကျောက်စိမ်းဟု ယူဆရသည့် ကျောက်တုံး ၂၂၉ ကီလိုဂရမ်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့်ယာဉ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉ ဒသမ ၄၃၁ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆေးရုံတွင် ဆေးကုသခံယူနေသော ထိုင်းကျောင်းသားလူငယ်ဘောလုံးသမားများအားလုံး ကြာသပတေးနေ့ဆေးရုံမှ ဆင်းမည်

**ဗန်ကောက် ဇူလိုင် ၁၄**

ထိုင်းနိုင်ငံမြောက်ပိုင်းလိုဏ်ဂူအတွင်းမှ ကယ်တင်ခဲ့သော လူငယ်ဘောလုံးသမား ၁၂ ဦးနှင့် ၎င်းတို့၏ နည်းပြတို့သည် ဆေးရုံမှလာမည့်ကြာသပတေးနေ့တွင် ဆင်းမည်ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ အရာရှိများက ပြောခဲ့သည်။

၎င်းတို့ကို လိုအပ်သော စိတ်ပိုင်းဆိုင်ရာ ကူညီမှုများပြုလုပ်ပေးလျက်ရှိသည့်အပြင် မီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုကို လတ်တလောတွင် မဖြေကြားစေချင်ကြောင်း သိရသည်။

တောဝက်အမည်ရ အဆိုပါအသင်းသည် ဇွန် ၂၃ ရက်က မွေးနေ့ပြုလုပ်ရန် လွန်ခဲ့သောနှစ်များက သွားရောက်ခဲ့ဖူးသော အဆိုပါဂူသို့သွားရောက်ခဲ့ကြောင်း၊ သို့သော်လည်း ဂူအတွင်းရေများတက်လာသည့်အတွက် ဂူအတွင်း ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့အားလုံးကို ဇူလိုင် ၁၀ ရက်က ဂူအပြင်ဘက်သို့ ကယ်ထုတ်နိုင်ခဲ့ပြီးနောက် ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် အခုမှပင် အသက်ရှူချောင်နိုင်တော့ကြောင်း သိရသည်။

တောဝက်အသင်းမှ ၁၃ ဦးလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း၊ ထို့အတူ စိတ်ပိုင်းဆိုင်ရာများလည်း ကောင်းမွန်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး ပီယာစာကော စာကောဆက်တာယတွန်က သတင်းထောက်များကို ဇူလိုင် ၁၄ ရက်ကပြောခဲ့သည်။

၎င်းတို့အားလုံးမှာ လာမည့်အပတ် ကြာသပတေးနေ့တွင် ဆေးရုံမှ အတူတကွ ဆင်းမည်ဖြစ်ကြောင်း သိရသည်။



ကလေးများ၊ ကလေးမိဘများကို သူငယ်ချင်းများ၊ မိတ်ဆွေများဖြင့် အချိန်ကို အကျိုးရှိစွာ သက်သောင့်သက်သာကုန်ဆုံးစေနိုင်ရန် အကြံပြုထားပြီး မည်သည့်မီဒီယာတွေ့ဆုံမေးမြန်းမှုမျိုးကိုမဆို လက်မခံရန် တိုက်တွန်းထားကြောင်း သိရသည်။ အကယ်၍ မီဒီယာတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်လာပါက မလိုလားအပ်သော စိတ်ကစဥ့်ကလျားအခြေအနေများ ဖြစ်ပွားနိုင်ကြောင်းလည်း ပြည်သူ့ကျန်းမာရေးဝန်ကြီး ပီယာစာကောက ပြောထားသည်။

၎င်းတို့ကို အောင်မြင်စွာ ဂူအတွင်းမှ ကယ်ထုတ်နိုင်ရန် စုစုပေါင်း အချိန်သုံးရက်ယူခဲ့ရကြောင်းသိရပြီး ကယ်ထုတ်မှုလုပ်ငန်းစဉ်အတွင်း ရေငုပ်သမားတစ်ဦး အသက်စွန့်ခဲ့ရကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ပါကစ္စတန်အနောက်တောင်ပိုင်းတွင် နိုင်ငံရေးစုဝေးပွဲကျင်းပနေစဉ် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၂၈ ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၄**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန် ပြည်နယ်တွင် ယမန်နေ့က နိုင်ငံရေးစုဝေးပွဲတစ်ခုကျင်းပပြုလုပ်နေစဉ် အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဇူလိုင် ၁၄ ရက်အထိ လူပေါင်း ၁၂၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အသေခံဗုံးခွဲ တိုက်ခိုက်မှုသည် ဇူလိုင် ၁၃ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း ဘလူချီစတန် ပြည်နယ်အစိုးရအရာရှိတစ်ဦးက ပြောခဲ့သည်။

အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ဒေသတွင်း ဆေးရုံအသီးသီးသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယမန်နေ့က ဘလူချီစတန် ပြည်သူ့ပါတီက မက်စတန့်ဒေသတွင် စုဝေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ စုဝေးပွဲသို့ ပါတီခေါင်းဆောင်တစ်ဦးမှာ ကားဖြင့် ရောက်ရှိလာခဲ့ချိန်တွင် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက အနီးကပ်ဗုံးခွဲလုပ်ကြံခဲ့သဖြင့် သေဆုံး၊ ဒဏ်ရာရရှိသူအများအပြားဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။




အိုင်အက်စ်အဖွဲ့က အဆိုပါဗုံးခွဲတိုက်ခိုက်မှုအား ၎င်းတို့အနေဖြင့် လုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အတူ ပါကစ္စတန်အနောက်တောင်ပိုင်း ခိုင်ဘာပက်ထွန်ခွာပြည်နယ်တွင် ယမန်နေ့က နိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦးကို ဦးတည်တိုက်ခိုက်သည့် တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုတွင် အနည်းဆုံး လူလေးဦးသေဆုံးခဲ့ကာ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဆက်လက်ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တူရကီနိုင်ငံတွင် ထုတ်ပြန်ကြေညာထားသော အရေးပေါ်အခြေအနေကို ဇူလိုင် ၁၈ ရက်တွင် ရုပ်သိမ်းမည်

**အန်ကာရာ ဇူလိုင် ၁၄**

တူရကီနိုင်ငံအစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေအား နှစ်နှစ်ကြာ ကြေညာထားမှုအပေါ် လာမည့်ဇူလိုင် ၁၈ ရက်တွင် ပယ်ဖျက်ရန် အဆင်သင့်ဖြစ်နေကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

ထိုကဲ့သို့ ပယ်ဖျက်ရန်အစီအစဉ်ရှိသည့်ကိစ္စအား ဝန်ကြီးအဖွဲ့၏ ပထမအစည်းအဝေးပြီးနောက် မြို့တော်အန်ကာရာတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တူရကီနိုင်ငံ သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်ကာလင်းက ပြောခဲ့သည်။

### အရေးပေါ်အခြေအနေ ကြေညာခဲ့

တူရကီနိုင်ငံတွင် လူပေါင်း ၂၅၀ သေဆုံးပြီး လူပေါင်း ၂၀၀၀ကျော် ဒဏ်ရာရရှိခဲ့သော တပ်မတော်အာဏာသိမ်းမှု ကျရှုံးခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါအရေးပေါ်ကြေညာချက်ကို ခုနစ်ကြိမ်တိုင်တိုင် သက်တမ်းတိုးမြှင့်ခဲ့ကြောင်း သိရသည်။

### ထပ်မံကြေညာနိုင်

တူရကီနိုင်ငံတွင် သာမန်မဟုတ်သော ခြိမ်းခြောက်မှုမျိုးနှင့်ကြုံတွေ့ပါက နိုင်ငံတော်အရေးပေါ်အခြေအနေကို ထပ်မံကြေညာနိုင်ကြောင်း တူရကီနိုင်ငံ သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်ကာလင်းက ပြောခဲ့သည်။

တူရကီသမ္မတ တေရစ်အာဒိုဂန်သည် ဇူလိုင် ၉ ရက်က ၎င်း၏ ဒုတိယမြောက် သမ္မတသက်တမ်းအား တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီဂျစ်နိုင်ငံ ကိုင်ရိုတောင်ပိုင်း ရထားတွဲချော်မှု လူ ၅၅ ဦး ထိခိုက်

**ကိုင်ရို ဇူလိုင် ၁၄**

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုမြို့တောင်ပိုင်းရှိ ဂီဇာမြို့တွင် အီဂျစ်ရထားတစ်စင်း တွဲချော်မှုဖြစ်ပွားခဲ့ရာ လူ ၅၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အခြေအနေဆိုးရွားလှကြောင်း၊ သေဆုံးသူ ရှိလာနိုင်ကြောင်း နိုင်ငံပိုင်မီနာသတင်းဌာနတွင် ဇူလိုင် ၁၄ ရက်က ဖော်ပြခဲ့သည်။

တွဲချော်မှုဖြစ်သည့် ရထားသည် ကိုင်ရိုမြို့မှ တောင်ပိုင်း ကွီနာပြည်နယ်သို့ ထွက်ခွာလာခြင်းဖြစ်ကာ မီးရထားတွဲသုံးတွဲ တွဲချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်အမျိုးသား ရထားလမ်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အခင်းဖြစ်ပွားသည့်နေရာသို့ လူနာတင်ယာဉ် ၂၅ စီးအား စေလွှတ်ခဲ့ကြောင်း အီဂျစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အီဂျစ်နိုင်ငံတွင် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း လူသေဆုံးခဲ့သည့် ရထားမတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ရပ်များတွင် လူရာနှင့်ချီသေဆုံးခဲ့သလို ဒဏ်ရာရရှိမှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်းကို အကျင့်ပျက်ခြစားမှုဖြင့် အကျဉ်းထောင်သို့ ပို့ဆောင်

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၄**

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း နာဝတ်ဇ်ရှာရစ်ဖ်သည် လန်ဒန်မြို့မှ ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့သို့ ပြန်လည်ရောက်ရှိလာစဉ် အကျင့်ပျက်ခြစားမှုစွဲချက်များဖြင့် ထောင်ဒဏ် ၁၀နှစ်ကျခံရန် ၎င်းအား မကြာသေးမီက ဖမ်းဆီးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း နာဝတ်ဇ်ရှာရစ်ဖ်သည် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်ခံထားရသော ၎င်း၏ သမီးဖြစ်သူ မာရမ် နာဝတ်ဇ်နှင့်အတူ လာဟိုးမြို့သို့ ဇူလိုင် ၁၃ ရက် ဒေသစံတော်ချိန် ၈ နာရီ ၄၅ မိနစ်တွင် ရောက်လာခဲ့ကြောင်း သိရသည်။

ရှာရစ်ဖ်နှင့် သမီးဖြစ်သူအား အကျင့်ပျက်ခြစားကြောင်း ပြစ်မှုထင်ရှားသဖြင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး တရားရုံးက ထောင်ဒဏ်အသီးသီး ချမှတ်လိုက်ချိန်တွင် ၎င်းတို့နှစ်ဦးသည် ကျန်းမာရေးမကောင်းသော ရှာရစ်ဖ်၏ဇနီးဖြစ်သူအား စောင့်ရှောက်ရန် လန်ဒန်မြို့သို့ ရောက်ရှိလာခဲ့သည်။ လေဆိပ်လုံခြုံရေးတာဝန်ရှိသူများသည် ရှာရစ်ဖ်နှင့် သမီးဖြစ်သူကို ဝန်းရံပြီး မြို့တော် အစ္စလာမ္မာဘတ်မြို့အနီးရာဝယ်ပင်ဒီမြို့ရှိ အကျဉ်းထောင်သို့ ပို့ဆောင်ရန် အခြားလေယာဉ်တစ်စင်းပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်။

ပါကစ္စတန် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတရားရုံးက ရှာရစ်ဖ်သည် ၎င်း၏ ဝင်ငွေထက်ကျော်လွန်သည့် ပိုင်ဆိုင်မှုရှိနေပြီး ပြည်ပတွင် ၎င်း၏ ပိုင်ဆိုင်မှုများကို ဖုံးကွယ်ထားကြောင်း ဇူလိုင် ၆ ရက်က ပြောခဲ့သည်။ ထို့အပြင် ရှာရစ်ဖ်အား တရားရုံးက ဗြိတိန်ပေါင် ရှစ်သန်းနှင့် မာရမ်နာဝတ်ဇ်အား ဗြိတိန်ပေါင် နှစ်သန်း ဒဏ်ငွေအသီးသီးပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

၂၀၁၇ခုနှစ် ဇူလိုင်လတွင် အထက်တရားရုံးက နာဝတ်ဇ်ရှာရစ်ဖ်သည် ဝင်ငွေရရှိမှုများကို ဖုံးကွယ်ထားပြီး မည်သည့်တာဝန်ရာထူးကိုမျှ ရယူရန် အရည်အချင်းမပြည့်မီကြောင်း သတ်မှတ်ခဲ့ပြီးနောက် ရှာရစ်ဖ်သည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ဂျပန် ရေကြီးမြေပြိုမှု သေဆုံးသူ ၂၀၀ အထိရှိလာ

**တိုကျို ဇူလိုင် ၁၄**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့ရာ ယင်းဖြစ်စဉ်များတွင် သေဆုံးသွားခဲ့သူဦးရေမှာ ယခုအခါ ၂၀၀ အထိရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ယခုအချိန်အထိ စုစုပေါင်း ၃၇ ဦး ပျောက်ဆုံးလျက်ရှိပြီး သုံးဦးမှာ အသက်ရှင်ကျန်မည့် အနေအထား မတွေ့ရကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။ ဟီရိုရှီးမားစီရင်စုသည် သေဆုံးသူဦးရေအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ အဆိုပါစီရင်စုတွင် စုစုပေါင်း သေဆုံးသူ ၉၁ ဦးအထိရှိကြောင်း သိရသည်။ အိုကာယာမစီရင်စုတွင် လူ ၆၀ သေဆုံးခဲ့ကြောင်း သတင်းပေးပို့ဖော်ပြခဲ့ပြီး အိမီစီရင်စုတွင် ၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရေးဆိုင်ရာ သဘောထားတင်းမာတဲ့ အမေရိကန် ဗြိတိန်နဲ့ ခြေလှမ်းသစ် စတင်မှာလား

*တင်လင်းအောင်*



ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ်က ဗြိတိန်နုတ်ထွက်ရေးနဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့အတွင်း သဘောထား ကွဲလွဲမှုတွေမကြာသေးမီက ဖြစ်နေချိန်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ ဦးဆောင်မှုကို ချီးကျူးလိုက်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တည်ထောင်ဖို့ ကြိုးစားနေပါတယ်။

အမေရိကန်နိုင်ငံနဲ့ အင်္ဂလန်နိုင်ငံတို့ဟာ အရင်ကလည်း ခိုင်မာတဲ့ ဆက်ဆံရေးမရှိသလို ချစ်ကြည်ရင်းနှီးမှုလည်း သိပ်ပြီးမရှိလှပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ အရင်တုန်းက အီးယူကနေ ဗြိတိန်နုတ်ထွက်တဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ဝေဖန်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

**အရိပ်လိုလွှမ်းမိုး**

အရင်က ဘရီးဇစ်အစီအစဉ်နဲ့ ပတ်သက်ပြီး ဝေဖန်ထိုးနှက်ခဲ့တာတွေက အခုတော့ အမေရိကန်နဲ့ ဗြိတိန် ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ချင်တဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဗြိတိန်ခရီးစဉ်အပေါ် အရိပ်လို လွှမ်းမိုးနေခဲ့ပါတယ်။ ခွဲထွက်ရေးလိုလားသူတွေက ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ လုပ်ဆောင်မှုတွေကို အားပေးမှုတွေ လုပ်ခဲ့ပါတယ်။

**ထရီဆာမေကို ချီးကျူး**

"ထရီဆာမေ ဘာတွေပဲလုပ်လုပ် ကျွန်တော်တို့အတွက် အဆင်ပြေပါတယ်။ ကုန်သွယ်ရေးကို အတူတကွ လုပ်နိုင်ဖို့ပဲလိုတာပါ"လို့ ထရန့်က ထရီဆာမေကို ပြောခဲ့ပါတယ်။ ၁၆ ရာစုခေတ် လက်ရာတွေနဲ့ ထုံမွမ်းခြယ်သထားတဲ့ ချက်ကွာနန်းတော်ရဲ့ မြေညီထပ်မှာ ကျင်းပပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို ချီးကျူးမှုတွေ ထပ်မံပြုလုပ်ခဲ့ပါသေးတယ်။ သူမဟာ တကယ့်ကို အာဂအမျိုးသမီးဖြစ်ပြီး ဘရီးဇစ်အခြေအနေဟာ တကယ့်ကို ခက်ခဲတဲ့ အခြေအနေတစ်ရပ်ဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ရိုက်နှိပ်ထုတ်ဝေပြီးတဲ့ သည်ဆန်းသတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဘာပြောခဲ့လဲဆိုတော့ အီးယူနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်ချင်တဲ့ ထရီဆာမေရဲ့အစီအစဉ်ဟာ အမေရိကန်နဲ့ ကုန်သွယ်မှုလုပ်ချင်တဲ့ သူမရဲ့ မျှော်လင့်ချက်တွေကို မေးမှိန်ပျောက်ကွယ်စေကြောင်း ပြောခဲ့ပါတယ်။

ဒါဟာ သူမကို ထောက်ခံတဲ့ လူတွေလိုချင်တဲ့ နည်းလမ်းကောင်း မဟုတ်နိုင်ဘူးလို့ ထရန့်က ပြောပါတယ်။ ပြီးတော့လည်း ထရီဆာမေကို ဒီထက်ပိုကောင်းတဲ့ တခြားနည်းလမ်းတစ်ခုနဲ့ ရှေ့တိုးလုပ်ဆောင်ဖို့ အကြံပြုခဲ့ပါတယ်။

ဒါ့အပြင် ထရီဆာမေနဲ့ ဘရီးဇစ်ခွဲထွက်ရေးမှာ သဘောထားချင်း မတိုက်ဆိုင်ခဲ့လို့ နိုင်ငံခြားရေးဝန်ကြီးရာထူးက နုတ်ထွက်သွားတဲ့ ဘောရစ်ဂျွန်ဆင်ကိုလည်း တကယ့်ကို ချီးကျူးစရာကောင်းတဲ့ ဝန်ကြီးချုပ်တစ်ယောက်ဖြစ်တယ်လို့ သူက ချီးကျူးခဲ့ပါတယ်။

**ငြင်းဆိုခဲ့**

ဇူလိုင် ၁၃ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို ဝေဖန်ခဲ့တယ်ဆိုတဲ့အချက်ကို ငြင်းဆိုခဲ့ပါတယ်။ အဲဒါဟာ သတင်းမှားသာဖြစ်ကြောင်း သူကပြောပါတယ်။ သို့သော်လည်း သည်ဆန်းသတင်းစာမှာတော့ သူ့ရဲ့ပြောကြားချက်တွေကို အသံဖိုင်နဲ့ မှတ်ထားတယ်လို့ ပြောပါတယ်။

အဲဒီအင်တာဗျူးဟာ ဗြိတိန်နိုင်ငံရေးသမားတွေကြားမှာ နာကြည်းမှုတွေကို ဖြစ်စေခဲ့ပါတယ်။

**ဗြိတိန်နဲ့ ကုန်သွယ်မှုကို အမေရိကန် လုပ်ဆောင်ချင်**

ဗြိတိန်ရဲ့ လက်ရှိအခြေအနေဟာ ဘရီးဇစ်ကိစ္စနဲ့ပတ်သက်ပြီး မပြတ်မသားဖြစ်နေပါသေးတယ်။ အီးယူနဲ့ ဗြိတိန်ကြားမှာ ခွဲထွက်ရေးနဲ့ပတ်သက်ပြီး ဘယ်လိုသဘောတူညီမှုတွေလုပ်ရင်ကောင်းမလဲဆိုပြီး ညှိနှိုင်းနေတာဟာ အခုဆိုရင် တစ်နှစ်ကျော်တဲ့အချိန်ကို ဝင်ရောက်လာပြီဖြစ်ပါတယ်။ အစိုးရအဖွဲ့အတွင်း ညီညွတ်ရေးရအောင်၊ တစ်ဖက်ကလည်း ခွဲထွက်ရေးကိစ္စ အဆင်ပြေအောင် ဘယ်လို ညှိနှိုင်းလုပ်ဆောင်သွားမလဲဆိုတာ ထရီဆာမေရဲ့ ဦးဆောင်မှုကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ထို့အတူ အခုဆိုရင် အမေရိကန်ဟာလည်း ဗြိတိန်နဲ့ ကုန်သွယ်မှုကို လုပ်ဆောင်ချင်တဲ့သဘောဆိုတော့ အခြေအနေတွေကို အတော်ညှိနှိုင်းရမှာပဲဖြစ်ပါတယ်။

**ထရီဆာမေရဲ့သဘောထားကို တွေ့ရ**

အီးယူက ထွက်ခွာဖို့ ကိုးလတောင် မလိုတော့တဲ့အချိန်မှာ ဗြိတိန်အစိုးရဟာ ဇူလိုင် ၁၂ ရက်မှာ လမ်းပြမြေပုံတစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီမှာ ဥရောပသမဂ္ဂနဲ့ ကုန်သွယ်ရေးဆိုင်ရာတွေမှာ အနီးကပ်ပူးပေါင်းလုပ်ဆောင်သွားမယ်ဆိုတဲ့ ဝန်ကြီးချုပ် ထရီဆာမေရဲ့သဘောထားကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီ ကိစ္စနဲ့ပတ်သက်ပြီး တိတိကျကျ ခွဲထွက်ချင်တဲ့သူတွေက သဘောမတွေ့လှပါဘူး။ ဒါကြောင့်မို့ပဲ ထရီဆာမေရဲ့ အစိုးရအဖွဲ့အတွင်းမှာ သဘောထားကွဲလွဲမှုတွေဖြစ်ခဲ့တာပဲ ဖြစ်ပါတယ်။

**စိတ်ဝင်စားစရာကောင်း**

အဲဒီအရေးတွေကို ထရီဆာမေတစ်ယောက် ခေါင်းကြီးကြီးနဲ့ စဉ်းစားရဦးမှာဖြစ်သလို အခုတစ်ခါ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ခရီးစဉ်ဟာလည်း နှစ်နိုင်ငံ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဦးတည်တာဆိုတော့ ဘယ်လိုပုံစံနဲ့ ရှေ့ဆက်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းလှပါတယ်။

**အမေရိကန်နဲ့ တရုတ် ကုန်သွယ်ရေးမှာ တင်းမာ**

လတ်တလောမှာ အမေရိကန်ဟာ တရုတ်နဲ့လည်း ကုန်သွယ်ရေးမှာ တင်းမာတဲ့ သဘောထားတွေ ဖြစ်ပေါ်နေပါတယ်။ အမေရိကန်နဲ့ တရုတ် ကမ္ဘာ့အင်အားကြီး စီးပွားရေးပြိုင်ဘက် နှစ်ခုကြား ကုန်သွယ်ရေးစစ်ပွဲကြီး ဖြစ်ပေါ်စေဖို့ ဦးတည်စေတဲ့ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီး တင်းမာမှုတွေ လျှော့နည်းစေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်ဖို့ အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်ဟာ ပေကျင်းကို ဇွန် ၂ ရက်က ရောက်လာခဲ့ပါတယ်။

အရင်လအစောပိုင်းမှာ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီးတော့ ယာယီအဆင်ပြေ ချောမွေ့တယ်လို့ ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့မှာတော့ အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်တာတွေ၊ တင်ပို့မှုကို ထိန်းချုပ်တာတွေနဲ့ တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှုတို့အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

အမေရိကန်ရဲ့ အဲဒီလိုလုပ်ဆောင်ချက်တွေအပေါ် တရုတ်နိုင်ငံကလည်း ငြိမ်မနေပါဘူး။ အမေရိကန်ကုန်စည်တွေနဲ့ ပတ်သက်တဲ့ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီး တန်ပြန်ခြိမ်းခြောက်မှုတွေ ပြန်လည်ပြုလုပ်ခဲ့ပါတယ်။

ပေကျင်းကို ရောက်ရှိနေတဲ့ အမေရိကန် ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်ဟာ အဲဒီမြို့မှာ ဇွန် ၃ ရက်အထိ နေခဲ့ပြီး လိုအပ်တာတွေ လုပ်ဆောင်ခဲ့တယ်လို့ အမေရိကန်အစိုးရ အရာရှိတစ်ဦးက ပြောခဲ့ပါတယ်။

အမေရိကန် ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်အနေနဲ့ တရုတ်နိုင်ငံကို ရောက်ရှိလာတဲ့အတွက် တရုတ်နိုင်ငံရဲ့ သဘောထား အနည်းငယ်ပျော့ပျောင်းလာမယ်လို့ ယူဆရသော်လည်း ရှေ့အနာဂတ်မှာ ဘာတွေဆက်ဖြစ်မလဲဆိုတာကတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

မကြာသေးမီကလည်း အမေရိကန်ဟာ တရုတ်နိုင်ငံရဲ့ ကုန်ပစ္စည်းတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်နဲ့ တရုတ်နိုင်ငံရဲ့ကုန်သွယ်မှုဟာ ပိုမိုနက်ရှိုင်းတဲ့ သဘောဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။

တစ်ဖက်မှာလည်း အမေရိကန်ဟာ အီးယူအဖွဲ့ဝင်နိုင်ငံတွေအပေါ် ကုန်သွယ်မှုဆိုင်ရာ အခွန်ကောက်ခံမှုတွေ တိုးမြှင့်လာတဲ့အတွက်လည်း အီးယူနဲ့လည်း ကုန်သွယ်ရေးဆိုင်ရာမှာ သဘောထားတင်းမာလာတဲ့သဘောကိုတွေ့ရပါတယ်။

**ဗြိတိန်နဲ့ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုဖြစ်နိုင်**

ဒီလိုအကြောင်းတွေကြောင့် ထရန့်ဟာ ဗြိတိန်ကိုရောက်လာပြီး ဗြိတိန်နဲ့ ကုန်သွယ်ရေးဆိုင်ရာတွေ စကားဦးသန်းလာတယ်လို့ပဲ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ ဗြိတိန်နဲ့ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုဟာ ဖြစ်နိုင်စရာကောင်းပါတယ်လို့ ပြောခဲ့ပါတယ်။ သို့သော်လည်း ဗြိတိန်နဲ့ အမေရိကန်တို့ကြား ကုန်သွယ်ရေးဟာ ဘယ်လိုဘယ်ပုံစခန်းသွားမလဲ ဆိုတာကတော့ စောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"ထရီဆာမေဘာတွေပဲလုပ်လုပ် ကျွန်တော်တို့အတွက် အဆင်ပြေပါတယ်၊ ကုန်သွယ်ရေးကို အတူတကွလုပ်နိုင်ဖို့ပဲလိုတာပါလို့ ထရန့်က ထရီဆာမေကိုပြောခဲ့ပါတယ်၊ ၁၆ ရာစုခေတ် လက်ရာတွေနဲ့ ထုံမွမ်းခြယ်သထားတဲ့ ချက်ကွာနန်းတော်ရဲ့ မြေညီထပ်မှာ ကျင်းပပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို ချီးကျူးမှုတွေ ထပ်မံပြုလုပ်ခဲ့ပါသေးတယ်၊ သူမဟာ တကယ့်ကို အာဂအမျိုးသမီးဖြစ်ပြီး ဘရီးဇစ်အခြေအနေဟာ တကယ့်ကို ခက်ခဲတဲ့အခြေအနေတစ်ရပ်ဖြစ်"**

# အသိအမြင်များ နိုးကြားလာစေရန် မျိုးစေ့ချပေးခဲ့သည့်အပြင် ပါဠိစာပေ ထွန်းကားပြန့်ပွားရေးအတွက်လည်း ဆောင်ရွက်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်

သတင်းဆောင်းပါး- သီသီမင်း၊ ဓာတ်ပုံ- အေးမင်းသူ

**"သူများကျောင်းက ICS တစ်ယောက်ထွက်ရင် ငါ့ကျောင်းက ဗြိတိသျှအစိုးရကို ပုန်ကန်မယ့် သူပုန်ဆယ်ယောက်ထွက်ရမယ်" ဟု ရဲရဲတောက်ကြွေးကြော်ခဲ့သူကား အခြားသူမဟုတ်။ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်နှင့်ရင်းကာ လွတ်လပ်ရေးမုခ်ဦးဝသို့ ပို့ဆောင်ပေးခဲ့သူ အာဇာနည်ကိုးဦးထဲမှ တစ်ဦးအပါအဝင်ဖြစ်သည့် ဆရာကြီး ဦးရာဇတ်ပင်ဖြစ်သည်။**



ဦးရာဇတ်

**"ဆရာကြီး ဦးရာဇတ်သည် ဖခင် အစ္စလာမ်ဘာသာဝင်၊ မိခင် ဗုဒ္ဓဘာသာမှ မွေးဖွားလာသူဖြစ်သော်လည်း အလွန်မြန်မာဆန်သူဖြစ်သည့်အပြင် ပါဠိစာပေ အလွန်တော်သူဖြစ်ပြီး အင်္ဂလိပ်စာ အသင်အပြလည်း အလွန်ကောင်းသူဖြစ်"**

ဦးရာဇတ်သည် မိတ္ထီလာမြို့ ရဲဝန်ထမ်းတိုက်ပိုင် အင်စပတ်တော် မစ္စတာ အေရာမန်နှင့် ဒေါ်ငြိမ်းလှတို့၏ သားဖြစ်ပြီး မွေးချင်း ၁၃ ယောက်တွင် တတိယမြောက်သားဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယောက်ျားကလေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။

### အမျိုးသားရေးစိတ်ဓာတ်ပေးလိုသည့်စိတ်

လူငယ်၊ မောင်မယ်များအား အမျိုးသားရေးစိတ်ဓာတ်များ သွတ်သွင်းပေးလိုသည့်စိတ်ဖြင့် ၁၉၂၁ ခုနှစ်တွင် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့ကာ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



ဦးတင်မြင့် (ဦးရာဇတ်၏ သား)

"သူ့ကျောင်းမှာ ကျောင်းတက်တာနဲ့ ဘုရားဝတ်ပြုရတယ်။ ကျောင်းခေါင်းလောင်းထိုးတာနဲ့ နိုင်ငံတော်အလံကို အလေးပြုရတယ်။ အဖေက ဘုရားမရှိခိုးတဲ့သူဆို ဆုံးမလေ့ရှိတယ်။ အဲဒီလို အဖေက ဗုဒ္ဓဘာသာကိုလေးစားတာ" ဟု သားကြီးဖြစ်သူ ဦးတင်မြင့်က ပြောသည်။

ထိုသို့ မန္တလေးဗဟို အမျိုးသားကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ် မြန်မာလူငယ်များ စစ်ပညာ အခြေခံတတ်ပါစေဟူသော စေတနာဖြင့် ရဲညွှန့်တပ်ဖွဲ့စည်းပြီး မက်ဆိုပိုတေးမီးယားပြန် ဆာဦးဘတင် (ဗိုလ်ဘတင်) ကို ကျောင်းသားလူငယ်များအား စစ်ပညာသင်ကြားစေခဲ့သည်။ သူကိုယ်တိုင် ဗဟိုအမျိုးသားကျောင်း ရဲတပ်ဖွဲ့၏ ရဲဗိုလ်ချုပ်အဖြစ် တာဝန်ယူခဲ့သည်။

"အဖေ့ရဲ့အမျိုးသားကျောင်းကနေ မျိုးချစ်တော်လှန်ရေးသမားတွေ၊ တပ်မတော်ပိုင်းမှာဆိုလည်း ထိပ်ပိုင်းခေါင်းဆောင်တွေ အများကြီးထွက်တယ်။ နိုင်ငံရေးနယ်ပယ်မှာရော၊ အားကစားဘက်မှာပါ ထူးချွန်ထက်မြက်တဲ့သူတွေ ထွက်တယ်" ဟု ဦးတင်မြင့်က ပြောသည်။

### ပါဠိစာပေအလွန်တော်

ဆရာကြီး ဦးရာဇတ်သည် ဖခင် အစ္စလာမ်ဘာသာဝင်၊ မိခင် ဗုဒ္ဓဘာသာမှ မွေးဖွားလာသူဖြစ်သော်လည်း အလွန်မြန်မာဆန်သူဖြစ်သည့်အပြင် ပါဠိစာပေအလွန်တော်သူဖြစ်ပြီး အင်္ဂလိပ်စာ အသင်အပြလည်း အလွန်ကောင်းသူဖြစ်သည်။

"စစ်ပြေးတဲ့အခါကျတော့ မင်းကွန်းမှာ ကိုရင်လေးတွေကို အဖေက ပါဠိသင်ပေးတယ်။ အင်္ဂလိပ်စာလည်း သင်ပေးတယ်။ ပါဠိဆိုအဓိပ္ပာယ်ပါ သင်ပေးတာ။ သင်ပေးတဲ့ ကိုရင်တွေထဲက တချို့ဆို ကျောင်းထိုင်ဆရာတော်ကြီးတွေတောင် ဖြစ်ကုန်တယ်။ အဖေက သံဃာတော်တွေကို အင်မတန်ကြည်ညိုတာ။ ဘာသာအယူဝါဒ ကွဲပြားတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ မိသားစုမှာ ဘာခံစားချက်မှ မရှိပါဘူး" ဟု ဦးတင်မြင့်က ပြောသည်။

ဆရာကြီး ဦးရာဇတ်သည် ၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ ရာဇတ်- ဘီအေ(နေရှင်နယ်) အမည်ခံခဲ့သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်ခဲ့ရာ သားသမီး သုံးဦးထွန်းကားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ခေါင်းဆောင်များနှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့သည်။

"မြို့မကျောင်းက တနင်္ဂနွေနဲ့ ဥပုသ်ပဲပိတ်တာ။ အဲဒီနေ့က ကျောင်းမပိတ်ဘူး။ အိမ်စောစောပြန်ရမယ်ဆိုလို့ ပျော်နေတာ။ အိမ်ရောက်တော့ အမေကငိုနေတယ်" ဟု ဖခင်ဆုံးသည့်နေ့က တွေ့ကြုံရသည့် မြင်ကွင်းကို ဦးတင်မြင့်က ပြောပြသည်။

၎င်းအနေဖြင့် ဖခင်ဆုံးပါးသည်ကို မန္တလေးမှ ဆွေမျိုးများဆီသို့ ဖုန်းဆက်ပြောနေသည်ကို ကြားသော်လည်း ကောင်းစွာမသိတတ်သေးသည့် ခြောက်နှစ်အရွယ်ကလေးငယ်သာ ဖြစ်၍ ခံစားမှုမှာ ပြင်းထန်မှုမရှိခဲ့ကြောင်း ဦးတင်မြင့်က ပြောသည်။

ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၀ ရက် နေ့လယ် ၂ နာရီတွင် ဂျူဗလီခန်းမသို့ ပြောင်းရွှေ့သယ်ယူ ဂါရဝပြုခံခဲ့ရာ ဦးရာဇတ်နှင့် ရဲဘော်ကိုထွေးတို့ ရုပ်အလောင်းနှစ်လောင်းကို ဂျူဗလီခန်းမမှ တာမွေ ကင်းဘဲလမ်း( ယခု ငါးထပ်ကြီးဘုရားလမ်း) ရှိ မွတ်စလင်သုသာန်သို့ သယ်ဆောင်သွားပြီး အစ္စလာမ် ဘာသာအရ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

"အာဇာနည်ကုန်းမှာရှိတယ်။ တာမွေမှာရှိတယ်။ တာမွေမှာလည်း ဘာသာတရားအရ လုပ်စရာရှိတာ လုပ်ရတာပေါ့။ ကိုးကွယ်တဲ့ဘာသာအရကတော့ ၂၄ နာရီအတွင်း အသုဘချရမယ်ဆိုတဲ့ဟာက ရှိနေတာကိုး" ဟု ဖခင်နာရေးနှင့် ပတ်သက်၍ ဦးတင်မြင့်က ပြောပြခဲ့သည်။

### ထိန်းသိမ်းစောင့်ရှောက်ပေး

အာဇာနည်ခေါင်းဆောင်များ ကျဆုံးသွားပြီးနောက် ထိုခေတ်ထိုအခါက အစိုးရမှ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျန်ရစ်သူ မိသားစုတစ်စုလျှင် နစ်နာကြေး ငွေကျပ်တစ်သိန်းစီ ပေးအပ်ခဲ့ရာ ဦးရာဇတ်၏ဇနီးမှာ ငွေကျပ်လေးသောင်းရရှိပြီး အရွယ်မရောက်သေးသည့် သားသမီးတစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် သုံးယောက်စာ ငွေကျပ် ခြောက်သောင်းကို မြန်မာ့အလင်း ဦးတင်က ထိန်းသိမ်းစောင့်ရှောက်ပေးပြီး ပြန်လည်ထုတ်ပေးခဲ့ကြောင်း ဦးတင်မြင့်ထံမှ သိရသည်။

"ကင်းဘဲလမ်းက အိမ်ကိုပေးတာ။ အမေက မယူချင်တာနဲ့ မြို့မကျောင်းလမ်းမှာ အစိုးရဆီက မြေရတယ်။ အဲဒီမှာ ခြောက်သောင်းနဲ့ အိမ်ဆောက်တာပေါ့၊ အဲဒီတုန်းက ခြောက်သောင်းကလည်း မနည်းဘူး" ဟု ဦးတင်မြင့်က ပြောသည်။

ခေတ်အဆက်ဆက် အာဇာနည်နေ့ အခမ်းအနား ကျင်းပပုံနှင့်ပတ်သက်၍ "အာဇာနည်နေ့ အခမ်းအနားက လွတ်လပ်ရေးရပြီးနောက် မှတ်မှတ်ရရ သမ္မတကြီး မန်းဝင်းမောင်လက်ထက်မှာ ကျကျနနလုပ်တာ။ အဲဒီကစလို့ သမ္မတအဆက်ဆက်ပေ့ါလေ။ နောက်ပိုင်းတော့လည်း မြို့တော်ဝန်တက်ရောက်တာတို့၊ ဘာတို့အထိ ရှိခဲ့တာပေါ့" ဟု ၎င်းက ပြောပြသည်။

### နိုင်ငံတစ်ဝန်း စည်ကားစွာကျင်းပ

ဒီမိုကရေစီအစိုးရတက်လာပြီးနောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် နိုင်ငံတော်အကြီးအကဲများနှင့် အာဇာနည်မိသားစုဝင်များ တက်ရောက်ဂါရဝပြုကြပြီး နိုင်ငံတစ်ဝန်းတွင်လည်း အာဇာနည်နေ့အခမ်းအနားကို စည်ကားစွာကျင်းပလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

"အာဇာနည်နေ့အခမ်းအနားကို နှစ်တိုင်းတက်ဖြစ်တယ်။ အာဇာနည်နေ့ရောက်တိုင်း အဖေ့အတွက်ရည်စူးပြီး မိဘမဲ့ကလေးတွေကို ကျွေးမွေးလှူဒါန်းဖြစ်တယ်။ ဒီနှစ်လည်း အဲဒီလိုပဲ လုပ်ဖြစ်မှာပါ" ဟု ဦးတင်မြင့်က ပြောသည်။

ဆရာကြီး ဦးရာဇတ်အား အမှတ်ရသည့်အနေဖြင့် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းမှ ကျောင်းသားဟောင်းများက ဆရာကြီးကြေးရုပ်တုကို ကျောင်းတွင် ထားလိုသော်လည်း ထိုခေတ်ထိုအခါက မငံ့မရဲဖြစ်နေသည့်အတွက် အာဏာပိုင်များ လာရောက်သည့်အခါတွင် ဝှက်ထားရကြောင်းနှင့် တစ်နေ့တွင် ကျောင်းသားဟောင်းထဲမှ အစိုးရထိပ်တန်းခေါင်းဆောင်တစ်ဦး လာရောက်သည့်နေ့တွင် တင်ပြရာမှ

စာမျက်နှာ ၁၇ သို့



ဆရာကြီး ဦးရာဇတ် ဆရာ ဆရာမများ၊ တပည့်ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရရိုက်ထားသည့် ဓာတ်ပုံ။

## ဦးရာဇတ်

(၂၀ ဇန်နဝါရီ ၁၈၉၈ - ၁၉ ဇူလိုင် ၁၉၄၇)

**ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ဦးရာဇတ်သည် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။**

**ဦးရာဇတ်သည် မိတ္ထီလာမြို့ ရဲဝန်ထမ်းတိုက်ပိုင် အင်စပတ်တော် မစ္စတာ အေရာမန်နှင့် ဒေါ်ငြိမ်းလှတို့၏ သားဖြစ်သည်။ ဖခင်မှာ အစ္စလာမ်ဘာသာဝင်၊ မိခင်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ မွေးချင်း ၁၃ ယောက်တွင် တတိယမြောက်ဖြစ်သည်။ မွေးနေ့သက္ကရာဇ်မှာ ၁၈၉၈ ခု ဇန်နဝါရီလ ၂၀ ရက် ကြာသပတေးနေ့ဖြစ်သည်။**

**၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယောက်ျားကလေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့၏။**

**၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ ရာဇတ်-ဘီအေ (နေရှင်နယ်) အမည်ခံခဲ့သည်။**

**မန္တလေး ဗဟိုအမျိုးသားကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ် ရဲညွှန့်တပ် ဖွဲ့စည်းပြီး ကျောင်းသားလူငယ်များကို စစ်ပညာသင်ကြားပေးခဲ့သည်။**

**၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် ထမ်းရွက်ခဲ့သည်။ ၁၉၃၈ ခုတွင် ဒေါ်ခင်ခင်နှင့် လက်ထပ်သည်။ (၁၉၄၅ ခုနှစ်တွင် စစ်အတွင်းက ပိတ်ထားခဲ့ရသော အမျိုးသားကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကော်မတီဝင်တစ်ဦးလည်း ဖြစ်သည်)**

**ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့ရသည်။**

**ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ခင်နှင့် သား မောင်တင်မြင့်၊ သမီး ခင်ခင်စိန်၊ သား မောင်လှကြည်တို့ ကျန်ရစ်သည်။**

# အံ့ဖွယ်အောင်ဆန်း ပြည်ချစ်ပန်း

❊ ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်းကား
လန်းစွတင့်တယ် အသွင်ထည်လျက်
ဘယ်သူ့မကြောက် ဒူးမထောက်ဘဲ
အောက်ကျမှာစိုး တို့အမျိုးကို
ရိုးဖြောင့်မှန်တော် သစ္စာဖော်ဖြင့်
မော်တံခွန်လွှင့် အောင်ပန်းတင့်ခဲ့။

❊ နိုင်ငံအရေး မြော်မြင်တွေးလျက်
ဝေးကြည်စုံ"ဖွဲ့စည်းပုံ" ကို
ယုံကြည်ခိုင်စွဲ ပြည့်ရင်ထဲသို့
မြဲတည်စေအောင်း ရည်ရွယ်ကောင်းခဲ့။

❊ "စစ်"နှင့် "စိုးရ" နှစ်ဌာနကို
စတင်ခွဲခြား စံပြုထားဖို့
နားခဲ့ "စစ်ဝန်" တို့သခင်သည်
မင်စုံမမက် တိုင်းပြည်တွက်တဲ့။
သခင့်လူ့ဖြစ် တွက်စစ်ကြည့်သော်
နှစ်နှစ်ကျော်စွန်း သုံးဆယ်ပွန်း၏။

❊ မွမ်းထောက်ဂုဏ်မြောက် သခင့်လောက်ကို
အောက်ထက်ကြေညာ ဘယ်မှာရှာလည်း
ငါစမင်းသူ ထိုထိုလူတို့
တူယောင်ဝေးစွ အရိပ်မှုပင်
မမြင်ခဲ့ကြာ နှစ်တစ်ရာပါ။

❊ " သေသောသူ ကြာရင်မေ့" တဲ့
လောကထုံးပြု စကားစုသည်
ခုတော့မမှန် အကြောင်းဖန်၏
တန်ပြန်မေတ္တာ ပြည့်ကြင်နာဖြင့်
ခါစဉ်တမ်းတ လွမ်းဆွတ်ကြ၏။

❊ သြော် ...
ရာထောင်သောင်းသိန်း နှစ်တွေကိန်းလည်း
ဟိန်း၍မြည်မည် အောင်ဆန်းဂုဏ်ရည်။
ကြာလည်းမမေ့ ရှာလည်းမတွေ့
ပေ့ပိုက်ကာထွေး ဂုဏ်နံ့မွှေးသည်
ဝေးဝဋ္ဋာနံ့ ကြူသင်းပျံ့ပြီ
အံ့ဖွယ်အောင်ဆန်း ပြည်ချစ်ပန်း။ ။

**(၇၁ နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်-)**

**ညိုဝင်း (ချစ်မြေ)**



ဦးရာဇတ်၏ဇနီး ဒေါ်ခင်ခင်နှင့်သား (ဦးတင်မြင့်)

*စာမျက်နှာ ၁၆ မှ အဆက်*

"ဒီမှာထား" ဟုဆိုပြီး နေရာသတ်မှတ်ပေးခဲ့၍သာ ကြေးရုပ်တုကို ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ထားခွင့်ရခဲ့ကြောင်း လွန်ခဲ့သော ဆယ်စုနှစ်များဆီက အတိတ်ကို ဦးတင်မြင့်က ပြန်ပြောင်း ပြောပြသည်။

"အဖေတည်ထောင်ခဲ့တဲ့ကျောင်းဆိုတော့ အမြဲတမ်း စာကြည့်တိုက်အတွက် စာအုပ်စာတမ်းတွေ လှူဖြစ်တယ်။ အခုထိ လိုအပ်တာတွေရှိရင် တတ်နိုင်သမျှ လုပ်ပေးဖြစ်တယ်" ဟု ဦးတင်မြင့်က ပြောသည်။

**မန္တလေးဒီဂရီကောလိပ် ဖွင့်ခွင့်ရ**

ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ဝန်ကြီးဖြစ်လာပြီးနောက် ရန်ကုန်တက္ကသိုလ်နှင့်အပြိုင် မန္တလေးဒီဂရီကောလိပ်အား ဖွင့်လှစ်ရန် ဗိုလ်ချုပ်အား တင်ပြတောင်းဆိုရာတွင် ထိုစဉ်အခါက ရန်ကုန်တွင် တက္ကသိုလ်တစ်ခုရှိသည့်အတွက် မန္တလေးတွင် တက္ကသိုလ်နောက်ထပ်တစ်ခု ဖွင့်လှစ်ရန် သင့်၏၊ မသင့်၏ကို အချက်ကျကျ အကျိုးသင့်၊ အကြောင်းသင့် တင်ပြတောင်းခံခဲ့ရာ နောက်ဆုံး မန္တလေးဒီဂရီကောလိပ်အား ဖွင့်ခွင့်ရခဲ့ကြောင်း သိရသည်။

"အဲဒီခေတ်က အထက်အောက် ဆက်ဆံရေးက တစ်ယောက်နဲ့ တစ်ယောက်က လေးစားတယ်။ ပြောရဲဆိုရဲရှိတယ်။ ဒီလိုဖြစ်ပဲ့မလားဆိုတာနဲ့ ဟုတ်ကဲ့ပါဗျာ ဆိုပြီး ရပ်နေတာမဟုတ်ဘူး။ အကျိုးအကြောင်း ပြန်ပြောတယ်။ ဒါမှလည်း အထက်လူကြီး က မှန် မမှန် စဉ်းစားလို့ရမှာပေါ့။ လူကြီးပြောတိုင်း မှန်တယ်ဆိုတာ မဟုတ်သေးဘူး" ဟု ဦးတင်မြင့်က ၎င်း၏ အမြင်နှင့်ယှဉ်ကာ သုံးသပ်ပြသည်။

မန္တလေးဒီဂရီကောလိပ်အား ဖွင့်လှစ်ရန် မန္တလေးဥပစာကောလိပ်ကျောင်းသား ဟောင်း ဘိလပ်ပြန် ဦးကိုလေးအား တာဝန်ပေးခဲ့ရာ ကျောင်းအုပ်ကြီး ဦးကိုလေးက အရင်ဆုံးပြီးစီးခဲ့သည့် အဆောက်အအုံကို ရာဇတ်ခန်းမဟု အမည်ပေးခဲ့သည်။ ထိုမှတစ်ဖန် တက္ကသိုလ်ကျောင်းသားဟောင်းများက ဆရာကြီး ဦးရာဇတ် ကြေးရုပ်တုကို ထားချင်ခဲ့သော်လည်း လွန်ခဲ့သည့် နှစ်နှစ်ခန့်ကမှစ၍ ရာဇတ် ခန်းမရှေ့တွင် ဦးရာဇတ်၏ ကြေးရုပ်တုကို ထားခွင့်ရခဲ့ကြောင်း သိရ သည်။

"အဖေက မန္တလေးတက္ကသိုလ်တင် မဟုတ်ဘူး။ ဒါဖြစ်ပြီးရင် ပါဠိတက္ကသိုလ် ကိုပါ သူလုပ်ချင်တာ။ သူကွယ်လွန်သွားလို့သာ" ဟု ဖခင်ဖြစ်သူ၏ ဆန္ဒမပြည့်ဝ လိုက်ခြင်းအပေါ် သားဖြစ်သူ ဦးတင်မြင့်က မချင့်မရဲပြောသည်။

**မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရန်**

မြန်မာ့လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ရုံသာမက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာစေရန်နှင့် ပညာရေး၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင်များ နိုးကြားလာစေရန် မျိုးစေ့ချပေး ခဲ့သည့်အပြင် ပါဠိစာပေ ထွန်းကားပြန့်ပွားရေးအတွက်လည်း ဆောင်ရွက် ခဲ့သူဖြစ်သည့် အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်နှင့် ပတ်သက်၍ သားဖြစ်သူ ဦးတင်မြင့်က-

"အဖေက ဘာသာအယူဝါဒတွေကို သိပ်ဂရုမစိုက်ဘူး။ တိုင်းပြည်အတွက် ဘာတွေလိုသလဲ။ ဖြည့်ဆည်းပေးချင်တာပဲရှိတယ်။ လွတ်လပ်ရေးရပြီးလို့ အားလုံး အနည်ကျသွားရင် သူက ကျောင်းပြန်ပြီး ကျောင်းဆရာလုပ်မှာ သေချာတယ်" ဟု သူ့ဖခင်၏ စိတ်ဆန္ဒကို တွေးတွေးဆဆ ပြောပြခဲ့လေသည်။ ။

# (၇၁) နှစ်မြောက် အာဇာနည်နေ့အကြို မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကျင်းပ

**လိပ်သို ဇူလိုင် ၁၄**

(၇၁) နှစ်မြောက် အာဇာနည်နေ့အကြို မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဇူလိုင် ၁၄ရက်က ကရင်ပြည်နယ် လိပ်သိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲမစတင်မီ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဖြူဝင်းက ကျောင်းသား ကျောင်းသူများအား (၇၁) နှစ်မြောက် အာဇာနည်နေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိကို မှတ်တမ်းဓာတ်ပုံနှင့်တကွ ဟောပြောခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ၁၀ ဦးနှင့် ပုံပြောပြိုင်ပွဲတွင် ၁၄ ဦးတို့က စတင်ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုမှ နှစ်သိမ့်ဆုထိ ရရှိသူများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် အ-မ-က (မာဒေး)၊ အ-မ-က (ကျောင်းကုန်း)၊ အ-မ-က (သစ်ခွတောင်) ကျောင်းတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ စာပေဖတ်ရှုခြင်းဖြင့်ရရှိမည့် ဗဟုသုတဆောင်ပုဒ်များ၊ အသိပညာဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များကို လေ့လာဖတ်ရှု မှတ်သားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၃ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၂ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၅၆ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၉ · ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၃ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ · ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ · ၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ · ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ · ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ · ၄၁၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


HTOO
ဟော့..ချာတိတ်...ဝါးလုံးရှည်ကြီးနဲ့ ဘာလုပ်မလို့လဲကွ...
စွန်ပြတ်တာလိုက်ဆယ်မလို့လေဗျ..
စွန်ပြတ်ကျတာဘယ်မှာတွေ့လို့လဲဟ..
ဟိုမှာလေ.. စွန်ပြတ်ပြီး ဓာတ်ကြိုးမှာငြိနေတာမတွေ့ဘူးလား...
ဓာတ်ကြိုးမှာငြိနေတဲ့စွန်ကို ဝါးလုံးထိုးမချနဲ့လေ..အန္တရာယ်ရှိတယ်...
ဘာအန္တရာယ်လဲဦးလေး..
ခုလိုမိုးရာသီမှာ..မင်းကိုင်ထားတဲ့ဝါးလုံးဟာ ရေငွေ့တွေကြောင့်စွတ်စိုထိုင်းမှိုင်းနေမှာပဲ.. ဝါးလုံးနဲ့ ဓာတ်ကြိုးကိုသွားထိလိုက်ရင်နဲ့ လျှပ်စစ်ဓာတ်အားက ဝါးလုံးကတစ်ဆင့်...
မင်းဆီကိုကူးပြီး မင်းတစ်ကိုယ်လုံး ဓာတ်လိုက်ခံရမှာကျိန်းသေတယ်ကွ..
ဟာ..ဟုတ်လား.. ကြောက်စရာကြီးနော်...
ဒါဆို..အခုမလုပ်သေးဘူး.. မိုးကုန်တဲ့ထိစောင့်ပြီးမှ ဝါးလုံးနဲ့လာထိုးချတော့မယ်ဦးလေးရေ...
အဲဒီအချိန်ကျ စွန်ကရှိချင်မှရှိတော့မှာလေ....
အေးကွာ..


အင်္ကျီအသစ်လေးနဲ့ ရှိုးထွက်လာတာ ဟီး..
သူငယ်ချင်းတွေကို ကြွားရမယ်..
မေမေ..ဝယ်ပေးထားတဲ့ ဒီအင်္ကျီလေးကို..မြင်ရင်
အားကျနေကြမှာ မြင်ယောင်သေးတယ် ဟီး..
ဝှီး
ဟာ..
ဘုတ်
အား..ဟား..ဟား


ကာတွန်း ရွှေချစ်
ဂျန်မဖြစ်ပါနဲ့ကွာ..




တစ်.. နှစ်.. သုံး လေး ငါး..
ငါးလေးတစ်ကောင် ဖမ်းမိတယ်..
ဘာဖြစ်လို့ လွှတ်လိုက်တယ်.. ကျွန်မလက်ကို သူကိုက်တယ်..
အကောင်ပဲလား၊
ငါးသလဲထိုးကြော် ကြွပ်ကြွပ်ရှရှလေးနဲ့ ထမင်းစားကြမယ်...
ဟေး..
အ!!
ဟဲ့ ဘာတုန်း၊ အလန့်တကြား...
ကိုကြီးရဲ့ ငါးလေးတွေက ကြော်ထားတာတောင် မီးမီးကို ကိုက်တယ်...
တမြုံ့ကြီး ဝါးစားတော့ ပါးခေါင်တွေ အာခေါင်တွေကို ထိုးမိတာပေါ့၊ တစ်ကောင်ချင်းစီ ဖြည်းဖြည်းစား မှပေါ့ကွ..


သားရေ... လက်ဖက်ရည်ဆိုင် သွားမယ်ဟေ့...
ဟုတ်... ဖေဖေ...
သားတို့ ဘယ်ဆိုင်ကိုသွားမှာ လဲ... ဖေဖေ...
လမ်းထိပ်က ဆိုင်ပဲပေါ့... သားရဲ့...
အဲဒီဆိုင်ကိုမသွားပါနဲ့...၊ တခြားဆိုင်ကိုသွားရ အောင်ပါ ဖေဖေ...
ဘာဖြစ်လို့...
?
အဲဒီဆိုင်က မုန့်တွေစုံလွန်းတယ်... ဖေဖေရဲ့...
ဟင်...ဒါဆို သားကမုန့်မစား ဘူးလား...
မဟုတ်ပါဘူး ဖေဖေရဲ့... ဒါပေမယ့်အဲဒီဆိုင်က မုန့်အစုံရှိတော့ ဟိုဟာလည်းစားချင်၊ ဒီဟာလည်း စားချင် နဲ့ ဘာရွေးရမှန်းမသိလို့ပါ...

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဒီခရီး ဒီထီးနှင့်မှ

**မင်းသိမ်း (နေပြည်တော်)**

အစိုးရသစ်လက်ထက်မှာ JICA ဆိုတဲ့ နာမည်လေးကို နိုင်ငံ့ဝန်ထမ်းအများစု ကြားနေ၊ သိနေကြပါတယ်။ ရှေးယခင်ကတည်းက ပတ်သက်ခဲ့ဖူးတဲ့ သူတွေရှိသလို၊ ပါဝင်ပတ်သက်မှုမရှိသေးတဲ့သူတွေနဲ့ မကြာသေးသောနှစ်များအတွင်းကမှ ပတ်သက်ဖူးသူတွေရယ်လို့ နိုင်ငံ့ဝန်ထမ်းလောကမှာ အမျိုးမျိုးရှိနေကြပါတယ်။

တကယ်တော့ JICA (Japan International Cooperation Agency) ဆိုတာဟာ ကိုလံဘိုစီမံကိန်းအရ ၁၉၅၄ ခုနှစ်ကစလို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာရှိတဲ့ အလယ်အလတ်နှင့် အထက်အဆင့်မှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ခေါ်ယူ လေ့ကျင့်ပေးခြင်း၊ သူတို့နိုင်ငံမှာရှိတဲ့ Government Bodies တွေ၊ Local Bodies၊ Private Enterprises နဲ့ Public Corporation တွေရဲ့ ဆောင်ရွက်မှုနဲ့ ဆောင်ရွက်နေမှုတွေကို ပြသခြင်း၊ ရှင်းပြခြင်း၊ ပို့ချခြင်းတွေ ပြုလုပ်ပြီး ၎င်းတို့ နိုင်ငံအပေါ် နိုင်ငံတကာသင်တန်းသားများရဲ့ ထင်မြင်ယူဆချက်၊ အကြံပြု ဝေဖန်ချက်များကို လက်ခံခြင်း၊ ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချခြင်းတို့အတွက် နားလည်သဘောပေါက်မှုအပေါ် စာတမ်းရေးသားပြုစု တင်ပြစေခြင်း၊ စက်မှုပစ္စည်းနှင့် နည်းပညာများ ထောက်ပံ့ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အလွန်သက်သာသည့် အတိုးနှုန်းများဖြင့် ငွေချေးခြင်းစတဲ့ လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်တဲ့ အစိုးရအဖွဲ့အစည်း Government Organization တစ်ခုပဲဖြစ်ပါတယ်။

စာရေးသူဟာ ၁၉၈၅ ခုနှစ်က ကိုလံဘိုစီမံကိန်းအရ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ဖွင့်လှစ်ခဲ့တဲ့ Group Training Course in Housing ဘာသာရပ်ဆိုင်ရာ သင်တန်းကို ဘရာဇီး၊ တရုတ်၊ ကိုလံဘီယာ၊ ကင်ညာ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ထိုင်း၊ တန်ဇန်းနီးယား၊ ယူဂိုဆလားဗီးယား စတဲ့ နိုင်ငံပေါင်း ၁၂ နိုင်ငံက အပြည်ပြည်ဆိုင်ရာကျောင်းသားများနှင့်အတူ Tokyo International Centre(TIC)မှာ နှစ်လတာ သင်တန်းတက်ရောက်ခဲ့ပါတယ်။

JICA အဖွဲ့အစည်းမှာ-

(က) Tokyo International Centre (TIC)
(ခ) Hachioji International Training Centre (HITC)
(ဂ) Osaka International Training Centre (OITC)
(ဃ) Nagoya International Training Centre (NITC)
(င) Kanagawa International Fisheries Training Centre (KIFTC)
(စ) Hyogo International Centre (HIC)
(ဆ) Tsukuba International Centre (TBIC)
(ဇ) Okinawa International Centre (OIC)
(ဈ) Tsukuba International Agricultural Training Centre

ဆိုပြီး လက်အောက်ခံသင်တန်းကျောင်း ကိုးကျောင်းရှိပါတယ်။

ယခုတစ်ကြိမ် ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလလယ်လောက်မှာ အိမ်ရာစီမံကိန်းနဲ့ဆိုင်တဲ့ ပေါ်လစီကိစ္စ ဆောင်ရွက်နေသူများ၊ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ တာဝန်ယူဆောင်ရွက်နေသူများအတွက် Housing Economy Policy Program ဆိုပြီး ဖိတ်ကြားချက်အရ ပြည်တွင်း အဖွဲ့အစည်းရှစ်ရပ်မှ အဖွဲ့ဝင် ၁၃ ဦးပါဝင်တဲ့ အဖွဲ့နဲ့အတူ ရက်သတ္တ နှစ်ပတ်ကြာ သွားရောက်ခဲ့ပါတယ်။

JICA Participant အဖြစ် နှစ်ကြိမ်သွားရောက်ခဲ့ရလို့ ဂျပန်နိုင်ငံအကြောင်းကို ပိုမိုစိတ်ဝင်စားလာပါတယ်။ တကယ်တော့ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုမှာ ဆောက်လုပ်ရေးအခန်းကဏ္ဍဟာ အရေးပါသလို၊ ကျွမ်းကျင်တဲ့ ပညာရှင်များလည်း အလုံအလောက်ရှိဖို့ လိုအပ်ပါတယ်။ ဂျပန်နိုင်ငံရော မြန်မာနိုင်ငံပါ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် လူနေအိမ်ခန်းပေါင်း ၄ ဒသမ ၅ သန်းနီးပါး ပျက်စီးဆုံးရှုံးမှုချင်း တူပါသော်လည်း ပြောင်းလဲချိန်တန်လျှင် အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး ဂျပန်လူမျိုးတွေဟာ ရဲရဲဝံ့ဝံ့စဉ်းစားဆုံးဖြတ်ချက်ချခဲ့တာမျိုး တွေ့ခဲ့ရပါတယ်။ နောက်ပြီး (3C)လို့ပြောနေကြတဲ့ Clear Goal (ငါဘာဖြစ်ရမယ်ဆိုတဲ့ ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်)၊ Challenge (မိမိကိုယ်မိမိစိန်ခေါ်ရင်း ကြုံလာသမျှ စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်နိုင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်)၊ Commitment (မဖြစ် ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ပိုင်းဖြတ်မှုမျိုး) ဂျပန်လူမျိုးတိုင်းရဲ့ရင်မှာ စွဲမြဲစွာရှိနေမှုဟာ အတုယူစရာဖြစ်ခဲ့ပါတယ်။

အလျဉ်းသင့်လို့ မြန်မာပြည်သူပြည်သားများနဲ့ အကျွမ်းတဝင်ရှိနေကြတဲ့ နိုင်ငံအချို့ရဲ့အကြောင်း တင်ပြလိုပါတယ်။ ကိုရီးယားသမ္မတနိုင်ငံဆိုလည်း ဂျပန်နိုင်ငံရဲ့ ကိုလိုနီဘဝနဲ့ ၃၅ နှစ်ကြာ နေထိုင်ခဲ့ရသလို၊ ဒုတိယကမ္ဘာစစ်ဒဏ်ကိုလည်း ကြုံတွေ့ခံစားခဲ့ရပါတယ်။ ၁၉၄၉ခုနှစ်မှာ နိုင်ငံနှစ်ခြမ်းကွဲခဲ့ပါတယ်။ အဲ့ဒီတုန်းကဆိုရင် လယ်ယာစိုက်ပျိုးမှုကို အဓိကထားနေရတဲ့ အာရှရဲ့နိုင်ငံလေးတစ်ခုပါပဲ။ အသေးစား စက်မှုလုပ်ငန်းလေးတွေပဲရှိပြီး သယံဇာတ အလွန်ရှားပါးတဲ့ နိုင်ငံပါ။ ၁၉၄၅ခုနှစ် စစ်ပြီးချိန်မှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတောင် ဖြစ်ခဲ့သေးတယ်။ စစ်အတွင်းကလည်း အသေးစားစက်မှုလုပ်ငန်းတွေ ဖျက်ဆီးခံရတယ်။ ၁၉၆၁ ခုနှစ်လောက်ကဆိုရင် မြို့တော်ဆိုးလ်မြို့ဟာ ရွံ့ဗွက်တွေနဲ့ ပြည့်နှက်နေတယ်။ အဲဒီလိုအခြေအနေကနေ ယနေ့ အမေရိကန်လိုတိုင်းပြည်မျိုးကတောင် အရေးတယူအားကိုးရတဲ့ အခြေအနေမျိုး ဖြစ်လာခဲ့ပါတယ်။

နောက်တစ်ခါ စင်ကာပူသမ္မတနိုင်ငံဆိုရင်လည်း မလေးရှားပြည်ထောင်စုကနေ ၁၉၆၅ ခုနှစ်ကျမှ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ထူထောင်နိုင်ခဲ့တဲ့ နိုင်ငံငယ်လေးဖြစ်သလို ကျွန်းစုနိုင်ငံလေး ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းနဲ့ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ အချက်အချာကျတဲ့ ဒေသမှာရှိလို့ ကမ္ဘာ့ကုန်သွယ်ရေးလောကမှာ အရေးပါတဲ့မြို့ကြီးတွေအနက် တစ်မြို့အပါအဝင် ဖြစ်ခဲ့ပါတယ်။ ဆိပ်ကမ်းသုံးပစ္စည်းများပြည့်စုံတဲ့အပြင် ကုန်သေတ္တာတင်ပို့မှု လွယ်ကူမြန်ဆန်တဲ့အတွက် အရှေ့တောင်အာရှမှာ စီးပွားရေးအရ အရေးပါတဲ့နိုင်ငံ ဖြစ်လာခဲ့တယ်။ ပညာရေးကဏ္ဍမှာလည်း အစိုးရကျောင်းတွေ၊ အစိုးရအထောက်အပံ့ခံကျောင်းတွေနဲ့ စက်မှုအမျိုးသား တက္ကသိုလ်၊ နန်ယန်တက္ကသိုလ်၊ ဆရာအတတ်သင်ကျောင်း၊ ပုဂ္ဂလိကနိုင်ငံရပ်ခြား ကောလိပ်တွေနဲ့ စင်ကာပူစက်မှုလက်မှု အတတ်သင်ကျောင်း၊ ပုဂ္ဂလိကပိုင်နိုင်ငံရပ်ခြားတက္ကသိုလ်တွေနဲ့ စင်ကာပူ စက်မှုလက်မှု အတတ်သင်ကျောင်းတွေ ဖွင့်လှစ်ထားပါတယ်။ ကျန်းမာရေးအတွက်လည်း အစိုးရဆေးရုံတွေမှာ အခမဲ့ကုသပေးပြီး အခကြေးငွေပေးရတဲ့ အထူးခန်းများလည်း ရှိပါတယ်။ ဝန်ဆောင်မှုအမြင့်ဆုံး နိုင်ငံစာရင်းမှာ ပါဝင်ပြီး ပြည်သူတိုင်းစိတ်ချမ်းမြေ့စွာ ကုသ စောင့်ရှောက်ခွင့်ကို ရခဲ့ကြပါတယ်။

ဒီလို ဘဝတူ လုပ်သားချင်းတူပါလျက် အချိန်တိုအတွင်း 'စံပြ' လုပ်သားတွေအဖြစ် ခံယူနိုင်ကြတာကို လေ့လာဆန်းစစ်သုံးသပ်တဲ့စိတ် စာရေးသူရဲ့ရင်ထဲ ရောက်ရှိလာခဲ့ပါတယ်။

လူငယ်တစ်ယောက်ဟာ လူကြီးတစ်ယောက်ဖြစ်လာဖို့အရေး ဖြတ်သန်းခဲ့ကြရတဲ့ ဘဝတွေဟာ တစ်ဦးနဲ့တစ်ဦး မတူကြပါဘူး။ ပြည့်စုံတဲ့ အခြေအနေနဲ့ ကောင်းမွန်တဲ့ပတ်ဝန်းကျင်ကြားမှာ ကြီးပြင်းလာခဲ့တဲ့ လူငယ်တစ်ဦးနဲ့ မပြည့်မစုံဘဝကို ရုန်းကန်လှုပ်ရှားရင်း ကြမ်းတမ်းလှတဲ့ ပတ်ဝန်းကျင်မှာ ကျင်လည်ခဲ့ရတဲ့လူငယ်။ သူတို့နှစ်ဦးဟာ တစ်ချိန်မှာတော့ လူကြီးတစ်ယောက် ဖြစ်လာကြမှာ ဧကန်မလွဲပါပဲ။ အသက်အရွယ်အရ သတ်မှတ်ခံရတဲ့လူကြီးနဲ့ အရည်အချင်းအရ သတ်မှတ်ခံရတဲ့ လူကြီး။ ဒီနှစ်မျိုးမှာ ဘယ်လိုလူကြီးမျိုးရဲ့ အင်အားစု များခြင်း၊ နည်းခြင်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း တင်ပြလိုပါတယ်။

အရည်အချင်းအရ လူကြီးဖြစ်လာရတဲ့သူဟာ အသက်အရွယ်အရ လူကြီးဖြစ်ကို ဖြစ်လာနိုင်ပေမယ့် အသက်အရွယ်အရ လူကြီးဖြစ်လာသူတွေကတော့ အရည်အချင်းအရ သတ်မှတ်ခံရတဲ့ လူကြီးမျိုး ဖြစ်လာဖို့မလွယ်ပါဘူး။ ဒါကြောင့် သင့်တော်တဲ့အရွယ်မှာ ထိုက်သင့်တဲ့အရည်အချင်းရှိတဲ့လူတွေ များနေဖို့ လိုပါတယ်။ အရည်အချင်းရှိတဲ့ လူကြီးဆိုတာဟာ အသိပညာရော၊ အတတ်ပညာပါ ပြည့်စုံဖို့ လိုပါတယ်။ လူအကဲခတ်တတ်ရမယ်။ လူမှုဆက်ဆံရေးကျွမ်းကျင်ရမယ်။ ဖော်ရွေရမယ်။ နားလည်မှုရှိရမယ်။ ဖြောင့်မတ်ရမယ်။ အမိန့်နာခံတတ်ရမယ်။ သိပြီးတတ်ပြီး ပညာရပ်ထက် ပိုသိ၊ ပိုတတ်အောင် ကြိုးစားချင်စိတ်ရှိရမယ်။ လေ့လာနေရမယ်။ တစ်ပါးသူကို လိမ္မာပါးနပ်စွာ တာဝန်ပေးတတ်ရမယ်။ အထူးသဖြင့် အသိပညာဆိုတဲ့ ကြားဖူးလို့သိ၊ မြင်ဖူးလို့သိတာထက် ကိုယ်တိုင်သင်ယူမှတ်သားခဲ့ကြတဲ့ အတတ်ပညာရှင်များ ရှိဖို့လိုပါတယ်။ နေရာတကာသိနေကြတဲ့ မြန်မာလူမျိုးတွေ ဘယ်တော့များမှ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေကို လိုက်နာကြမှာလဲ။ ဖော်ပြခဲ့တဲ့ အာရှနိုင်ငံကလူတွေကိုကြည့်ရင် အလုပ်ကို သူမတူအောင် ကြိုးစားလုပ်ကိုင်ကြတယ်။ ပညာတတ်တွေအလွန်ပေါပြီး ပညာတတ်ကိုလည်း နေရာပေးတယ်။ အသိပညာ အတတ်ပညာ တိုးပွားမှုကို အလေးထားတယ်။ သင်ကြားမှုကို အသက်ထက်ဆုံး ပြုလုပ်ကြတယ်။ မိမိနိုင်ငံအတွက် ရနိုင်သမျှကို အများဆုံးစုဆောင်းကြတယ်။

ပြောင်းလဲနေတဲ့ အခြေအနေနဲ့ အချိန်အခါပေါ်မူတည်ပြီး အခွင့်အရေးကို လက်လွှတ်မခံဘဲ အပြည့်အဝ၊ အမိအရ ဆောင်ရွက်ကြတယ်။ ပြည်ပနိုင်ငံကဆရာတစ်ယောက်ပြောခဲ့တဲ့ စကားလေးကို မျှဝေပေးချင်ပါတယ်။ "မပြီးသေးတဲ့ ပန်းချီကားကြီးတစ်ချပ်ကို ပဝါနဲ့အုပ်ထားပြီး အချိန်ကြာမြင့်စွာ စဉ်းစားနေမယ့်အစား နောက်ထပ်ပန်းချီကားချပ်တစ်ခုကို အသစ်ရေးဆွဲတဲ့စိတ်မျိုး သူတို့လူကြီးတွေမှာ ရှိကြတယ်"တဲ့။ အေးစက်နေတဲ့ ရေအပြည့်ရှိနေတဲ့ မိမိရဲ့ခွက်ထဲကို ပူပူနွေးနွေး ရေနွေးထည့်ချင်လို့ကတော့ ရေနွေးအအေးကို သွန်ပစ်ရဲရမယ်ဆိုတဲ့သဘောဆိုတာကို ကျွန်တော်နားလည်ခဲ့ပါတယ်။

ကျွန်တော်တို့လူမျိုးတွေကိုကြည့်ရင် တစ်စုံတစ်ရာ ဘေးအန္တရာယ်ကြုံလာမှ စုပေါင်းလုပ်ဆောင်တတ်ကြတယ်။ အန္တရာယ်မရှိသရွေ့စုပေါင်းလုပ်ဆောင်မှု ဆိုတာ မရှိသလောက် ရှားပါးကြတယ်။ လောကကြီးမှာ အမှန်နဲ့သဏ္ဍာန်ကို ကွဲကွဲပြားပြား သိဖို့လိုပါတယ်။ အမှန်ကိုသဏ္ဍာန်နဲ့ ဖုံးကွယ်လှည့်စားထားနေကြပေမယ့် အချိန်ကြာလာတာနဲ့အမျှ အမှန်ဟာသဏ္ဍာန်ကြားကနေ ပေါ်ပေါ်လွင်လွင်ပေါ်ထွက်လာစမြဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ယခုအချိန်မှာ အကျပ်အတည်းအမျိုးမျိုးကို ရင်ဆိုင်နေရချိန်ဖြစ်ပါတယ်။ ကဏ္ဍပေါင်းစုံမှာ လိုအပ်မှုတွေရှိနေတာမို့ ဘယ်သွားသွား ဘာလုပ်လုပ် စိတ်အနှောင့်အယှက်ဖြစ်ရတာတွေများကြောင်း ကြားနေရပါတယ်။ တကယ်တော့ စိတ်ရှုပ်မှုဒဏ်ကို မကိုင်တွယ်နိုင်ခြင်းသာ ဖြစ်ပါတယ်။ React နဲ့ Respond ကို ကွဲကွဲပြားပြားနားလည်ဖို့နဲ့ လူ့ဘဝရဲ့ အလိုအပ်ဆုံးအရာဟာ အလိုအပ်ဆုံး အချိန်မှာ ဘယ်တော့မှ အဆင်သင့်ပေါ်ပေါက်လာလေ့မရှိဘူး ဆိုတာကို ကြိုတင်သိနေဖို့ လိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စေ့စပ်မယ်၊ ညှိနှိုင်းမယ်၊ ဆွေးနွေးမယ်ဆိုရင်တော့ တောင်းဆိုခြင်းနဲ့ တုံ့ပြန်ခြင်းဟာ ပုဂ္ဂိုလ်ရေးတန်ဖိုးထားမှုအပေါ်မှာ မူတည်ပြီး အဆင်ပြေကြတာများပါတယ်။ ဒီလိုအကျပ်အတည်းတွေကို ဖြေရှင်းတဲ့နေရာမှာ အောင်မြင် လွန်မြောက်သွားရင်တောင်မှ အချိန်ကာလ အတော်ကြာတဲ့အထိ ရပ်တည်မှုအခြေအနေ ကောင်းမွန်နေဖို့ လိုပါတယ်။ "လှိုင်းကြီးလေ့အောက်" ဆိုသလို လှိုင်းလုံးကြီးတွေ ဘယ်လောက်မြင့်မြင့် ရေလွှာလှိုင်းစီးကစားသူများလို လှိုင်းလုံးကြီးတွေအပေါ်ကနေ ပေ့ါပါးလျင်မြန်စွာနဲ့ မိမိလိုရာ အရပ်မျက်နှာကို တည့်မတ်စွာ ခရီးဆက်နိုင်ဖို့သာလိုပါတယ်။ အချို့အချို့သော လိုက်လျောမှုတွေအတွက် တစ်ဖက်သတ်တောင်းယူလို့ရတယ်လို့ ထင်နေသူများရှိကြပါတယ်။ တကယ်တော့ ကိုယ့်ရဲ့လိုက်လျောမှုဟာ ကိုယ့်အတွက်တန်ဖိုးနည်းပေမယ့် အခြားတစ်ဖက်အတွက် တန်ဖိုးကြီးမယ်၊ အဖိုးတန်မယ်၊ အဓိပ္ပာယ်ရှိမယ်ဆိုရင် အကောင်းဆုံးလက်ဆောင်မွန်လို့ ခံယူရပါမယ်။ အပြန်အလှန်လေးစားမှုရှိတယ်ဆိုရင် တစ်ဖက်လူရဲ့ အတွေးက အပြုသဘောဖြစ်လာတတ်ပါတယ်။

အယူအဆတစ်ခုဟာ မှန်တယ်၊ သေချာတယ်၊ အာမခံချက်ရှိတယ်ဆိုတဲ့ ဆွဲဆောင်မှုနဲ့ ဩဇာသက်ရောက်စေခြင်းဟာ အပြန်အလှန် အပေးအယူသဘောတရားမှာ လွန်စွာအရေးပါကြောင်း ဖတ်မှတ်ခဲ့ဖူးပါတယ်။ ကြောင်ဖြူကြောင်မည်းကအဓိကမကျပါဘူး။ ကြွက်ခုတ်တတ်ဖို့သာ အရေးကြီးပါတယ်။ လူ့အရေးအတွက်ထက် စနစ်ကောင်းဖို့လိုပါတယ်။ ပါဝင်သူတွေရဲ့ Role, Responsibilityနဲ့ Dutyတွေအရ အပြည့်အဝ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့သာလိုပြီး တစ်ဦးနဲ့တစ်ဦး သဟဇာတဖြစ်ကာ ငါတည်းဟူသောစိတ် (Egotism)နှင့် စိတ်ခံစားမှု (Emotion) များကိုထိန်းကာ ဘာလုပ်ချင်တယ်၊ ဘာလုပ်နိုင်တယ်၊ ဘာလုပ်ပေးမယ်ဆိုတဲ့ အသိမျိုးနဲ့ ဖြစ်ထွန်းနေပြီဖြစ်တဲ့ ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ရိုးသားဖြူစင်မှု၊ အပြန်အလှန်လေးစားလိုက်နာမှု၊ အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုစတဲ့ အခြေခံကောင်းများနှင့်အတူ၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံကာ ဘာဖြစ်ချင်နေကြပြီဆိုတာထက်၊ ဘာဖြစ်သင့်နေပြီဆိုတဲ့ အချိန်မှာ ထီးအမျိုးအစားနဲ့ အရွယ် အမျိုးမျိုး ရှိပေမယ့် "ဒီခရီးကို ဒီထီးနှင့်" သွားနိုင်ကြဖို့ လိုအပ်ပါတယ်။

ဒါကြောင့် အကျပ်အတည်းကာလကို ကျော်လွှန်ဖို့ ဖြေရှင်းရာမှာ ယနေ့ပစ္စုပ္ပန်မှာ တွေ့ကြုံသိရှိခံစားနေရတဲ့ ဖြစ်ရပ်မှန်တွေကို အတိတ်ကာလများက ရရှိခဲ့တဲ့ အတွေ့အကြုံတွေအရ အကဲဖြတ်ရပါမယ်။ အဲဒီနောက် အမှားဖြစ်နိုင်မယ့် လုပ်ရပ်တွေကို ရှောင်ပြီး အမှန်ဖြစ်စေနိုင်မယ့် လုပ်ငန်းတွေကို ဆန်းစစ်ရှာဖွေကာ တိုးတက်အောင် ပြုလုပ်ရပါမယ်။ "Promise is Debt" "ကတိဟာ အကြွေးပါပဲ"။ အချို့ကိစ္စရပ်တွေမှာ ပြောတဲ့စကားများနဲ့ လုပ်ဆောင်မှုတွေကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးဆက်ကို ကြိုမမြင်ဘဲ ပြောဆိုလုပ်ဆောင်နေကြလို့ သူတို့ကို အပြစ်ရှိသူအဖြစ်မြင်လာကြကြောင်း Franz Kafka က ပြောခဲ့ဖူးပါတယ်။ ကြီးမားတဲ့ ရည်မှန်းချက်ရှိသူတိုင်း သတိထားရမယ့်စကားဖြစ်သလို အဲဒီရည်မှန်းချက်အတွက် ကြီးမားတဲ့ စွန့်စားမှုတော့ ပြုလုပ်ရဲရပါမယ်။

လောဘမီး၊ ဒေါသမီး၊ သောကမီး၊ မောဟမီး ဆိုတဲ့ မီးအရာအားလုံးဟာ ပူလောင်မှုကို ဖြစ်စေတတ်ပါတယ်။ လောင်ပြီဟုဆိုတာနဲ့ အမြန်ဆုံးငြိမ်းသတ်နိုင်ဖို့လိုသလို၊ ထိရောက်တဲ့ ငြိမ်းသတ်မှုမျိုးလည်း ဖြစ်ဖို့လိုပါတယ်။ လောင်ကျွမ်းချိန်ကြာလာတာနဲ့အမျှ ဆုံးရှုံးမှုတန်ဖိုးဟာလည်း များလာပါတယ်။ ပစ္စည်းဆုံးရှုံးမှုအတွက် ပြန်လည်ဖြည့်ဆည်းပေးနိုင်ပေမယ့် စိတ်ဓာတ်ဆုံးရှုံးမှုအတွက်တော့ နဂိုအခြေအနေရောက်ဖို့ အချိန်အတော်ယူရမှာ ဖြစ်ပါတယ်။ အရှိကို အသိက အနိုင်ရဖို့ ကျွန်တော်တို့တွေ ပညာတွေ သင်ခဲ့ကြတာပါ။ အသိက အရှိကို အနိုင်မယူနိုင်ရင်တော့ အရှိနှိပ်စက်တဲ့ဒဏ်ကို ခံရမှာဖြစ်ပါတယ်။ လေထန်ရေဆန်နေရုံမက မုန်တိုင်းတမျှ ဖြစ်နေတဲ့ ဒီလိုအချိန်အခါမျိုးမှာ "တက်ညီလက်ညီ တစ်စိတ်တစ်ဝမ်း" ဟူသော စကားလုံးရဲ့တန်ဖိုးကို အကောင်အထည်ဖော်ရတော့မှာဖြစ်ပါတယ်။ စံပြလုပ်သားဖြစ်ချိန်တန်ပြီလို့ ထင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မနက်ဖြန်ရဲ့လောကကြီးကို ပြင်ဆင်နိုင်ဖို့ဆိုရင် ဘယ်ကိစ္စပဲဖြစ်ဖြစ် မိမိကိုယ်မိမိ ပွဲကြည့်ပရိသတ်လို သဘောထားပါ၊ မိမိဆန္ဒနဲ့ကင်းစွာ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ပါ။ မိမိဖြစ်ချင်တဲ့ ဆန္ဒထက် အမှန်တကယ်ဖြစ်ပျက်ပြောင်းလဲနေတဲ့ အခြေအနေမှန်ကို ပကတိအတိုင်း ရှုမြင်တတ်မှ အခြေအနေတစ်ရပ်ရဲ့အကြောင်းအကျိုးဆက်စပ်မှုနဲ့ အကောင်းအဆိုး နှစ်ရပ်ကိုပါ ပြတ်သားစွာ တွေ့မြင်နိုင်မှာဖြစ်သလို အခြေအနေတစ်ရပ်ရဲ့ဇာစ်မြစ်ကို မှန်ကန်စွာ အကဲဖြတ်နိုင်မှာဖြစ်ပါတယ်။ အခုချိန်ဟာ အဆင့်ဆင့်တာဝန်ယူရမယ့်အချိန် ဖြစ်ပါတယ်။ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေဖြစ်စေဖို့ အမြဲကြံစည်အားထုတ်နေရပါမယ်။ ဖြစ်ပျက်နေမှုတွေရဲ့နောက်ဆုံးအခြေအနေအတွက် စဉ်းစားတွေးခေါ်ကာ ရှုပ်ထွေးနေတဲ့ အခြေအနေကို ကျော်လွှန်လိုစိတ်ရှိပြီး ကောင်းမွန်တဲ့အနာဂတ်အတွက် မျှော်လင့်ချက်ထားတတ်ရပါမယ်။ အောင်မြင်မှုတိုင်းဟာ အချိန်ပေါ်မှာလည်း မူမတည်ပါဘူး။ နေရာတွေပေါ်မှာလည်း မူမတည်ပါဘူး။ ဒါ့အပြင် အခြေအနေတွေပေါ်မှာလည်း မူမတည်ပါဘူး။ အကောင်အထည်ဖော်မယ့်လူ အပေါ်မှာသာ မူတည်ပါကြောင်း တင်ပြရင်း "ဒီခရီးကို ဒီထီးနဲ့ ခရီးနှင်ကြဖို့" တိုက်တွန်းလိုက်ရပါတယ်။ ။

"ပျံလွှားငှက်တစ်ကောင်နဲ့တော့ နွေရာသီမဖြစ်နိုင်"

"One Swallow Dose not make a summer"

**"အရည်အချင်းရှိတဲ့ လူကြီးဆိုတာဟာ အသိပညာရော၊ အတတ်ပညာပါ ပြည့်စုံဖို့ လိုပါတယ်။ လူအကဲခတ်တတ်ရမယ်၊ လူမှုဆက်ဆံရေးကျွမ်းကျင်ရမယ်၊ ဖော်ရွေရမယ်၊ နားလည်မှုရှိရမယ်၊ ဖြောင့်မတ်ရမယ်၊ အမိန့်နာခံတတ်ရမယ်။ သိပြီး တတ်ပြီး ပညာရပ်ထက် ပိုသိ၊ ပိုတတ်အောင် ကြိုးစားချင်စိတ်ရှိရမယ်၊ လေ့လာနေရမယ်၊ တစ်ပါးသူကို လိမ္မာပါးနပ်စွာ တာဝန်ပေးတတ်ရမယ်။ အထူးသဖြင့် အသိပညာဆိုတဲ့ ကြားဖူးလို့သိ၊ မြင်ဖူးလို့သိတာထက် ကိုယ်တိုင် သင်ယူမှတ်သားခဲ့ကြတဲ့ အတတ်ပညာရှင်များ ရှိဖို့လိုပါတယ်"**

## ကိုယ်ပိုင်ကျောင်းနှင့် ဘာသာရပ်သင်ကျောင်းများတွင် ဆရာမှတ်ပုံတင်မရှိဘဲ သင်ကြားလျှင် အရေးယူမည်

**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၌ ကိုယ်ပိုင်ကျောင်းများတွင် စာသင်ကြားနိုင်သော သင်တန်းဆရာမှတ်ပုံတင်နှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများတွင် စာသင်ကြားနိုင်သော သင်တန်းဆရာမှတ်ပုံတင်ဟူ၍ မှတ်ပုံတင်အမျိုးအစား နှစ်ခုရှိရာ ကိုယ်ပိုင်ကျောင်းများတွင်လည်းကောင်း၊ ဘာသာရပ်သင် ကိုယ်ပိုင် သင်တန်းကျောင်းများတွင်လည်းကောင်း ကိုယ်ပိုင်သင်တန်းဆရာ မှတ်ပုံတင်မရှိဘဲ စာသင်ကြားမှုပြုပါက အရေးယူသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က "ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဆရာ မှတ်ပုံတင်များအား နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၊ တက္ကသိုလ်ကထိကများ၊ လက်ထောက်ကထိကများကို ထုတ်ပေးခြင်းမရှိပါဘူး၊ ကိုယ်ပိုင်ကျောင်းများတွင် သင်ကြားနိုင်သော သင်တန်း ဆရာမှတ်ပုံတင်နှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများတွင် သင်ကြားနိုင်သော သင်တန်းဆရာမှတ်ပုံတင်ဟူ၍ မှတ်ပုံတင်အမျိုးအစားနှစ်ခု ရှိပြီး ကိုယ်ပိုင်ကျောင်းတွင်သင်ကြားနိုင်သော သင်တန်းဆရာမှတ်ပုံတင် ရှိသူက ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများတွင် စာသင်ကြားခွင့်မရှိသလို ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဆရာမှတ်ပုံတင် ရှိသူက ကိုယ်ပိုင်ကျောင်းများတွင် စာသင်ကြားခွင့်မရှိပါဘူး"ဟု ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

"မှတ်ပုံတင်ထားခြင်းမရှိဘဲနဲ့ ကိုယ်ပိုင်ကျောင်း၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများမှာ စာသင်ကြားနေတဲ့ ဆရာ ဆရာမတွေ ရှိနေတယ်ဆိုရင်လည်း သိခဲ့ရရင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေအရသော်လည်းကောင်း၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း လုပ်ထုံးလုပ်နည်းများနှင့် သော်လည်းကောင်း အရေးယူသွားမယ်၊ ဘယ်နေရာတွေမှာ သင်နေတယ်၊ ဘယ်သူတွေ သင်နေတယ် ဆိုတာတော့ ကျွန်တော်တို့မသိဘူး၊ စစ်ဆေးမှာပါ၊ ပြည်သူများအနေဖြင့် တိုင်ကြားမှုတော့ မရှိသေးပါဘူး၊ ပြည်သူတစ်ဦးတစ်ယောက်အနေဖြင့် တိုင်ကြားလို့ရပါတယ်၊ တိုင်ကြားလိုက်တာနဲ့ မြို့နယ်ပညာရေးမှူးရုံးကိုပဲတိုင်တိုင်၊ ခရိုင်ကိုပဲတိုင်တိုင်၊ တိုင်းပညာကိုပဲတိုင်တိုင် အဆင့်ဆင့် ဆက်လက်တင်ပြသွားမှာပါ" ဟု ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

လက်ရှိတွင် မကွေးတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်ကျောင်းများအနေဖြင့် မူလတန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်း ကျောင်း ၁၅ ကျောင်းနှင့် အထက်တန်းအဆင့်သာသင်သည့်ကျောင်း ၃၁ ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၅၀ ရှိပြီး ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ကျောင်းများအနေဖြင့် ယမန်နှစ်က ၈၁၈ ကျောင်း ရှိခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ စာရင်းမှတ်တမ်းအရ သိရသည်။

**ကျော်ဇေယျ**

## မြစ်သားမြို့နယ် ကင်းတားတမံအတွင်း ငါးကောင်ရေတစ်သိန်း မျိုးစိုက်ထည့်

**မြစ်သား ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကင်းတားတမံအတွင်း ငါးမျိုးစိပ်စိုက်ထည့်ပွဲကို ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇူလိုင် ၁၃ ရက်က ပြုလုပ်ခဲ့ပြီး ငါးမြစ်ချင်း ကောင်ရေတစ်သိန်းကို တမံအတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးမင်းအောင်၊ ဒေါ်သင်းမြမြသင်း၊ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူးဦးထွန်းမင်းဇော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဇေယျာမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း ကောင်ရေတစ်သိန်းကို ကင်းတားတမံအတွင်းသို့ မျိုးစိုက်ထည့်လွှတ်ပေးခဲ့ကြသည်။ "ဒီလို ငါးမျိုးစိုက်ထည့်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်ဒေသတွေမှာ ငါးသယံဇာတများ ပေါ်များစေရေးနဲ့ ငါးမျိုးမပြုန်းတီးစေရေးတို့အတွက်ပဲ ဖြစ်ပါတယ်"ဟု ကူမဲမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးစောအောင်ကို လတ်က ပြောကြားသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ပဲခူး၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၁၄**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်အရ ပဲခူးခရိုင်တရားရုံးနှင့် ပဲခူးမြို့နယ်တရားရုံးတို့တွင် မှုခင်း စီမံခန့်ခွဲမှုအစီအစဉ်ကို ဩဂုတ် ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် နှစ်ရက်ကြာ အခြေခံသင်တန်းကို ဇူလိုင် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြား ရေးမှူးများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများနှင့် မြို့နယ်တရား သူကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ ၆၉ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

## ရာသီဥတုကြောင့် မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုကျဆင်း

**မောင်တော ဇူလိုင် ၁၄**



မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ပြုလုပ်ရာတွင် ရာသီဥတုအနေအထားနှင့် ဒေသတွင်း ပုစွန်ထွက်ရှိမှုနှုန်း နည်းပါးနေခြင်းတို့ကြောင့် လက်ရှိအချိန်တွင် ကုန်သွယ်မှုပမာဏ ကျဆင်းနေကြောင်း မောင်တော နယ်စပ်ကုန်သည်ကြီးများအသင်းမှ သိရသည်။

"အခုလက်ရှိ မောင်တောနဲ့ ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုမှာ သွင်းကုန်ရော၊ ပို့ကုန်ရော ကုန်သွယ်မှုပမာဏ ကျဆင်းနေပါတယ်။ ရာသီဥတုအနေအထားကြောင့်လို့ ပြောလို့ရပါတယ်။ မိုးရာသီဖြစ်တာနဲ့အညီ ပင်လယ်ပြင်မှာ မုတ်သုံလေအားကောင်းတဲ့အတွက်ကြောင့် စက်လှေတွေ မထွက်ရဲကြဘူး။ အခုနှစ်မှာ ပုံမှန်တင်ပို့နေတဲ့ ပုစွန်တွေကလည်း လှိုင်လှိုင်မပေါ်တော့ဘူး။ ပုစွန်မွေးမြူတဲ့သူတွေမရှိတော့တဲ့အတွက်ရယ်၊ ကုန်စည်စီးဆင်းလာတဲ့လမ်းကြောင်း အဆင်မပြေတာရယ်ကြောင့် ပို့ကုန်ကျဆင်းနေခြင်းဖြစ်ပါတယ်"ဟု မောင်တော နယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများအပြင် ဆန်၊ ဝါး၊ ဟင်းခတ်အမွှေးကြိုင်၊ မီးဖိုချောင်သုံး ပစ္စည်းများ တင်ပို့ပြီး သွင်းကုန်အနေဖြင့် ဘင်္ဂလားဒေ့ရှ်မှ မောင်တောသို့ ဒန်အိုးဒန်ခွက်နှင့် အဝတ်အထည်များ အဓိက တင်ပို့လျက်ရှိသည်။

"ကျွန်တော်တို့ဆီမှာက ဆိပ်ကမ်းကြီးကြီးမားမား မရှိတာရယ်၊ ကုန်ပစ္စည်းတွေကို ဂိုဒေါင်တွေတည်ဆောက်ပြီး မသိုလှောင်နိုင်တာကြောင့် ရာသီအလိုက်မှာတဲ့ ကုန်ပစ္စည်းတွေ တင်ပို့ပြီးရင် အလုပ်ကရပ်သွားပြီ၊ နောက်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်က မမှာတော့ဘူးဆိုရင် ကုန်သည်တွေက ပြည်တွင်းဘက်ကကုန်ပစ္စည်းတွေ ထပ်မတင်တော့ဘူး၊ ဟိုဘက်ကဝယ်လိုအားရှိမှ မှာတဲ့စနစ် ဖြစ်နေတယ်၊ ကုန်သည်တွေအနေနဲ့လည်း ရနိုင်တဲ့ ဈေးကွက်ကို ထိန်းထားနိုင်ဖို့ မကြိုးစားကြဘူး၊ ဂိုဒေါင်ကြီးကြီးမားမား တည်ဆောက်ပြီး မသိုလှောင် နိုင်ကြဘူး၊ အဲ့ဒါကြောင့် ကညင်ချောင်းစီးပွားရေးဇုန် အောင်မြင်ဖို့လိုနေပါတယ်"ဟု ပြောသည်။

၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ငါးသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ တစ်သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ခြောက်သန်း သတ်မှတ်လျာထားရာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၂၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် ဧပြီလမှ စက်တင်ဘာလအထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၅ သန်း သတ်မှတ်လျာထားရာ ဧပြီလမှ ဇူလိုင်လ ပထမပတ်အထိ ကုန်သွယ်မှုပမာဏ ပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄၆ သန်း ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရားဝင်ကုန်သွယ်မှုပြုလုပ်ရာတွင် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှ ကုန်သွယ်မှုပြုလုပ်နေကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

## ကမ္ဘာ့ဖလားဗိုလ်လုပွဲကို My Ooredoo မှတစ်ဆင့် အင်တာနက်သုံးခမကုန်ဘဲ ကြည့်နိုင်မည်

**ရန်ကုန် ဇူလိုင် ၁၄**

ဇူလိုင် ၁၅ ရက်(ယနေ့)ညတွင် ကျင်းပမည့် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်ကို အူရီဒူးဆင်းကတ်နှင့် အူရီဒူးမြန်မာ၏ My Ooredoo အက်ပလီကေးရှင်းတို့ဖြင့် တိုက်ရိုက်ကြည့်ရှုသူများထဲမှ ပထမဆုံး ဝင်ရောက်ကြည့်ရှုသူ အယောက်တစ်သိန်းသည် အင်တာနက်သုံးခကိုပါ ပေးဆောင်ရန်မလိုဘဲ အခမဲ့ ကြည့်ရှုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ၎င်းတို့၏ဆင်းကတ်ကို သုံးစွဲသူများ ကမ္ဘာ့ဖလားဘောလုံးပွဲများကို ဖုန်းမှတစ်ဆင့် တိုက်ရိုက်ကြည့်နိုင်ရန်အတွက် တိုက်ရိုက်ထုတ်လွှင့်ခွင့်ရထားသည့် Sky Net နှင့် ပူးပေါင်း၍ My Ooredoo အက်ပလီကေးရှင်းမှ တစ်ဆင့် ကမ္ဘာ့ဖလား ပွဲစဉ်တိုင်းကို တိုက်ရိုက်ကြည့်နိုင်သည့် ဝန်ဆောင်မှုကို မြန်မာနိုင်ငံ၏ ပထမဆုံးအနေဖြင့် ဆောင်ရွက်ခဲ့ရာ ထိုအစီအစဉ်အရ အူရီဒူးဆင်းကတ်သုံးသူများသည် ဘောလုံးပွဲများကို မည်သည့်ဝန်ဆောင်ခမှ ထပ်ပေးရန်မလိုဘဲ ကြည့်နိုင်ကြပြီး ဘောလုံးပွဲကြည့်သည့်အတွက် အင်တာနက်သုံးခကိုသာ ပေးဆောင်ခဲ့ရသည်။

ယခု ကမ္ဘာ့ဖလား ဗိုလ်လုပွဲတွင်မူ My Ooredoo အက်ပလီကေးရှင်းမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုမည့်သူများထဲမှ ပထမဆုံးဝင်ကြည့်သူအယောက်တစ်သိန်း အနေဖြင့် အင်တာနက်သုံးခပါပေးရန်မလိုဘဲကြည့်နိုင်မည်ဖြစ်သည်။ ထိုပွဲကို အင်တာနက်သုံးခအခမဲ့ဖြင့် ကြည့်နိုင်ရန်အတွက် ဇူလိုင် ၁၅ ရက် ည ၉ နာရီမှ စတင်ပြီး My Ooredoo အက်ပလီကေးရှင်းသို့ ဝင်ရောက်ကြည့်ရှုကြရမည်ဖြစ်ကာ တစ်နိုင်ငံလုံးရှိ ဝင်ကြည့်သူများထဲမှပထမဆုံးဝင်ကြည့်သည့်လူတစ်သိန်းသည် အင်တာနက်သုံးခ ပေးရန်မလိုဘဲ ဘောလုံးပွဲကို တိုက်ရိုက် အခမဲ့ ကြည့်ခွင့်ရမည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Vikram Sinha က "ကမ္ဘာတစ်ဝန်းက ဒေသတော်တော်များများမှာ ကမ္ဘာ့ဖလား ၂၀၁၈ ဘောလုံးပွဲကို မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုခွင့်ရရှိဖို့ တရားဝင် ထုတ်လွှင့်ပြသခွင့် မရရှိကြသေးပါဘူး၊ တိုက်ရိုက်ထုတ်လွှင့်ပြသခွင့်ရရှိတဲ့ ဒေသတွေမှာလည်း စာရင်းသွင်းရယူခက တော်တော်များပါတယ်။ အူရီဒူးက ဝန်ဆောင်မှုအသုံးပြုသူတွေကို ကမ္ဘာတစ်ဝန်းက လူအများ စိတ်ဝင်တစားကြည့်ရှုနေတဲ့ ဘောလုံးပွဲကြီးကို နှစ်နှစ်ခြိုက်ခြိုက်ကြည့်ရှုအားပေးခွင့်ရဖို့ ချိတ်ဆက်ပေးလိုပါတယ်။ အခုဆိုရင် အူရီဒူးဝန်ဆောင်မှု အသုံးပြု သူတွေဟာ ကမ္ဘာ့ဖလား ၂၀၁၈ရဲ့နောက်ဆုံးဗိုလ်လုပွဲကြီးကို My Ooredoo အက်ပလီကေးရှင်းကနေ စာရင်းသွင်းခပေးစရာမလို၊ ဒေတာအသုံးပြုခ ပေးစရာမလိုဘဲ တိုက်ရိုက်ကြည့်ရှုခွင့်ရပြီဖြစ်ပါတယ်"ဟု ပြောကြားသည်။

အူရီဒူးမြန်မာ၏ My Ooredoo အက်ပလီကေးရှင်းကို *565# သို့ ဖုန်းခေါ်ဆို၍ အန်းဒရွိုက်အတွက်ဖြစ်စေ၊ iOS အတွက်ဖြစ်စေ ဒေါင်းလုပ်ရယူနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကျောင်းသားကျောင်းသူများ၏ ပညာရေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)(NUAC) ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ်မြောက် ပညာရေးဂီတဖျော်ဖြေပွဲ (NUAC Orchestra Music Showcase)ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇူလိုင် ၁၃ ရက် ညက ကျင်းပခဲ့သည်။

"ကျောင်းတက်နေတဲ့ကလေးတွေက ကျောင်းမပြီးခင် အဆင့်မြင့်ဖျော်ဖြေပွဲတွေကို ဖျော်ဖြေတင်ဆက်နိုင်ဖို့နဲ့ နာမည်ကြီးအနုပညာရှင်တွေနဲ့ တွဲဖက်ပြီးတော့ စင်မြင့်ပေါ်ကနေ ပရိသတ်ကိုဖျော်ဖြေနိုင်လောက်တဲ့ အဆင့်အထိရောက်အောင် ဖြစ်စေချင်လို့ပါ။ နောက်တစ်ခုက ဂီတဆိုတာ ဖျော်ဖြေရေးတစ်ခုတည်းအတွက် မဟုတ်ဘဲ ပညာရေးနဲ့ ဖျော်ဖြေရေးပေါင်းပြီး ပညာရေး ဂီတဖျော်ဖြေမှုကို လူငယ်အများ စိတ်ဝင်တစားရှိလာနိုင်စေဖို့အတွက်လည်း ခုလိုလုပ်ဖြစ်တာပါ"ဟု ပညာရေး ဂီတဖျော်ဖြေပွဲ စီစဉ်သူ XENON Entertainment မှ ကိုမျိုးမင်းဦးက ပြောကြားသည်။

ပထမအကြိမ် စတင်ကျင်းပစဉ်က မတူညီသော ဂီတအမျိုးအစားများကို ပုံသဏ္ဌာန်မျိုးစုံဖြင့် ကျင်းပခဲ့ပြီး



ဒုတိယမြောက်နှစ်တွင် ရုပ်ရှင်သီချင်းများကို တင်ဆက်ဖျော်ဖြေခဲ့ရာ ယခု တတိယမြောက်နှစ်တွင် မြန်မာပြည်၏ ပထမဦးဆုံး ဂီတဇာတ်မြူးကို 'သီချင်းများရဲ့အချစ်သံစဉ်' ဟူသောအမည်ဖြင့် ပထမပိုင်းတွင် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဒုတိယပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်နှင့် ကျောင်းသီချင်းများကို ဖျော်ဖြေတင်ဆက်ခဲ့သည်။ အဆိုပါ ဂီတဖျော်ဖြေပွဲကို ဂီတပညာရှင် ဓိရာမိုရ်က သံစဉ်ဒါရိုက်တာအဖြစ် ဦးဆောင်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက အဓိက ဖျော်ဖြေတင်ဆက်ကာ ပြင်ပမှပညာရှင်များပါ ဝိုင်းဝန်းအားဖြည့် တီးခတ်ခဲ့သည်။ ထို့ပြင် အာဇာနည်၊ အောင်ထက်၊ ဒီဂျေဝိုင်း၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ် စသော နိုင်ငံကျော် အနုပညာရှင်များက ဝိုင်းဝန်းဖျော်ဖြေခဲ့ကြသည်။ အဆိုပါဂီတဖျော်ဖြေပွဲကြီးကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် XENON Entertainment တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများရှိ တရားရေးမိသားစုများ၏ အဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ကျင်းပသည်။

ရွှေဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုးနှင့် ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူတည်ဆောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီးက ဦးစီးပဓာနနာယကဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တရားလွှတ်တော် တရားသူကြီးများနှင့် တရားရေးမိသားစုများက ဆရာတော်၊ သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာ တရားမြတ် နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**

# မိုးညှင်းခရိုင်အတွင်း လိုင်စင်မဲ့ယာဉ်များနှင့် လုပ်ငန်းလိုင်စင်မရှိသောယာဉ်များကို ဖမ်းဆီးအရေးယူသွားမည်

**မိုးညှင်း ဇူလိုင် ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသည့် ခရီးသည်နှင့် ကုန်စည်တင်ယာဉ်များအနက် လိုင်စင်မဲ့ယာဉ်များနှင့် လုပ်ငန်းလိုင်စင်မရှိသော မော်တော်ယာဉ်များကို ဇူလိုင် ၁၆ ရက်မှစ၍ ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၃ ရက်ကပြုလုပ်သည့် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရသိရသည်။

ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အရ မိုးညှင်းခရိုင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသည် ရှောင်တခင်စစ်ဆေးမည့်အဖွဲ့နှင့် အထိုင်အဖွဲ့များ ဖွဲ့စည်း၍ ဇူလိုင် ၁၅ ရက်အထိကို ပညာပေးကာလအဖြစ်သတ်မှတ်ကာ ပညာပေးမှုများ ဆောင်ရွက်မည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူသွားမည်ဟု သိရသည်။

မိုးညှင်းခရိုင်တွင် မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်စသည့် မြို့နယ်များပါဝင်ပြီး မိုးညှင်းမြို့နယ်သည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်ခြားမြို့ဖြစ်ခြင်း၊ ကချင်ပြည်နယ်၏အထင်ကရ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်မြို့နယ်သို့သွားရာတွင်လည်း အချက်အချာမြို့ဖြစ်ခြင်းကြောင့် ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ နေ့စဉ် အများအပြား ဖြတ်သန်းသွားလာနေကြသည်။

မိုးညှင်းမြို့အတွင်း တရားဝင်မှတ်ပုံတင်ပြေးဆွဲနေသော ယာဉ်လိုင်း သုံးလိုင်း အပါအဝင် မိုးညှင်းခရိုင်အတွင်း ဖြတ်သန်းပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၄၀ ကျော် ရှိကြောင်း ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ စာရင်းဇယားများအရ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော်ကားလမ်း ၉၈ မိုင်ကို ပြုပြင်လျက်ရှိ

**ကလော ဇူလိုင် ၁၄**

အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော် ကားလမ်းသည် မိုင်အားဖြင့် အောင်ပန်းမှ လွိုင်ကော်အထိ ၉၈ မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကလော၊ နောင်တရားနှင့် ပင်လောင်းမြို့နယ် လမ်းဦးစီးဌာနများနှင့် လမ်းအထူးအဖွဲ့ ၁၃ တို့က ဒေသအပိုင်းအခြားအလိုက် တာဝန်ယူ၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် ကလောမြို့နယ် လမ်းဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ၄င်းတာဝန်ယူရသည့် မိုင်တိုင်အမှတ်(၀/၀) မှ (၁၅/၀)အထိ အရှည် ၁၅ မိုင်တွင် လမ်းအကျယ် ၁၈ ပေချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို အပြီးတိုင်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။



အောင်ပန်း-ပင်လောင်း-မိုးဖြဲ-လွိုင်ကော် ကားလမ်းကို နန့်အွန်ရွာအနီး၌ တွေ့ရစဉ်။

ကလောလမ်းဦးစီးဌာန၏ လမ်းပိုင်းတွင် ပါဝင်သော ပေ ၁၆၀ ရှိ ဘီလူးချောင်းတံတား(တီကျစ်)နှင့် အလျား ပေ ၁၀၀ ရှိ နန့်အွန်တံတားတို့ကိုလည်း တံတားအထူးအဖွဲ့(၃)နှင့် တံတားအထူးအဖွဲ့(၁၂)တို့က ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တည်ဆောက်ပေးခဲ့သည်။

၄င်းအပြင် ကလောမြို့နယ်လမ်းဦးစီးဌာနသည် ၄င်းတာဝန်ယူရသည့် လမ်းပိုင်း မိုင်တိုင်အမှတ် (၆/၀)မှ (၁၀/၀) အကြားရှိ တောင်ပြိုနိုင်သည့်နေရာများတွင် ကျောက်စီရေမြောင်းနှင့် မြေထိန်းနံရံများ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# ကျောက်ထုမြို့တွင် ဝက်များသေဆုံး၍ ဝက်သားရောင်းချခွင့် ယာယီရပ်ဆိုင်းထား

**ကျောက်ထု ဇူလိုင် ၁၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့တွင် ဝက်လိုင်စင်စီရရှိထားသည့် ဦးမျိုးသီဟချစ်ထံမှ ဝက်များအနက် ဇူလိုင် ၉ ရက် နှင့် ၁၀ ရက်တို့တွင် ဝက် ၁၉ ကောင် သေဆုံးခဲ့သဖြင့် သက်ဆိုင်ရာများက သွားရောက်စစ်ဆေးကာ ကျင်းတူးမြေမြှုပ်ခြင်း၊ ဝက်ခြံများ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည့်အပြင် အဆိုပါဝက်များ သေဆုံးခြင်းမှာ ရောဂါတစ်မျိုးကြောင့်ဟု ယူဆသဖြင့် ဝက်သားရောင်းချခွင့်ကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

သေဆုံးခဲ့သောဝက်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် ကိစ္စများကို တာဝန်ရှိသူများက ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဇူလိုင် ၁၁ ရက်က ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကိုကိုအောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ခံ ဦးဇွေခွီရှိန်း၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးကြပြီး အဆိုပါ ဝက်လိုင်စင်စီကို ဝက်သားရောင်းချခွင့် ယာယီရပ်ဆိုင်းရန်နှင့် ကျန်ရှိသည့်ဝက်များကို ဆေးကုသပေးရန်၊ ဝက်ခြံသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ သွေးနမူနာများစစ်ဆေး၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရသည်။

ယခုအခါတွင် အဆိုပါဝက်များမှာ ဆက်လက်သေဆုံးခြင်း မရှိတော့ကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် တာဝန်ရှိသူများကလည်း တိရစ္ဆာန်ရောင်းဝယ်မှုနှင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မြို့အဝင်၊ မြို့အထွက်နေရာများ၌ ကွင်းဆင်းစစ်ဆေးခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

# စားသုံးရန်မသင့်သည့် စားသောက်ကုန်အမျိုး ၄၀ ကို ဖျာပုံမြို့တွင် ကြေညာအသိပေးနေ

**ဖျာပုံ ဇူလိုင် ၁၄**

ခွင့်မပြုဆိုးဆေးများ အသုံးပြုခြင်းနှင့် အမှတ်တံဆိပ်မပါရှိခြင်းတို့ကြောင့် စားသုံးရန်မသင့်သည့် မုန့်များ၊ အချိုရည်များ၊ သကြားလုံး၊ ဂျယ်လီစသော စားသောက်ကုန်ပစ္စည်း အမျိုး ၄၀ ကို ပြည်သူများသိရှိစေရန် ဗီနိုင်းများကပ်၍ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ထုတ်ပြန်ကြေညာ အသိပေးနေကြောင်း ဇူလိုင် ၁၂ ရက်က ကျင်းပသော ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အကြိမ်(၂၀)မြောက်လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က ခရိုင်အဖွဲ့အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်အမျိုး ၄၀ ကို ပြည်သူများသိရှိစေရန်အတွက် ဖျာပုံမြို့နယ်တွင် စာသင်ကျောင်း ၆၇ ကျောင်း၊ ဘိုကလေးမြို့နယ်တွင် စာသင်ကျောင်း ၅၅ ကျောင်း၊ ကျိုက်လတ်မြို့နယ်တွင် စာသင်ကျောင်း ၁၂၀၊ ဒေးဒရဲမြို့နယ်တွင် စာသင်ကျောင်း ၄၇ ကျောင်း စုစုပေါင်း ၂၈၆ ကျောင်းရှိ မုန့်ဈေးတန်းများနှင့် ကျောင်းဝင်းများအတွင်း၌ ဗီနိုင်းများဖြင့် ထုတ်ပြန်ကြေညာ အသိပေးထားကြောင်း ပြောကြားသည်။

ထို့အပြင် စားသုံးသူများ နစ်နာမှုရှိလာပါက အလွယ်တကူ တိုင်ကြားနိုင်ရန်အတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ခရိုင်ရုံးများဖြစ်သော ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်ရုံးများ၏ ဖုန်းနံပါတ်များကိုလည်း လူစည်ကားရာနေရာဖြစ်သော ဖျာပုံမြို့မဈေးကြီးအတွင်း၌ ဆိုင်းဘုတ်စိုက်ထူပြီး ပြည်သူများအား အသိပေးထားကြောင်း ဆက်လက်ပြောကြားသည်။ ဈေးရုံ ဈေးတန်းများတွင်ရှိသော အစားအသောက်များ၊ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ တိုင်းရင်းဆေးဝါးများ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များကိုလည်း အစားအသောက်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ရှောင်တခင် ဝင်ရောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# တောင်ငူတွင် အခြေခံပညာ ကျောင်းသားကျောင်းသူများအား နွားနို့နှင့် ကြက်ဥများတိုက်ကျွေး

**တောင်ငူ ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီးတောင်ငူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေး လုပ်ငန်းရှင်များ ပူးပေါင်း၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို အာဟာရ နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်းကို ဇူလိုင် ၁၃ရက်က တောင်ငူမြို့ မြို့မ အလက(ခွဲ) အခြေခံပညာကျောင်း၌ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က လူငယ်များ ဉာဏ်ရည်မြင့်မား တိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် ရည်ရွယ်ပြီး အခြေခံပညာကျောင်းများတွင် အာဟာရ နွားနို့တိုက်ကျွေးခြင်းကို နိုင်ငံတော်စီမံကိန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူ ၁၂၄၂ ဦးကို နွားနို့၊ ကြက်ဥနှင့် ပေါင်မုန့်များ ကျွေးမွေးခဲ့သည်။

**သူရ(တောင်ငူ)**

# ပင်လယ်ဒီရေ ဝင်ရောက်မှုကြောင့် တမံကျိုးပေါက်မှုဖြစ်ပွား

**ရေး ဇူလိုင် ၁၄**

ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာ အော်ကြီးချောင်းအနီး တောင်သူဦးအောင်မြင့်၏ လယ်ဘေးရှိ ရေငံတားတမံအတွင်းသို့ ပင်လယ်ဒီရေများသည် ယနေ့မွန်းလွဲပိုင်းက လယ်မြေများအတွင်း ဝင်ရောက်မှုဖြစ်ပွားခဲ့ရာ လယ်ပိုင်ရှင်ဦးအောင်မြင့်၏ ယင်းအစီအစဉ်ဖြင့် ပြုလုပ်ထားသော ရေငံတားတမံသည် ရေတိုက်စားမှုကြောင့် အောက်ခြေအကျယ် ၅ ပေ၊ အပေါ်ထိပ်အကျယ် ၃ ပေ၊ အမြင့် ၄ ပေရှိ တမံပေ ၃၀ ခန့် ပျက်စီးခဲ့ပြီး အဆိုပါပျက်စီးသွားသော တားတမံကို ကျေးရွာပြည်သူများက ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**






## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မယဉ်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးစိုးတင့် ၉/ပဥလ(နိုင်)၀၀၅၃၈၇ ဖြစ်ပါသည်။ **ဦးစိုးတင့်**

## မိဘအမည်မှန်

တကောင်းမြို့၊ မြို့မ(အလက)၊ သတ္တမတန်းမှ မတိုးသီရိစံနှင့်KGမှ မတိုးရတီစံတို့၏မိဘအမည်မှန်မှာ ဦးတိုးလွင် ၉/တကတ(နိုင်)၀၀၂၁၁၅နှင့် ဒေါ်ကြင်မာဌေး၅/ဝလန(နိုင်)၁၁၇၂၁၆ ဖြစ်ပါသည်။
**ဦးတိုးလွင်-ဒေါ်ကြင်မာဌေး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ထွန်းဦး၏ ဖခင်အမည်မှန်မှာ ဦးမြဝင်းကြိုင် ၉/ပဥလ(နိုင်)၀၀၂၆၁၁ ဖြစ်ပါသည်။
**ဦးမြဝင်းကြိုင်**

## ဖခင်အမည်မှန်

သပိတ်ကျင်းမြို့နယ်၊ ဒေါင်းပုန်း(အလက)အဋ္ဌမတန်းမှ မောင်ကောင်းချစ်ဖိုလ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင် ၉/သပက(နိုင်)၀၄၀၃၂၇ ဖြစ်ပါသည်။ **ဦးမျိုးလွင်**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ပွေးတောင်(အလက)၊ အဋ္ဌမတန်းမှ မမြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမြဝင်း ၉/မမန(နိုင်)၀၂၈၃၇၀ဖြစ်ပါသည်။
**ဦးမြဝင်း**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ သာစည်အလက(ခွဲ)မှ မောင်မင်းခန့်သူ(ဆဋ္ဌမတန်း)၊ မအိမ့်ခန့်(KG)တို့၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးစန်း ၇/အတန(နိုင်)၁၂၀၆၅၅ ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးစန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့နယ်၊ နွယ်ရစ်အုပ်စု၊ ဇရပ်ကြီးကုန်းရွာနေ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မသင်းသဇင်မိုး၏ဖခင် ဦးတင်ဇော် (ခ) ဦးတင်ဇော်မိုး ၉/တကန(နိုင်)၀၈၅၈၆၆ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်နှင့်ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက ၃၊ တက္ကသိုလ်ဝင်တန်း(D)မှ မဖူးပွင့်ဝေ၏ အမည်မှန်မှာ မမြတ်မွန်သင်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၇/ပခန(နိုင်)၁၁၉၉၂၉ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မချိုဝေလွင်၏ဖခင် စောမောင်စိုး ၃/လဘန(နိုင်)၀၃၁၀၈၉နှင့် ဦးတင်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအထက (၄) မင်္ဂလာဒုံ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ကောင်းဆက်မိုး၏ဖခင်အမည်မှန်မှာ ဦးသန်းထွေး ၁၂/လကန(နိုင်)၀၄၄၂၆၆ ဖြစ်ပါကြောင်း။
**ဦးသန်းထွေး**

## ဖခင်အမည်မှန်

လှိုင်းဘွဲ့မြို့နယ်၊ အထက(ခွဲ)၊ ကော့လာ နဝမတန်းမှ နန်းနော်မုမု၏ ဖခင်အမည်မှန်မှာ စောဆပလုံး ဖြစ်ပါကြောင်း။
**စောဆပလုံး**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက (၂) မရမ်းကုန်း နဝမတန်း (C)မှ နော်ဘလယ်ဇင်မိုး၏ဖခင်အမည်မှန်မှာ ဦးအောင်စိုးမိုး ၁၀/ဘလန(နိုင်)၀၆၆၄၂၄ ဖြစ်ပါကြောင်း။ **ဦးအောင်စိုးမိုး**

## အမည်မှန်

မောင်တောမြို့နယ်၊ (၄)မိုင်ရပ်ကွက် သာယာကုန်းကျေးရွာနေ ဦးသာလှဖြူ၏သား မောင်ရွှေသိန်း ၁၁/မတန(နိုင်)၀၂၆၈၄၉၏အမည်မှန်မှာ အောင်ရွှေသိန်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်/ဒဂုံ အထက (၅)မှ တက္ကသိုလ်ဝင်တန်းအောင် (ဆဒတ-၇၄၀) မိစိမ့်ဝေနန္ဒာ၏ မိခင်အမည်မှန်မှာ ဒေါ်ကေသီမွန် ၁၀/ရမန(နိုင်)၀၅၅၅၀၇ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အမက(၁)၊ မြောက်ဒဂုံမြို့နယ်၊ ဒုတိယတန်းမှ မရေဇက္ကာမိုး၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးကျော် ၇/ဖမန(နိုင်)၁၅၁၉၈၉ဖြစ်ပါကြောင်း။
**ဦးနေမျိုးကျော်**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စဉ့်ကူးမြို့နယ်၊ ရေတော်-အထက(ခွဲ)၊ ဆဋ္ဌမတန်းမှ (ဘ) ဦးကျော်ဆန်းလင်း၉/ စကန(နိုင်)၀၅၇၇၄၂၏ သမီး မအိမ့်ချမ်းမြေ့ဦး၏ အမည်မှန်မှာ မအိဖူးပွင့်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၂၀၀၇ ဖြစ်ပါသည်။ **မအိဖူးပွင့်**

## အမည်ပြောင်း

ဦးစိုးလွင် ၁၂/မရက(နိုင်)၀၁၄၅၃၈နှင့် ဒေါ်လဲ့လဲ့သန်း ၁၄/ဝခမ(နိုင်)၀၁၄၉၀၇ တို့၏ သမီး နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် အထက(၆) အဋ္ဌမတန်း(က)မှ မသက်ထားရွှေရည်အား မပန်းသဇင် ၁၂/သဃက(နိုင်)၁၉၉၀၇၇ ဟုပြောင်းလဲခေါ်ပါရန်။ **မပန်းသဇင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ပဲခူးလမ်းရှိ မြေကွက်အမှတ် ၂(က)ဈေးရပ်၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ဒသမ ၀၇၇)ဧကရှိ အရှေ့ဘက်တွင် မီးရထားမြေ၊ အနောက်ဘက်တွင် ရန်ကုန်-မန္တလေးကားလမ်း၊ တောင်ဘက်တွင် ဒေါ်တင်လှ၊ မြောက်ဘက်တွင် ဦးလှမောင်၊ အလားလေးရပ်အတွင်းရှိ မြေအား ကမ္ဘောဇဘဏ်လီမိတက်မှ စက်မှု/စီးပွား သက်တမ်းတွင်း အမည်ပြောင်းမြေငှားဂရန်ရရှိရန် မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး သတင်းစာတွင် စတင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အုတ်တွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ကမ္ဘောဇဘဏ်လီမိတက်သို့ စက်မှု/စီးပွားသက်တမ်းတွင်းအမည်ပြောင်း မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အုတ်တွင်းမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒေပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၁၃၀**

ဒေါ်နွဲ့နွဲ့လွင် **နှင့်** ၁။ ဦးမောင်ညိုသိန်း
၂။ ဦးထွန်းမြင့်
၃။ ဦးခင်သန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စိမ်းကိန်း(၁၄)ရပ်ကွက်၊ မြင်သာ(၆) လမ်း၊ အမှတ်(၇၅၄)နေ (၂)တရားပြိုင် ဦးထွန်းမြင့် (ပွင့်ဦးစံအပ်ချုပ်ဆိုင်)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၅/၂၀၁၆ တွင် ၁၉-၉-၂၀၁၆ရက်စွဲပါ ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း အချင်းဖြစ်မြေကွက်နှင့် နေအိမ်တို့အား တရားလိုသည် လက်ရှိထားပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဩဂုတ် ၇ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
**(သိန်းထိုက်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## မြေရောင်းမည်

ဒဂုံမြို့သစ်၊ ၄၀'x၆၀'
၇၉ သိန်း၊ ပွဲစားမလိုပါ။
ဖုန်း-၀၉-၈၉၈၁၅၂၂၉၃

## ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ်၊ နောင်ရိုးကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုနှင်းဝတ်ရည်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ၁၂/ကမရ(နိုင်)၀၁၀၄၇၆ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပျဉ်းမနားမြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၅**

ဒေါ်သီတာစိုး **နှင့်** ဒေါ်အေးအေးခိုင်
**တရားလို** **တရားပြိုင်**

ပျဉ်းမနားမြို့နယ်၊ တောင်သာအုပ်စု၊ ကျော်ညီနောင်ရပ်ကွက်၊ အမှတ်(၅/၁၄၄)နေ ဒေါ်အေးအေးခိုင် (ဘ)ဦးသိန်းငွေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

